# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်　　၂၀၁၅ ခုနှစ်၊ မေ ၁ ရက်၊ သောကြာနေ့၊　　အတွဲ [၅၄]၊ အမှတ် [၂၀၈]


**သုဘာသိတာ ၈ ယာ ဝါစာ မင်္ဂလာ**

မှန်ကန်၍ အကျိုးရှိသော စကားကို ချိုသာစွာ ပြောဆိုခြင်းသည် ကောင်းမြတ်သော မင်္ဂလာ မည်၏။

# တည်ငြိမ်အေးချမ်းသော လုပ်ငန်းခွင်ဖြစ်တည်ရေး ရည်မှန်းချက်များ ချမှတ်လျက်ရှိ

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သော ၂၀၁၅ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ကျရောက်သည့် အလုပ်သမားနေ့အခမ်းအနား သဝဏ်လွှာ**

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

၂၀၁၅ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ကျရောက်သော ကမ္ဘာတစ်ဝန်းလုံးရှိ အလုပ်သမားကြီးများအတွက် အလေးအနက် ဂုဏ်ပြုသတ်မှတ်ထားရှိသည့် ကမ္ဘာ့အလုပ်သမားနေ့ အခါသမယတွင် မြန်မာနိုင်ငံအတွက် အရေးပါသော အင်အားစုတစ်ရပ်ဖြစ်သည့် အလုပ်သမားကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂုဏ်ပြုနှုတ်ခွန်းဆက်သအပ်ပါသည်။

နှစ်စဉ် မေလ ၁ ရက်နေ့ကို ကမ္ဘာ့အလုပ်သမားနေ့အဖြစ် သတ်မှတ်ပြီး ကမ္ဘာတစ်ဝန်းလုံးရှိ အလုပ်သမားများကို ဂုဏ်ပြုသည့်အနေဖြင့် အလုပ်သမားနေ့အခမ်းအနားများကို ကျင်းပလျက်ရှိရာ ယနေ့အချိန်အခါသည် မြန်မာနိုင်ငံရှိ အလုပ်သမားထုကြီးတစ်ရပ်လုံးအတွက်လည်း မင်္ဂလာရှိသော နေ့ထူးနေ့မြတ်တစ်ခုပင် ဖြစ်ပါသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❄

## လုပ်သားအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချပြီး ကုန်ထုတ်စွမ်းအား တိုးတက်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို ဦးစားပေးဖော်ဆောင်လျက်ရှိ



ဖန်းမောက်မြို့၏ မြောက်ဘက် ၁၅ မိုင်ခန့်အကွာ ပေ ၃၀၉၀ မြင့်သော ဇလုံတောင်ပေါ်တွင် တည်ထားသည့် ဣန္ဒာသယချမ်းသာကြီးဘုရားကို ဖူးတွေ့ရစဉ်။ ဓာတ်ပုံ-စိုးမိုး(ဖဖရ-မုံရွာ) လှမှုစီးပွားအားကစား စာမျက်နှာ-၃






# ၂၀၁၅ ခုနှစ် အလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။

## အလုပ်သမားများ၏အကျိုးစီးပွားမြှင့်တင်

နိုင်ငံတစ်နိုင်ငံ၏ ကုန်ထုတ်စွမ်းအားများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အလုပ်သမားများ၏ အခန်းကဏ္ဍသည် အရေးကြီးပါသည်။ ဤကမ္ဘာမြေပေါ်ရှိ မြင်မြင်သမျှ ရုပ်ဝတ္ထုအားလုံးတို့သည် အလုပ်သမားများ၏ ကာယစွမ်းအား၊ ဉာဏစွမ်းအားကြောင့် ပေါ်ပေါက်လာရသည်ဆိုလျှင် မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပေ။ တိုးတက်ပြောင်းလဲမှုမှန်သမျှတို့သည် အလုပ်သမားကြီးများ၏ ကြိုးစားအားထုတ်မှုကြောင့် ဆက်စပ်ပေါ်ပေါက်လာခြင်းဖြစ်သည်။ အလုပ်သမားများ၏ကျေးဇူးကား ကြီးမားပေစွ။

ထို့ကြောင့်လည်း မေ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားများနေ့ (**International Workers Day**) အဖြစ် သတ်မှတ်ထားပါသည်။ ထိုနေ့ကို **May Day** နေ့ဟူ၍လည်းကောင်း၊ **Labour Day** ဟူ၍လည်းကောင်း ခေါ်ဆိုကြပါသည်။ မည်သို့ပင်ဖြစ်စေ ဤသတ္တလောကကြီးကို ကောင်းကျိုးများ သယ်ပိုးဆောင်ရွက်နေသော အလုပ်သမားများအား ဂုဏ်ပြုသောနေ့ပင်ဖြစ်ပါသည်။ ဤ **May Day** နေ့သည်ကား အလုပ်သမားများ၏ သမိုင်းကြောင်းနှင့် ယှဉ်တွဲ၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ၁၉ ရာစုခေတ်အစောပိုင်းတွင် အမေရိကန်ပြည်ထောင်စု၌ တစ်နေ့လုပ်ချိန် ရှစ်နာရီသတ်မှတ်ရေး အပါအဝင် အလုပ်သမားများ၏ အခွင့်အရေးနှင့်ပတ်သက်၍ တောင်းဆိုခဲ့ရာမှ ထိုနေ့ကိုအကြောင်းပြု၍ **May Day** နေ့ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ထိုနေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီးတို့ရှိ စက်ရုံ၊ အလုပ်ရုံများ၊ ဌာနဆိုင်ရာရုံးများပိတ်ပြီး အလုပ်သမားများ၏ အားလပ်ရက်အဖြစ် သတ်မှတ်ကာ အလုပ်သမားများအား ဂုဏ်ပြုပွဲများ ပြုလုပ်လေ့ရှိပါသည်။ တစ်နည်းအားဖြင့် အလုပ်သမားများ၏ ကြိုးစားအားထုတ်မှုများကို ဂုဏ်ပြုခြင်းပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အလုပ်သမားများ၏ အခွင့်အရေးကို အလေးထားဆောင်ရွက်နေသည့်နိုင်ငံဖြစ်ပါသည်။ ယခုအခါ အလုပ်သမားများ၏ အခွင့်အလမ်းကို မျှော်မှန်းလျက် အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေး ညှိနှိုင်းကြိုးပမ်းမှုများပြုလုပ်လျက်ရှိပါသည်။ အလုပ်ရှင်၊ အလုပ်သမား ပြဿနာများလျော့နည်းအောင် ဆောင်ရွက်လျက်ရှိသည်။ အလုပ်အကိုင်အခွင့်အလမ်းပြပွဲများ၊ အလုပ်အကိုင်များ ဖန်တီးပေးခြင်းများဆောင်ရွက်လျက်ရှိပါသည်။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် အစိုးရဌာနဆိုင်ရာ ဝန်ထမ်းများသာမက စက်ရုံအလုပ်ရုံအသီးသီးတို့ရှိ အလုပ်သမားများအား ကျန်းမာရေးဝန်ဆောင်မှု အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါသည်။ အလုပ်သမားများအခမဲ့ဆေးကုသခွင့်ရရှိရန်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (**ILO**) နှင့် ပူးပေါင်းကာ အလုပ်သမားများ၏ လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန်အတွက်ပြီးခဲ့သည့် ဇန်နဝါရီ ၁ ရက်မှ မတ် ၃၁ ရက်အထိ လုပ်သားအင်အား စစ်တမ်းကောက်ယူခဲ့ပါသည်။ အနာဂတ်အလုပ်သမားဈေးကွက် ပီပြင်စွာပေါ်ထွန်းလာစေရန် ရည်ရွယ်လျက်ဆောင်ရွက်နေခြင်းပင် ဖြစ်သည်။ အလုပ်သမားမိသားစုများ၏ ကျန်းမာရေး၊ ပညာရေး၊ နေထိုင်ရေး အဆင့်မြင့်မားလာစေရေး အစီအမံများလည်း ဆောင်ရွက်နေကြောင်းသိရပါသည်။ ဤသည်မှာ မြန်မာနိုင်ငံတွင် အလုပ်သမားများ၏ လူမှုဘဝ အဆင့်မြှင့်တင်နိုင်ရေးကြိုးပမ်းဆောင်ရွက်မှုများပင်ဖြစ်ပါသည်။ သို့ပါ၍ အလုပ်သမားများ၏ အကျိုးစီးပွားကို အလေးထားဆောင်ရွက်နေသကဲ့သို့ နိုင်ငံအတွင်း ကုန်ထုတ်စွမ်းအားများတိုးမြှင့်ရန်လည်း ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါသည်။ အလုပ်သမားများ၏ အကျိုးစီးပွားကိုမြှင့်တင်ပေးခြင်းဖြင့် နိုင်ငံတော်သည်လည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း။ ။

## မြန်မာ့လယ်ယာထွက်ကုန်များ နိုင်ငံတကာဈေးကွက်သို့တင်ပို့ရောင်းချနိုင်ရေး တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ တောင်သူပညာပေးစိုက်ကွင်း ပြင်ဆင်ဆောင်ရွက်

**နေပြည်တော် ဧပြီ ၃၀**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မြန်မာ့လယ်ယာထွက်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ စီးပွားဖြစ်တင်ပို့ရောင်းချနိုင်ရေးနှင့် တောင်သူများကို စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးနိုင်ရေးအတွက် တောင်သူပညာပေးထူထောင်ထားရှိသော ဥတ္တရသီရိမြို့နယ် တစ်ဆက်တစ်စပ်တည်း တောင်သူပညာပေး ဧက ၉၀၀ စိုက်ကွင်းသို့ ဧပြီ ၂၉ ရက် နံနက် ၇ နာရီက ကွင်းဆင်းစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးစနစ်ဖြင့် ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံဈေးကွက်သို့တင်ပို့ရန် တောင်သူများ ပါဝင်စိုက်ပျိုးထားသော ကညွတ်သီးနှံစိုက်ခင်းသို့ ရောက်ရှိ၍ ဈေးကွက်၏ လိုအပ်ချက်အရ သိပ္ပံနည်းကျ (GAP) စနစ်ဖြင့် ဓာတုကင်းလွတ် အော်ဂဲနစ် စိုက်ကွင်းများ တိုးချဲ့နိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။



ထို့နောက် ကိုရီးယားနိုင်ငံ ဈေးကွက်သို့ ပထမအသုတ် တန်ချိန် ၅၀၀၊ ပိဿာချိန်(လေးသိန်း)ခန့် တင်ပို့ရန်အတွက် စိုက်ပျိုးထားရှိသော ငရုတ်သီးနှံ စိုက်ခင်းနှင့် တောင်သူပညာပေး ကြံသီးနှံစိုက်ခင်းတို့ကို စစ်ဆေးကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတကာဈေးကွက်သို့ ချိတ်ဆက်တင်ပို့ရောင်းချရန်နှင့် ခေတ်မီအဆင့်မြင့် နာနတ်သီးဖျော်ရည်စက် တည်ဆောက်ပြီး ပြည်တွင်း ပြည်ပ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တင်ပို့ရောင်းချနိုင်ရေး စိုက်ပျိုးထားသော နာနတ်စိုက်ခင်းများ၊ တိုက်ရိုက်ရေ ဖျန်းစနစ်ဖြင့် နာနတ်၊ ကညွတ်သီးနှံ ရောနှော စိုက်ခင်းများနှင့် တောင်သူပညာပေး စိုက်ခင်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## လျောင်းတော်မူမြတ်စွာဘုရားကြီး အုတ်မြစ်စီမင်္ဂလာ ကျင်းပ

**ဖန်းမော် ဧပြီ ၃၀**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် လျောင်းတော်မူ မြတ်စွာဘုရားကြီး တည်ထားကိုးကွယ် ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

လျောင်းတော်မူ မြတ်စွာဘုရားကြီး အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို မေ ၁ ရက် (၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓအခါတော်နေ့) နံနက် ၉ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တ ပညိန္ဒာလင်္ကာရနှင့် သိမ်မဟာစေတီတော်ဂေါပကအဖွဲ့က ဦးစီး၍ အများကောင်းမှုဖြင့် ပေါင်းစု၍ မဟာသိမ်တော်ကြီးဘုရားဝင်းအတွင်း ဆုတောင်းပြည့်ဘုရား တောင်ဘက်၌ တည်ထားကိုးကွယ် ပူဇော်မည်ဖြစ်ကြောင်း သိရသည်။ **ဝါဝါ(ဗန်းမော်)**

## ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**မကွေး ဧပြီ ၃၀**

မကွေးတိုင်းဒေသကြီး၏ ကျက်သရေဆောင် မြသလွန်စေတီတော်တွင် စားသောက်ကုန်ရောင်းချသည့်ဆိုင်များ၌ ကျန်းမာရေးနှင့် ညီညွတ်သည့်သန့်ရှင်းလတ်ဆတ်သော အစားအစာများ ရောင်းချခြင်းဖြင့် ဘုရားဖူးပြည်သူများ ဝမ်းပျက် ဝမ်းလျှောမှု ဖြစ်ပွားမှုမရှိစေရေး ဆောင်ရွက်ချက်အနေဖြင့် ကျန်းမာရေး အသိပညာပေးခြင်း၊ စားသောက်ကုန်စစ်ဆေးခြင်းလုပ်ငန်းများကို ဧပြီ၂၉ ရက် နံနက် ၉ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေး တာဝန်ရှိ စုပေါင်းစစ်ဆေးရေးအဖွဲ့များက ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မကွေးမြို့နယ်အတွင်း စားသောက်ကုန် လုပ်ငန်းရှင်များအနေဖြင့် ပူပြင်းသောနွေကာလနှင့် သင့်တော်စွာ ချိန်ဆချက်ပြုတ်ရောင်းချရန် တာဝန်ကိုယ်စီရှိပြီး ကျန်းမာရေးစောင့်ရှောက်မှု ပူးပေါင်းအဖွဲ့များအနေဖြင့်လည်း ရှောင်တခင်စစ်ဆေးကြပ်မတ်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ဇေယျာတု (မကွေး)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃၀-၄-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၉၃၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၉၃-၁၀၉၅ |
| ဥရောပ | တစ်ယူရို | ၁၁၆၂-၁၁၇၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၉၆-၈၀၀ |
| ထိုင်း | တစ်ဘတ် | ၃၀.၂၅-၃၃.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၆.၅-၁၇ |
| တရုတ် | တစ်ယွမ် | ၁၇၁-၁၇၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀-၂၉၆ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆီ (အသစ်) | တစ်အိတ် | ၁၇၅၀၀-၁၈၀၀၀ |
| ပေါက်ကြွဲ | တစ်အိတ် | ၂၆၅၀၀-၂၈၀၀၀ |

| | | |
|---|---|---|
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၃၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၂၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၇၅-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၁၅၀-၁၅၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၂၀၀၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၅၀၀-၆၅၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၀၅၀-၃၁၅၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၈၀၀-၆၈၀၀ |
| သကြား | တစ်ပိဿာ | ၁၀၀၀-၁၀၁၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

**ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။**



# ပညာရေးနှင့် အားကစားကဏ္ဍ ပေါင်းစပ်လေ့ကျင့်သင်ကြားရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် ဧပြီ ၃၀**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်အောက် လွှတ်တော်ကိုယ်စားလှယ်နှင့် ၂၀၂၀ ခုနှစ် တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲနှင့် မသန်မစွမ်းအားကစားပြိုင်ပွဲကျင်းပရေးဆိုင်ရာ အောက်လွှတ်တော်ကိုယ်စားလှယ်များကော်မတီအတွင်းရေးမှူးချုပ် မစ္စတာတိုရှီအာကိအဲန်ဒို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ညှိ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးတင့်ဆန်း၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ့အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး၊ ပညာရေးနှင့် အားကစားကဏ္ဍပေါင်းစပ်လေ့ကျင့်သင်ကြားရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန် အောက်လွှတ်တော်ကိုယ်စားလှယ်နှင့် ၂၀၂၀ ခုနှစ် တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲနှင့် မသန်မစွမ်းအားကစားပြိုင်ပွဲကျင်းပရေးဆိုင်ရာ အောက်လွှတ်တော်ကိုယ်စားလှယ်များကော်မတီအတွင်းရေးမှူးချုပ် မစ္စတာတိုရှီအာကိအဲန်ဒိုအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီတည်ထောင်ရန်ဖိတ်ကြား

**ရန်ကုန် ဧပြီ ၃၀**

ရန်ကုန်မြို့နေ အများပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် ရန်ကုန်ဘတ်စ်ကားအများပိုင်ကုမ္ပဏီကို စတင်ဖွဲ့စည်းတော့မည်ဖြစ်သည်။ နိုင်ငံတော်မှဦးစီးပြီး အများပိုင်ကုမ္ပဏီကို ၄၀း၆၀ အချိုးဖြင့် ဖွဲ့စည်းမည်ဖြစ်ရာ နိုင်ငံတော်မှထည့်ဝင်ငွေကျပ် ၁၀ ဘီလီယံနှင့် အများပြည်သူထည့်ဝင်ငွေကျပ် ၁၅ ဘီလီယံဖြင့် စတင်ရန် ရည်ရွယ်သည်။ ထို့အတွက် အများပိုင်ကုမ္ပဏီအစုရှယ်ယာ ထည့်ဝင်လိုသော ပုဂ္ဂလိကကုမ္ပဏီများ၊ လုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ်အပ်ပါသည်။ အဆိုပါအများပိုင်ကုမ္ပဏီနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပွဲနှင့် ရှယ်ယာရှင်များလက်ခံခြင်းကို မေ ၄ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူတိုင်း တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# e-Government Delivery Unit အတွက် အကြံပေးခေါ်ယူ

မြန်မာနိုင်ငံဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုစီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်ပါဝင်သည့် e-Government Delivery Unit ဖွဲ့စည်း တည်ထောင်နိုင်ရေးအတွက် အကြံပေးခေါ်ယူလျက်ရှိရာ Expression of Interest (EOI) ကို (၁-၆-၂၀၁၅) ရက်နေ့နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ သတင်းရရှိသည်။

အသေးစိတ်အချက်အလက်များအား ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဝက်ဘ်ဆိုက် www.mcit.gov.mm/ptd_news တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

(သတင်းစဉ်)

# ရခိုင်ပြည်နယ်အတွင်း အာရှ-ဂျပန်ပေါင်းကူးအဖွဲ့မှ ဆောက်လုပ်ပြီးစီးသော စာသင်ကျောင်းဆောင်သစ်များအား လွှဲပြောင်းပေးအပ်

**နေပြည်တော် ဧပြီ ၃၀**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နိပွန်ဖောင်ဒေးရှင်း၊ အာရှ-ဂျပန်ပေါင်းကူးအဖွဲ့(BAJ) တို့ပူးပေါင်းပြီး ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ခြောက်သန်းဖြင့် ရခိုင်ပြည်နယ်အတွင်း ကျောင်းဆောင်သစ် ၁၀၀ ဆောက်လုပ်ရေးစီမံကိန်းကို ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အာရှ-ဂျပန်ပေါင်းကူးအဖွဲ့(BAJ)မှ ဆောက်လုပ်ပြီးစီးသည့် စာသင်ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က ကျောက်ဖြူမြို့နယ် တောင်ရင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် လူမှုရေး ဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှ၊ (BAJ)မှ ဌာနေကိုယ်စားလှယ်၊ ရခိုင်ပြည်နယ်ပညာရေးဌာနကိုယ်စားလှယ်တို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်အား ဖွင့်လှစ်ပေးကြသည်။

အာရှ-ဂျပန်ပေါင်းကူးအဖွဲ့ (BAJ)အနေဖြင့် စာသင်ကျောင်းဆောက်လုပ်ရေးလုပ်ငန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှု၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏အနီးကပ်ပူးပေါင်းဆောင်ရွက်မှုဖြင့် ရခိုင်ပြည်နယ်အတွင်း ပထမနှစ် ၂၀၁၂-၂၀၁၃ တွင် စာသင်ကျောင်း ၁၀ ကျောင်း၊ ဒုတိယနှစ် ၂၀၁၃-၂၀၁၄ တွင် စာသင်ကျောင်း ၂၀ ကို ဆောင်ရွက်ခဲ့ပြီး တတိယနှစ် ၂၀၁၄-၂၀၁၅ တွင် စာသင်ကျောင်း ၂၂ ကျောင်းလျာထားဆောက်လုပ်လျက်ရှိရာ ၁၀ ကျောင်း ဆောက်လုပ်ပြီးစီးခဲ့ပြီး စုစုပေါင်းဆောက်လုပ်ပြီးစီးခဲ့သည့် ကျောင်း ၄၀ ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေးမြို့၌ ဆိုင်ကယ်ဖြတ်သန်းခွန်ကြေးကင်းလွတ်၍ ဝမ်းသာနေကြ

**ရေး ဧပြီ ၃၀**

မွန်ပြည်နယ်ရေးမြို့ အဝင်ဂိတ်များဖြစ်သော ရေးတံတားကြီးဂိတ်နှင့် မြို့တော်ဦးဂိတ်တို့တွင် နေ့စဉ်ဖြတ်သန်းသွားလာနေကြသော ယာဉ်များအနက် ဆိုင်ကယ်စီးနင်းသူများ ဖြတ်သန်းခွင့်အကောက်ခွန်ကြေးကင်းလွတ်သွား၍ ရေးမြို့သူ မြို့သားများမှာ အားရဝမ်းသာ လက်ခံကြိုဆိုနေကြကြောင်းသိရသည်။

ရေးမြို့အဝင်ဂိတ်များတွင် ယခင်က ဆိုင်ကယ်ဖြတ်သန်းသွားလာခွင့် တစ်စီးလျှင် ၁၀၀ ကျပ်နှုန်းပေးဆောင်နေရကြောင်း၊ မြို့အဝင်ဂိတ်အားလုံးတွင် ပေးဆောင်ရသည့်အတွက် ငွေကျပ် ၂၀၀ အထိပေးဆောင်ရသည့်အပေါ် မကျေနပ်မှုများလည်း ဖြစ်ပေါ်ခဲ့ကြကြောင်း သိရသည်။

ယခုမြို့အဝင်ဂိတ်များအားလုံးတွင် ဆိုင်ကယ်ဂိတ်ဝင်ကြေးကင်းလွတ်ခွင့်ပေးလိုက်ခြင်းဖြင့်အချိန်ကုန်လည်း သက်သာပြီး ယာဉ်အန္တရာယ်လည်းလျော့ပါးခြင်းကြောင့် မြို့ခံပြည်သူများ ကျေနပ်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# မိုးလေဝသ အခြေအနေ

**နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတွင်** ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

# (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် အလှူငွေများ ပါဝင်လှူဒါန်းနိုင်

၂၀၁၅ ခုနှစ် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးအား (၇-၅-၂၀၁၅)ရက်နေ့မှ (၁၃-၅-၂၀၁၅) ရက်နေ့အထိ နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| စဉ် | အမည် | ရာထူး | ဌာန | ဆက်သွယ်ရန်ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁။ | ဦးထွန်းထွန်းနိုင် | ညွှန်ကြားရေးမှူးချုပ် | နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန နေပြည်တော် | ၀၆၇-၄၀၇၃၄၂<br>၀၉-၈၆၀၁၅၇၂ |
| ၂။ | ဒေါ်ချယ်ရီမာမန်း | ညွှန်ကြားရေးမှူး | နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန နေပြည်တော် | ၀၆၇-၄၀၇၁၅၃<br>၀၉-၄၂၈၁၃၇၇၆၈ |
| ၃။ | ဒေါ်နွယ်နီဦး | ညွှန်ကြားရေးမှူး | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (မန္တလေး) | ၀၂-၈၆၆၆၂<br>၀၉-၇၉၅၉၆၅၇၀၅ |

# ကုလသမဂ္ဂက နီပေါငလျင်ဒဏ်သင့်သူများအတွက် အမေရိကန်ဒေါ်လာ ၄၁၅ သန်းကူညီမည်၊ နိုင်ငံတကာအကူအညီများ ဆက်လက်ရောက်ရှိ

ဂျေတီ

**ခတ္တမန္ဒူ ဧပြီ ၃၀**

ဧပြီ ၂၅ ရက်က နီပေါနိုင်ငံတွင် ပြင်းအား ၇ဒသမ ၉ ရစ်ခ်ျတာစကေးရှိ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူဦးရေမှာ ဧပြီ ၃၀ရက်အထိ ရရှိထားသည့် ကိန်းဂဏန်းများအရ ၅၈၄၄ ဦးအထိမြင့်တက်လာပြီး ၁၀၉၆၅ဦးခန့်ထိခိုက်ဒဏ်ရာရရှိကာ အိမ်ခြေ ၁၃၄၈၆၄ လုံးပျက်စီးခဲ့ကြောင်း နီပေါပြည်ထဲရေးဝန်ကြီးဌာန၏ အဆိုအရသိရသည်။

မြို့တော်ခတ္တမန္ဒူမှ အနောက်မြောက်ဘက် ကီလိုမီတာ ၈၀ ခန့်အကွာ မြေအောက်တစ်နေရာတွင် ဗဟိုပြုသည့် အဆိုပါငလျင်ဒဏ် အဆိုးရွားဆုံးခံစားခဲ့သော ဒေသမှာ ရှင်ဒူပါချော့ခရိုင်ဖြစ်ပြီး ယင်းခရိုင်တစ်ခုတည်း၌ပင်လျှင် လူ ၁၅၈၇ ဦးသေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အမျိုးသားအရေးပေါ်ကယ်ဆယ်ရေးဌာနမှ ပြောကြားချက်အရ သိရသည်။

ငလျင်ဒဏ်သင့်ပြည်သူများအတွက် နိုင်ငံတကာမှ ကယ်ဆယ်ရေးလုပ်သားများနှင့် ပြည်တွင်းကယ်ဆယ်ရေးလုပ်သားများက ကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိကြပြီး ဧပြီ ၃၀ရက်တွင် နီပေါ လက်နက်ကိုင်ရဲတပ်ဖွဲ့က ခတ္တမန္ဒူ ခရိုင်၊ ဂွန်ဂါဘူကျေးရွာရှိ ပြိုကျသွားသည့်ဧည့်ရိပ်သာအပျက်အစီးထဲတွင် နာရီပေါင်း ၁၂၀ကြာပိတ်မိနေသော ယောက်ျားလေးတစ်ယောက်ကို ဧပြီ ၃၀ရက်တွင် ကယ်ထုတ်နိုင်ခဲ့ကြောင်း သတင်းများအရသိရသည်။

ကယ်ဆယ်ရေးအဖွဲ့သည် အသက် ၁၅နှစ်အရွယ်ရှိ ပမ်ဘာလာမာဆိုသူကို ဧပြီ ၃၀ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ၅၆မိနစ်တွင် အဆောက်အအုံအကျိုးအပဲ့များအောက်မှ ကယ်ထုတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

“မိမိတို့ရဲ့ရှာဖွေရေးနဲ့ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မှုဟာ အထူးလေ့ကျင့်ပေးထားတဲ့ ခွေးများရဲ့ အမှုအရာနဲ့ လှုပ်ရှားမှုအပေါ် အခြေခံထားပါတယ်။ အဲဒီလိုရှာဖွေရာမှာ ပစ္စည်းအကျိုးအပဲ့များအောက်ကနေ ကယ်ထုတ်နိုင်ခဲ့တဲ့ ပမ်ဘာဆိုသူဟာ တပ်မတော်ဆေးရုံမှာ ဆေးဝါးကုသမှုခံယူလျက်ရှိပါတယ်”ဟု ကယ်ဆယ်ရေးအဖွဲ့တာဝန်ရှိသူ ရဲအကြီးအကဲ အာဂျေးချပ်ကူလီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

နီပေါနိုင်ငံရှိ အင်အားပြင်းငလျင်ဒဏ် အဆိုးရွားဆုံးခံစားခဲ့ရာ ဒေသများရှိ ကလေးသူငယ်ပေါင်း ၁ဒသမ၇သန်းခန့်သည် အရေးပေါ်အကူအညီများလိုအပ်လျက်ရှိကြောင်း ယူနီဆက်ဖ်က ကြေညာသည်။

သောက်သုံးရေ လုံခြုံမှုမရှိသောကြောင့် ငလျင်ဒဏ်သင့် ကလေးသူငယ်များသည် ရေကြောင့်ဖြစ်ပွားသည့် ရောဂါအန္တရာယ်များနှင့် ရင်ဆိုင်လျက်ရှိကြောင်း၊ မိသားစုအများအပြားသည် နေဒဏ်နှင့်မိုးဒဏ်များမှ ၎င်းတို့ကိုယ်တိုင်ကာကွယ်နိုင်ရေးအတွက်သာ ရုန်းကန်လျက်ရှိကြကြောင်း နီပေါနိုင်ငံဆိုင်ရာ ယူနီဆက်ဖ် ကိုယ်စားလှယ် တိုမူးဟိုဇူမီ ကပြောကြားသည်။ တစ်ဆက်တည်းမှာပင် ကုလသမဂ္ဂက ငလျင်ဒဏ်သင့်ပြည်သူများအတွက် အထူးအကူအညီအနေဖြင့် နီပေါနိုင်ငံအား အမေရိကန်ဒေါ်လာ ၄၁၅ သန်း ကူညီရန် ဧပြီ ၂၉ရက်က ကြေညာခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**



# ဂျပန်-အမေရိကန် မဟာမိတ်မျှော်လင့်ချက် အာဘေး အလေးထားဖော်ဆောင်

**ဝါရှင်တန် ဧပြီ ၃၀**

ဗုဒ္ဓဟူးနေ့နံနက်က အမေရိကန်ကွန်ဂရက်လွှတ်တော်တွင် မိန့်ခွန်းပြောကြားခဲ့သော ဝန်ကြီးချုပ်အာဘေးသည် ခိုင်မာသောနှစ်နိုင်ငံဆက်ဆံရေးသတ်မှတ်ပြီး ကမ္ဘာကြီးတည်ငြိမ်အေးချမ်းမှုကို ပူးပေါင်းအကောင်အထည်ဖော်ဆောင် သွားမည်ဟု ပြောခဲ့သည်။ ၄၅ မိနစ်ကြာ အင်္ဂလိပ်ဘာသာဖြင့် ပြောကြားသည့် မိန့်ခွန်းတွင် အာဘေးက ဂျပန်-အမေရိကန် စစ်ပြီးခေတ်တွင် ပြန်လည်ပေါင်းစည်းပြီး ခိုင်မာသောပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ အမေရိကန်နှင့် ခေတ်သစ်မျက်နှာစာဖွင့်လှစ်ရန် ၎င်း၏သဘောထားကို ထုတ်ဖော်ပြသခဲ့သည်။

ပူးပေါင်းဆောင်ရွက်မှု အရေးကြီးကြောင်းကို “အမေရိကန်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု မျှော်လင့်ချက်” ဟူ၍ အာဘေးက အလေးပေးပြောကြားခဲ့သည်။ ကမ္ဘာ့ငြိမ်းချမ်းတည်ငြိမ်ရေးကို အမေရိကန်နှင့်အတူတကွ ပူးပေါင်းလုပ်ဆောင်သွားမည်ဟု ကြေညာခဲ့သည်။

အာဘေးသည် သမိုင်းမှတ်တမ်းတစ်လျှောက် အမေရိကန်လွှတ်တော်သို့ လာရောက်လည်ပတ်သည့် ပထမဆုံး ဂျပန်ဝန်ကြီးချုပ်ဖြစ်သည်။ ဂျပန်နှင့် အမေရိကန်သည် ဒုတိယကမ္ဘာစစ်ကတည်းက ချမှတ်ထားသော လွတ်လပ်မှုတမှု၊ ဒီမိုကရေစီ၊ အခြေခံလူ့အခွင့်အရေး၊ စည်းမျဉ်းဥပဒေအပါအဝင် အခြေခံတန်ဖိုးများကို အတူတကွဖော်ဆောင်သွားမည်ဟု မိန့်ခွန်းတွင် ဖော်ပြခဲ့သည်။

ထို့အပြင် ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် လွတ်လပ်သော ကမ္ဘာကြီး၏အဖွဲ့ဝင်များအဖြစ် စစ်အေးတိုက်ပွဲကို အောင်မြင်ခဲ့ကြသည်ဟုလည်း ဖော်ပြခဲ့သည်။ ဂျပန်နှင့် အမေရိကန်နိုင်ငံတို့အကြား တစ်ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးအကျပ်အတည်းများအတွက် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးစနစ်ကို အားကောင်းစေရန်နှင့် အကြမ်းဖက် တိုက်ဖျက်ရေးအစရှိသည့် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းရာတွင် အတူတကွ ပူးပေါင်းဖြေရှင်းရန် ပြောဆိုခဲ့သည်။ **(ကျိုဒို)**

# သဘာဝဘေးကယ်ဆယ်ရေး ရှေ့ပြေးအဖွဲ့ နီပေါသို့ရောက်ရှိ

**ခတ္တမန္ဒူ ဧပြီ ၃၀**

ငလျင်ဒဏ်ကြောင့် ပြည်သူ ၅၀၀၀ ကျော် သေဆုံးခဲ့ပြီး အသက်ရှင်ကျန်ရစ်သူများထံ ကယ်ဆယ်ထောက်ပံ့မှု နှေးကွေးနေသေးသည့် နီပေါနိုင်ငံသို့ သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ ကာကွယ်ရေး ရှေ့ဆောင်အဖွဲ့ ကြာသပတေးနေ့အစောပိုင်းက ရောက်ရှိခဲ့သည်။

အဖွဲ့ဝင် ၂၀ ဦး အနက်တစ်ဦး အပါအဝင်ဖြစ်သည့် ဟီရိုဟိုက်နာကာဂါဝါက အခြားနိုင်ငံများမှ တပ်မတော်အင်အားစုများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်အတူ ထိရောက်သော ကူညီပံ့ပိုးမှုများပြုလုပ်ပေးရန် မျှော်လင့်ကြောင်း ပြောခဲ့သည်။ ဂျပန်နိုင်ငံ အရှေ့ပိုင်း၌ ငလျင်ကြီးစွာ လှုပ်ခတ်ခဲ့ပြီးနောက် ရရှိခဲ့သည့် ကယ်ဆယ်ရေးအတွေ့အကြုံများကို ကောင်းစွာအသုံးချနိုင်ပြီဖြစ်သည်ဟု ကာကွယ်ရေး အင်အားစုမှ အကြီးအကဲက ဆိုသည်။

ပြည်သူ ၁၁၀၀၀ ဝန်းကျင်ခန့်ကို ထိခိုက်ဒဏ်ရာရစေခဲ့သည့် စနေနေ့က ဖြစ်ပွားခဲ့သော ငလျင်နှင့် ပတ်သက်၍ စုံစမ်းမှုပြုလုပ်ရန်နှင့် ပတ်ဝန်းကျင်အနေအထားကို စီမံဆုံးဖြတ်ရန် အဆိုပါရှေ့ဆောင်အဖွဲ့က တာဝန်ပေးအပ်ခံရသည်။ ရှေ့ဆောင်အဖွဲ့များက ကြိုတင်စီမံမှုကိစ္စရပ်များ ပြီးစီးသည်နှင့် ကျန်ကယ်ဆယ်ရေးအဖွဲ့ဝင် ၉၃ ဦးကို ထပ်မံစေလွှတ်မည်ဖြစ်သည်။

ကယ်ဆယ်ရေးကိရိယာများကို တင်ဆောင်လာမည့် AC- 130 ရဟတ်ယာဉ်သည် နာဟာနှင့် အိုကီနာဝါတို့မှ ထွက်ခွာလာဖွယ်ရှိသည်။ **(ကျိုဒို)**

# ဆွေးနွေးပွဲတွင် ယီမင်တပ်ဖွဲ့များပါဝင်ရေး အီရန်ကူညီရန် ကန်တိုက်တွန်း

**တီဟီရန် ဧပြီ ၃၀**

အမေရိကန်နှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးတို့ တနင်္လာနေ့က တွေ့ဆုံပွဲတွင် ယီမင်အဖွဲ့များကို နိုင်ငံရေးဆွေးနွေးမှုတွင် ပါဝင်ရန် အီရန်မှ အကူအညီပေးရေး အမေရိကန်က အဖြေရှာပေးခဲ့သည်ဟု ကန်အရာရှိများက ဗုဒ္ဓဟူးနေ့က ပြောသည်။

စက်တင်ဘာလက ယီမင်မြို့တော် ဆာနားကို သိမ်းယူခဲ့သော ဟူသီတပ်ဖွဲ့ဝင်များနှင့် အီရန်က မဟာမိတ်ပြုပြီး အုပ်ချုပ်ရေးပိုင်းဆိုင်ရာကိစ္စများတွင် ပိုမိုပါဝင်လာဖို့ တောင်းဆိုထားသည်။

ရှီးယိုက်ဟူသီများသည် ဆွန်နီများအုပ်စိုးသော ရေနံတင်ပို့သည့် ဆော်ဒီအာရေဗျတွင် အီရန်များလွှမ်းမိုးမည်ကို စိုးရိမ်နေကြသည်။

ဆော်ဒီမှ ဟူသီသူပုန်များကို ပစ်မှတ်ထားပြီး လေကြောင်းဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ဗုဒ္ဓဟူးနေ့က အေဒင်မြို့တော် တောင်ဘက်ပိုင်းတွင် တိုက်ခိုက်မှုများ ပြင်းထန်ပြီး ယီမင်နယ်မြေ ငါးခုကို လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။ ဟူသီအုပ်စုကို တိုက်ခိုက်ရန်အတွက် လက်နက်ကိုင် တပ်ဖွဲ့ဝင်များကို လေ့ကျင့်ပေးထားကြောင်း ဒေသတွင်းသတင်းများအရ သိရသည်။

ကန်နိုင်ငံခြားရေး ဝန်ကြီးက အီရန်နိုင်ငံခြားရေးဝန်ကြီးကို ဆွေးနွေးပွဲများတွင် ဘက်ပေါင်းစုံပါဝင်နိုင်ရေး လွှမ်းမိုးဆွဲဆောင်သွားရန် တိုက်တွန်းခဲ့သည်ဟု ယူအက်စ်ပြည်တွင်းဌာနက ဆိုသည်။

ဟူသီတပ်ဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးသွားရန် အီရန်မှ အကူအညီများ ရယူသွားသင့်ကြောင်း အမည်မဖော်လိုသူ အရာရှိတစ်ဦးက ဆိုသည်။

ဆွေးနွေးပွဲတွင် ယီမင်တက်ရောက်လိမ့်မည်ဟု မျှော်လင့်ကြောင်း တနင်္လာနေ့က အီရန်ချုပ်ကလီးယားအစီအစဉ်မဆွေးနွေးခင် ဂျွန်ကယ်ရီက ပြောကြားခဲ့သည်။

“ကျွန်တော် တိုက်တွန်းချင်တာကတော့ အကြမ်းဖက်မှုတွေကို လျှော့ချဖို့ လူတိုင်းကိုယ်စီ တာဝန်ရှိကြပြီး စေ့စပ်ညှိနှိုင်းဖြေရှင်းခွင့်ရအောင် ကြိုးစားသွားမှသာ ယီမင်အကျိုးစီးပွားကို ကာကွယ်နိုင်မယ့် နည်းလမ်းတစ်ခုဖြစ်တယ်” ဟု ကယ်ရီက ပြောခဲ့သည်။ **(ရိုက်တာ)**

# ဘာလ်တီမိုးအဓိကရုဏ်းသည် အဓိပ္ပာယ်မဲ့သော အကြမ်းဖက်လုပ်ရပ်ဖြစ်သည်ဟုဆို

**နယူးယောက် ဧပြီ ၃၀**

နှစ်ရက်ကြာ အဓိကရုဏ်းများဖြစ်ပွားပြီးနောက် ဆန္ဒပြပွဲများပြီးဆုံးသွားခဲ့သည်။ ဆူပူမှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းမှာ လူမည်းအမျိုးသားတစ်ဦး ရဲများ၏ ရိုက်နှက်မှုကြောင့် အကျဉ်းထောင်အတွင်း ဒဏ်ရာဖြင့်သေဆုံးခဲ့ရသောကြောင့်ဖြစ်သည်။

ယခုကဲ့သို့ ဆန္ဒပြမှုများဖြစ်ပွားခြင်းသည် လူမျိုးရေးခွဲခြားမှုနှင့် ရဲတပ်ဖွဲ့က အာဖရိက-အမေရိကန်အနွယ်ဝင်များအား Cleveland, Ferguson, Missouri, New York နှင့် နေရာတိုင်း၌ အင်အားသုံး၍ တိုက်ခိုက်ခဲ့ရာမှ သေဆုံးခဲ့ပြီးနောက် ဖြစ်ပွားလာခြင်းဖြစ်သည်။

ဆန္ဒပြသူများသည် အုပ်စုငယ်များဖြင့် မန်ဟတ်တန်တစ်ဝိုက်ရှိ ယာဉ်ကြောများအား ပိတ်ဆို့ထားခဲ့သည်။ ဒန်ဘာတွင် ဆန္ဒပြသူများအား ဖမ်းဆီးမှုပြုလုပ်ခဲ့သည်။

လူမည်းအများစုနေထိုင်သော ဘာလ်တီမိုးမြို့တွင် လူမည်းအမျိုးသား ဖရယ်ဒရီဂရေး ရဲအချုပ်အတွင်း ကျောရိုးဒဏ်ရာဖြင့် သေဆုံးခဲ့ရာမှစတင်၍ လူအများက အဆိုပါဖြစ်ရပ်အပေါ် မေးခွန်းထုတ်မှုများရှိလာခဲ့သည်။ ရဲများအနေဖြင့် ဂရေး သေဆုံးမှုနှင့်ပတ်သက်ပြီး ၎င်းတို့၏ တွေ့ရှိချက်အား အစိုးရရှေ့နေများထံသို့ သောကြာနေ့တွင် အစီရင်ခံမည်ဖြစ်သော်လည်း ပြည်သူလူထုသို့ ထုတ်ပြန်မည်မဟုတ်ဟု သိရသည်။

ဂရေးသေဆုံးသော ဧပြီ ၁၉ ရက်မှစတင်၍ ဘာလ်တီမိုးမြို့တွင် ဆန္ဒ ပြသူများက ချီတက်ခဲ့သည်။

ဘာလ်တီမိုးမြို့ခံ တစ်ဦးဖြစ်သော Larry Little က ပြောကြားရာတွင် “ရဲတပ်ဖွဲ့ဝင်တွေကို ခေါ်ယူသတိပေးခဲ့ပြီး တာဝန်ရှိသူတွေအနေနဲ့ ဘာဖြစ်ခဲ့သလဲဆိုတာ သိပါတယ်။ သူတို့ရဲ့ မှားယွင်းမှုအတွက်လည်း တာဝန်ခံရပါမယ်”ဟု ပြောကြားသည်။

ရှေ့နေချုပ်အသစ် Loretta Lynch က ဘာလ်တီမိုး အဓိကရုဏ်းအား အဓိပ္ပာယ်မဲ့သော အကြမ်းဖက်လုပ်ရပ်ဖြစ်သည်ဟု ပြောဆိုခဲ့သည်။

၎င်းဖြစ်စဉ်ကြောင့် ရှေ့နေချုပ်အသစ် Loretta Lynch နှင့် ဒီမိုကရက်တစ် သမ္မတလောင်း ဟီလာရီကလင်တန်တို့ နှစ်ဦးသည် လူနည်းစုမျိုးနွယ် အသိုင်းအဝိုင်းများအကြား တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရန်နှင့် ရာဇဝတ်မှုခင်းမျှတရေးဆိုင်ရာများ ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချခဲ့ကြသည်။

**(ရိုက်တာ)**

# တရားမဝင် လောင်စာဆီဆိုင်နှစ်ဆိုင် ဖမ်းဆီး

**ရန်ကုန် မေ ၃၀**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဆ/ခရပ်ကွက် ရတနာလမ်း ကျိုက္ကစံဘုရားမြောက်ဘက်မုခ်အနီး လောင်စာဆီဆိုင်နှစ်ဆိုင်တွင် တရားမဝင်လောင်စာဆီများ သိုလှောင်ထားကြောင်း တာဝန်သိသူတို့၏ သတင်းပေးချက်အရ မေ ၂၈ ရက် နံနက်ပိုင်းတွင် ပူးပေါင်းအဖွဲ့က ရှောင်တခင်ဝင်ရောက်၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ရှောင်တခင်ဝင်ရောက်ရှာဖွေရာတွင် ကျိုက္ကစံဘုရားမြောက်ဘက်အနီး ဘုရားဝင်းအုတ်နံရံဘေးတွင် လောင်စာဓာတ်ဆီများထည့်ထားသော တစ်ပီပါ ဂါလန် ၅၀ ခန့်စီပါသော ပီပါ ၁၅ လုံး၊ ဓာတ်ဆီမပါသော ပီပါခွံလွတ် ၁၂၉ လုံးနှင့် အတူ ပိုင်ရှင်ဦးသက်မောင်ကို စစ်ဆေးတွေ့ရှိသဖြင့် ရှာဖွေပုံစံဖြင့် ပစ္စည်းများကို သိမ်းဆည်းခဲ့ကြပြီး ဦးသက်မောင် (၅၁ နှစ်) အား သဃ်န်းကျွန်းမြို့မရဲစခန်းက အရေးကြီးကုန်စည်နှင့်



ဝန်ဆောင်မှု ဥပဒေတို့ဖြင့် အရေးယူခဲ့သည်။

ထို့အတူ မေ ၂၈ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က သဃ်န်းကျွန်းမြို့နယ် ဆ/ခ ရပ်ကွက် ရတနာလမ်း ကျိုက္ကစံဘုရားမြောက်ဘက်မုခ်အနီး ဘုရားဝင်းအုတ်နံရံဘေး၌ တရားမဝင်လောင်စာဆီများ သိုလှောင်ထားရှိကြောင်း သတင်းအရ ရှောင်တခင် ဝင်ရောက်ရှာဖွေရာ ပိုင်ရှင် ဒေါ်သိန်း သိန်းဆင့် (၅၀ နှစ်) နှင့်အတူ ဒီဇယ်ဆီ ခုနစ်ဂါလန်ခန့်ပါရှိသော အစိမ်းရောင် ပလတ်စတစ်ပုံး တစ်လုံးတွင် ဒီဇယ်ဆီများ ထည့်ထားသော ရေသန့်ဘူး ၂၆ လုံး၊ ဓာတ်ဆီများထည့်ထားသော ရေသန့်ဘူး ၁၃ လုံးနှင့် လောင်စာဆီရောင်းချရာတွင် အသုံးပြုသည့် ပစ္စည်းများတွေ့ရှိသဖြင့် သိမ်းဆည်းခဲ့ကြပြီး ပိုင်ရှင်မှာ ဒေါ်သိန်း သိန်းဆင့်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ အရေးကြီးကုန်စည်အဖြစ်သတ်မှတ်ထားသော ဓာတ်ဆီ၊ ဒီဇယ်ဆီတို့အား လက်ဝယ်သိုလှောင်ရောင်းဝယ်မှုများပြုလုပ်သူ ဒေါ်သိန်း သိန်းဆင့်(၅၀ နှစ်) အမှတ်(၂၇၂) ၆ လမ်း (၁၁)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေသူကို သဃ်န်းကျွန်းမြို့နယ်မြို့မရဲစခန်းက အရေးကြီးကုန်စည်ဝန်ဆောင်မှုတို့ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။ ထိုသို့ ပူးပေါင်းအဖွဲ့ဝင်များ၏ တရားမဝင်ဆီသိုလှောင်နေရာနှစ်နေရာ၌ ဖမ်းဆီးရာတွင် ဆီပါပီပါ ၁၆ လုံးနှင့် ဆီမပါပီပါအလွတ် ၁၃၂ လုံး စုစုပေါင်း ပီပါ ၁၄၄ လုံးတို့ကို သိမ်းဆည်းဖမ်းဆီးရမိခဲ့သည်ဟု မြို့မရဲစခန်းမှ သိရသည်။ (ဝ၂၅)

*** ကျောဖုံးမှ**

နန္ဒကျော်၊ အောင်သူ၊ သန်းပိုင်၊ ထိုက်ထိုက်အောင်၊ မျိုးကိုထွန်း၊ ရန်နိုင်ဦးတို့ကို အမာခံထားကာ အရန်ကစားသမားအချို့ကို ပွဲထွက်လူစာရင်း၌ အသုံးပြုခဲ့သည်။ ဟန်ဂေရီအသင်းမှာ ပထမပိုင်း၌ အမာခံကစားသမားများဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ၄၊ ၂၃၊ ၃၃ မိနစ်များတွင် အနိုင်ဂိုးများ သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်း အခွင့်အရေးအချို့ ပြန်လည်ရရှိခဲ့သော်လည်း အသုံးချနိုင်ခြင်းမရှိခဲ့ပေ။

ယခုခြေစမ်းပွဲမှာ မြန်မာယူ-၂၀ အသင်း၏ ဥရောပနိုင်ငံများခြေစမ်းခရီးစဉ်တွင် နောက်ဆုံးကစားသည့် ခြေစမ်းပွဲဖြစ်သည်။ တစ်လကျော်ကြာ သွားရောက်ခဲ့သည့် ဥရောပခရီးစဉ်တွင် မြန်မာယူ-၂၀ အသင်းသည် ဆားဘီးယား၊ မက်ဆီဒိုးနီးယား၊ ဂျာမနီ၊ ဆလိုဗေးနီးယား၊ ဟန်ဂေရီနိုင်ငံများ၌ ခြေစမ်းပွဲများယှဉ်ပြိုင်ကစားခဲ့ပြီး လေ့ကျင့်မှုများပြုလုပ်ခဲ့သည်။ ယခုခရီးစဉ်တွင် ယူ -၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရှိထားသည့် ဆားဘီးယား၊ ဟန်ဂေရီစသည့် ဥရောပအသင်းများနှင့်ခြေစမ်းခွင့်ရရှိခဲ့ခြင်းမှာ မြန်မာယူ-၂၀ အသင်းအတွက် များစွာ အကျိုးရှိသည်။ **ဖိုးသော်ဇင်**

# ကျိုင်းတုံမြို့နယ်တွင် ဘိန်းစိမ်း ၃၂ ဒသမ ၃၀ ကီလို၊ ဘိန်းမျိုးစေ့ခြောက် ၈ ဒသမ ၁၆၄၆ ကီလိုနှင့် တူမီးသေနတ် သုံးလက် ဖမ်းဆီးရမိ

**နေပြည်တော် မေ ၃၀**

မေ ၂၇ ရက်က မိုင်းပျင်းမြို့နယ် တုံတာမြို့နယ်ခွဲ နယ်မြေခံတပ်မှ ကျိုင်းတုံမြို့နယ် မိုင်းပန်လယ်အုပ်စု လိုင်းဒါးကျေးရွာ ကျေးရွာသူကြီး ကျအူနေအိမ်၌ မသင်္ကာတွေ့ရှိသူ စိုင်းအင်ရှမ်၊ ကျကျိုး၊ နန်ကျင်ကျော့ာ်၊ အင်ဖုန်း၊ စိုင်းကျော်နှင့် ရှန်မွေလှတို့ ခြောက်ဦးတို့အား ဘိန်းစိမ်း ၃၂ ဒသမ ၃၀ ကီလို၊ ဘိန်းမျိုးစေ့ခြောက် ၈ ဒသမ ၁၆၄၆ ကီလို၊ တူမီးသေနတ်သုံးလက်၊ မြန်မာငွေကျပ် ၅၄ ဒသမ ၈၅ သိန်းနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိ၍ ပြစ်မှုကျူးလွန်သူခြောက်ဦးနှင့် သက်သေခံပစ္စည်းများကို တုံတာနယ်မြေရဲစခန်းသို့ လွှဲပြောင်းပေးအပ်သဖြင့် စိုင်းအင်ရှမ် (၃၆ နှစ်)၊ ကျကျိုး (၄၂ နှစ်)၊ နန်ကျင်ကျော်ာ် (၄၈) နှစ်၊ အင်ဖုန်း (၄၇ နှစ်)၊ စိုင်းကျော် (၂၃ နှစ်)၊ ရှန်မွေလှ (၁၄ နှစ်)နှင့် ကျအူ (၄၇ နှစ်) (ဖမ်းမမိသေး)တို့ ခုနစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **ကိုရဲ**





# နောင်ချိုမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀၀၀ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၃၀**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မေ ၂၈ ရက်က နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီး၌ လားရှိုးမြို့မှ မန္တလေးမြို့ဘက်သို့ အန်းစီယာမောင်းနှင်ပြီး တွမ်ရင်အန်း စီးနင်းလိုက်ပါလာသော မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဆိုင်ကယ်ဝဲဘက်နှင့် ယာဘက်ဒူးကာအတွင်းမှ ပလတ်စတစ်ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၊ ဆိုင်ကယ်ရှေ့မီးခွက်အတွင်းမှ ၁၀၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀၀၀ သိမ်းဆည်းရမိသဖြင့် အန်းစီယာ (၂၇ နှစ်)နှင့် တွမ်ရင်အန်း (၃၀ နှစ်) တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **ကိုရဲ**



# နိုင်ငံ၏လူဦးရေ၊ နိုင်ငံ၏အင်အား၊ နိုင်ငံ၏စွမ်းအားနှင့် နိုင်ငံ့စွမ်းဆောင်ရည်ဆုများ



၃-၅-၂၀၁၄ ရက်က နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ဂုဏ်ပြုမှတ်တမ်းလွှာဆက်ကပ်ခြင်းအခမ်းအနားနှင့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲအခမ်းအနားကို နေပြည်တော်တွင် ဒုတိယအကြိမ်အဖြစ် ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန် ဘက်စုံထူးချွန်လူငယ်များ၊ ထူးချွန်ကြက်ခြေနီများ၊ ကင်းထောက်လူငယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရဲမျိုးဟန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသောပုဂ္ဂိုလ်များကို နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုများ ချီးမြှင့်မှုနှင့် သာသနာရေးနှင့် လူမှုရေးဆိုင်ရာ စွမ်းဆောင်နိုင်သောသံဃာတော်များအား နိုင်ငံတော်သမ္မတ၏ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်ခြင်းကို နိုင်ငံတော်အစိုးရအဖွဲ့သစ်တာဝန်ယူပြီးနောက် ၂၀၁၃ ခုနှစ်မှစတင်ပြီး နှစ်စဉ် အခမ်းအနားဖြင့် ကျင်းပလျက်ရှိသည်။

၂၀၁၅ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုဂုဏ်ပြုမှတ်တမ်းလွှာဆက်ကပ်ခြင်းအခမ်းအနားနှင့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲအခမ်းအနားကို နေပြည်တော်တွင် တတိယအကြိမ်အဖြစ် ယခင်နှစ်များနည်းတူ မကြာမီ ကျင်းပတော့မည်ဖြစ်သည်။

**နိုင်ငံ့စွမ်းဆောင်ရည်ဆုကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်ရေးတို့အတွက် စွမ်းဆောင်ကြမည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသော စီးပွားရေးစွမ်းဆောင်ရှင်များ၊ လူမှုရေးစွမ်းဆောင်ရှင်များ၊ အဖွဲ့အစည်းများတိုးပွားလာစေရန် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မြို့ပြကျေးရွာများဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။**

နိုင်ငံတော်သမ္မတ၏နိုင်ငံ့စွမ်းဆောင်ရည်ဆုများ ရွေးချယ်ချီးမြှင့်နိုင်ရန် လုပ်ငန်းကော်မတီ(၄)ခုဖြစ်သော မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်ပျိုးရေးမွေးမြူရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ၊ စီးပွားရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ၊ လူမှုရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီနှင့် ပညာရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီတို့မှစီစဉ်ဆောင်ရွက်ခြင်း၊ သာသနာရေးဝန်ကြီးဌာနမှ စိစစ်ရွေးချယ်သော သာသနာရေးနှင့် လူမှုရေးဆိုင်ရာ စွမ်းဆောင်နိုင်ကြသည့် သံဃာတော်များကို ဂုဏ်ပြုမှတ်တမ်းလွှာဆက်ကပ်ခြင်းတို့ဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၃ ခုနှစ်တွင် စိုက်ပျိုးရေးဆိုင်ရာ တောင်သူ သုံးဦးနှင့် လုပ်ငန်းရှင် သုံးဦး၊ မွေးမြူရေးဆိုင်ရာ လူပုဂ္ဂိုလ် သုံးဦးနှင့် လုပ်ငန်းရှင် သုံးဦး၊ ရေထွက်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ လူမှုရေးဆိုင်ရာလူပုဂ္ဂိုလ်သုံးဦးနှင့် သာသနာရေးနှင့် လူမှုရေးဆိုင်ရာ သံဃာတော်သုံးပါးတို့ကို လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံး သုံးမြို့နယ်နှင့် စံပြကျေးရွာ သုံးရွာ၊ စိုက်ပျိုးရေးဆိုင်ရာ တောင်သူ သုံးဦးနှင့် လုပ်ငန်းရှင် သုံးဦး၊ မွေးမြူရေးဆိုင်ရာ လူပုဂ္ဂိုလ်သုံးဦး၊ လုပ်ငန်းရှင် သုံးဦးနှင့် ရေထွက်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ လူမှုရေးဆိုင်ရာလူပုဂ္ဂိုလ်သုံးဦးနှင့် အဖွဲ့(၄)ဖွဲ့၊ သာသနာရေးနှင့် လူမှုရေးဆိုင်ရာ သံဃာတော်ရှစ်ပါးတို့ကိုလည်းကောင်း စိစစ်ရွေးချယ်ပြီး ဆုချီးမြှင့်ခြင်းနှင့် ဆက်ကပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၅ ခုနှစ်တွင်လည်း ယခင်နှစ်များကကဲ့သို့ ဆုများချီးမြှင့်ဆက်ကပ်နိုင်ရန် စိစစ်ရွေးချယ်မှုများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေး စွမ်းဆောင်ရည်မြို့နယ်ဆုများပေးအပ်နိုင်ရန် စိစစ်ရွေးချယ်လျက်ရှိကြောင်း သိရသည်။

ယခင်နှစ်က ကျင်းပခဲ့သည့်အခမ်းအနားတွင် အဆိုပါစွမ်းဆောင်ရည်ဆုရရှိသူများအပြင် ဘက်စုံပညာထူးချွန်လူငယ် ၅၂၅ ဦး၊ ထူးချွန်ကြက်ခြေနီလူငယ် ၁၄၆ ဦးနှင့် ကင်းထောက်လူငယ် ၄၉၀ တို့လည်း တက်ရောက်ခဲ့ကြသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ဆိုသည့် အဆောက်အအုံသစ်ကြီးကို နိုင်ငံတော်အစိုးရသစ် တာဝန်ယူပြီးနောက် ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် အဆောက်အအုံကြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်တံ့ခိုင်မြဲစေရန်အတွက် အရေးကြီးဆုံးအစိတ်အပိုင်းဖြစ်သည့် အခြေခံအုတ်မြစ် Foundation ကောင်းမွန်အောင် ကြိုးပမ်းတည်ဆောက်မှုနှင့်အတူ ဆက်လက်ဆောက်လုပ်ရမည့်အပိုင်းများကိုလည်း ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ထိုသို့ နိုင်ငံတည်ဆောက်နေချိန်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးကဏ္ဍအသီးသီးတွင် စွမ်းဆောင်ရည်ရှိသော လူ့စွမ်းအားအရင်းအမြစ်၊ လူချွန်လူကောင်းများစွာ လိုအပ်လျက်ရှိရာ လူ့စွမ်းအား (Human Capital)၊ လျှပ်စစ်စွမ်းအင်၊ ရေ၊ လမ်းတံတား စသည့် စီးပွားရေးအခြေခံအဆောက်အအုံ ထူထောင်နိုင်မှုစွမ်းအား (Physical Capital)၊ အဖွဲ့အစည်းစွမ်းအား (Institutional Capital) နှင့် လူမှုရေးစွမ်းအား (Social Capital) များသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်နေမှုကြောင့် ဦးစားပေးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း တွေ့မြင်နေရသည်။

လူ့စွမ်းအားအရင်းအမြစ် (Human Resources Capital) အားကောင်းမှသာ လယ်ယာကဏ္ဍကိုအခြေပြုပြီး စက်မှုနိုင်ငံအဖြစ် ကူးပြောင်းရာတွင်လည်းကောင်း၊ ပညာရေးအခြေပြုသော စီးပွားရေး (Knowledge Base Economy) ကူးပြောင်းရာတွင်လည်းကောင်း အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မည် ဖြစ်ပါသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအခြေခံအုတ်မြစ်သည် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဖြစ်သည့်အတွက် ဗလငါးတန်နှင့် ပြည့်ဝသည့် နိုင်ငံ့သားကောင်းများပေါ်ထွန်းလာစေရန် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍတို့တွင် အထူးအလေးထားပြီး အားပေးမြှင့်တင် ကြိုးပမ်းဆောင်ရွက်မှုကိုလည်း တွေ့မြင်နေရပါသည်။

နိုင်ငံ၏ လူဦးရေ၊ တစ်နည်းအားဖြင့် "နိုင်ငံ၏အင်အား" အဖြစ်မှ "နိုင်ငံ၏စွမ်းအား" အဖြစ်သို့ "အရေအတွက်မှအရည်အချင်း" သို့ ကူးပြောင်းနိုင်ရန် အမျိုးသားပညာရေးကို ပြုပြင်ပြောင်းလဲမှုများဖြင့် တိုးတက်အောင် စီမံဆောင်ရွက်လျက်ရှိရာတွင် စဉ်းစားတွေးခေါ်မှု၊ မှန်ကန်ပြီး ဆန်းစစ်ဝေဖန်ပိုင်းခြားနိုင်စွမ်း (Critical and Analytical Skill) စိတ်ကူးစိတ်သန်းနှင့် တီထွင်ဖန်တီးနိုင်စွမ်း (Creative and Innovative Skill) ရှိလာစေရန် အလေးပေးသင်ကြားပေးနိုင်ခြင်းဖြင့် နိုင်ငံတိုးတက်အောင် အမှန်တကယ် စွမ်းဆောင်ရည်ရှိသည့် လူချွန်လူကောင်းများပေါ်ထွက်လာပြီး နိုင်ငံတိုးတက်စေရန် တီထွင်ကြံဆ စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများနှင့် ဘက်စုံပညာ ထူးချွန်လူငယ်များ၊ ထူးချွန်ကြက်ခြေနီလူငယ်များ၊ ကင်းထောက်လူငယ်များအပါအဝင် တစ်နိုင်ငံလုံးတွင် လူချွန်လူကောင်းများပေါ်ထွန်းလာစေရန်အတွက် ဆရာမိဘနှင့် ကျောင်းသားများအပါအဝင် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် အမျိုးသားပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မဟာရည်မှန်းချက် ပြည့်မီလာမည်ဖြစ်ပါသည်။

ယခုအခါ လျင်မြန်စွာပြောင်းလဲတိုးတက်နေသည့် ကမ္ဘာကြီးတွင် နိုင်ငံအသီးသီးသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ယှဉ်ပြိုင်ကြိုးပမ်းမှုများဖြင့် လှုပ်ရှားရုန်းကန်လျက်ရှိရာ အောင်မြင်တိုးတက်သည့် နိုင်ငံများရှိသကဲ့သို့ စိန်ခေါ်မှုများနှင့် အခက်အခဲများကြားတွင် ရုန်းကန်နေကြသည့်နိုင်ငံများစွာကိုလည်း တွေ့ရှိနေရပါသည်။ ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များကို အန်တုရင်ဆိုင်ကျော်လွှားနေသောနိုင်ငံများစွာရှိသကဲ့သို့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအနေဖြင့်လည်း ဆင်းရဲမှုမှ ရုန်းထွက်နိုင်ရန် ကြိုးစားလုပ်ဆောင်မှုကို တွေ့မြင်နေရသည်။

ထိုကဲ့သို့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကြိုးစားရုန်းကန်ကြခြင်းဖြင့် အခြေခံအရင်းအမြစ်အပေါ် အခြေပြုသော စီးပွားရေး( Factor-Driven Economies) မှတစ်ဆင့် စွမ်းဆောင်ရည်အခြေပြုသည့် စီးပွားရေး(Efficiency -Driven Economies)ကိုကူးပြောင်းနေသကဲ့သို့ ထိုမှတစ်ဆင့် ဖွံ့ဖြိုးပြီးနိုင်ငံများ ရောက်ရှိနေကြပြီးဖြစ်သော တီထွင်ကြံဆထုတ်လုပ်မှုကို အခြေပြုသော စီးပွားရေး( Innovation-Driven Economies) အဆင့်ကို ကူးပြောင်းလျက်ရှိကြသည်။

**မြန်မာနိုင်ငံအနေဖြင့် အခြေခံအရင်းအမြစ်ပေါ် အခြေပြုသည့် စီးပွားရေးအဆင့်မှ စွမ်းဆောင်ရည်အခြေပြုသော စီးပွားရေးကိုကူးပြောင်းနိုင်ရန်၊ အဆင့်မြင့်ပညာရေးမြင့်မားတိုးတက်စေရန်နှင့် အသက်မွေးဝမ်းကျောင်းပညာများအရည်အသွေးမြှင့်တင်ပြီး လုပ်သားဈေးကွက်စွမ်းဆောင်ရည်ပြည့်ဝရေး၊ ကုန်စည်ဈေးကွက်နှင့် ငွေကြေးဈေးကွက်ဖွံ့ဖြိုးရေး၊ နည်းပညာကျွမ်းကျင်မှု အခြေခံသော ဈေးကွက်ဝင်ရောက်ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ကုန်စည်ပစ္စည်းထုတ်လုပ်ရေး စသည်တို့ကို ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။**

ထိုသို့ ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်ရှိသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လေ့ကျင့်မွေးထုတ်ရေး သည် အဓိကဖြစ်၍ တစ်မျိုးသားလုံးက အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က ၂၀၁၄ ခုနှစ် နိုင်ငံတော် သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် **"မိမိတို့နိုင်ငံသည် အခြားအိမ်နီးချင်းနိုင်ငံများထက် ဖွံ့ဖြိုးမှုနောက်ကျနေသည့် နိုင်ငံဖြစ်သည့် အတွက် သူများခြေတစ်လှမ်းလှမ်းရင် မိမိတို့က လေးငါးလှမ်းလှမ်းရမည် ဖြစ်ပါကြောင်း၊ ခြေလှမ်းတစ်လှမ်းတိုင်းကို ထိရောက်သည့် စွမ်းဆောင်မှုနှင့် အကျိုးရလဒ်ရအောင် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းကြပါ"** ဟု တိုက်တွန်းမှာကြားခဲ့ကြောင်း တွေ့ရှိရသည်။

ထိုကဲ့သို့ နိုင်ငံ့စွမ်းအား လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်အားကောင်းလာရန် ဆောင်ရွက်နိုင်ခြင်းသည် မြန်မာနိုင်ငံအနေဖြင့် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်သကဲ့သို့ ကမ္ဘာ့နိုင်ငံများနှင့်အညီ ရင်ပေါင်တန်းရပ်တည်လာနိုင်မည်လည်း ဖြစ်ပါသည်။ မိမိနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များဖြင့် သိရှိတတ်စွမ်းသမျှ စွမ်းအားများကို အသုံးပြုပြီး မြို့ပြနှင့် ကျေးရွာများကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်သူများ၊ စီးပွားရေးကဏ္ဍတွင် အသေးစား၊ အလတ်စားအပါအဝင် ပုဂ္ဂလိကလုပ်ငန်းများမှ နိုင်ငံ့စီးပွားရေးကို ဖွံ့ဖြိုးအောင်စွမ်းဆောင်နိုင်သူများ၊ ပရဟိတစိတ်ဓာတ်နှင့် ကိုယ်ကျိုးမဖက်ဘဲ သက်စွန့်ကြိုးပမ်းဆောင်ရွက်သူများ၊ လှူဒါန်းထောက်ပံ့သူများ၊ အားကစားနှင့် ပညာရေးကဏ္ဍများမှ ထူးချွန်သူများကို စွမ်းဆောင်ရည်ဆုများ ချီးမြှင့်ပေးခြင်းဖြင့် မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများကို ဖြစ်ပေါ်စေပါသည်။

ထိုကဲ့သို့ တိုးတက်ဖွံ့ဖြိုးမှုများအပြင် ပုဂ္ဂလိကအခန်းကဏ္ဍ၏ အရေးပါမှုကို သိသာထင်ရှားစွာမြင်တွေ့နိုင်မည်ဖြစ်ပြီး ရှေ့သို့တက်လှမ်းနိုင်မည့် ခြေလှမ်းများအတွက် တွန်းအားများဖြစ်ပေါ်စေသည်။ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကိုလည်း ဆုချီးမြှင့်ပေးနိုင်မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင်လည်း တစ်ပြေးညီ ပါဝင်ယှဉ်ပြိုင်မှုကို ဖြစ်ပေါ်စေပြီး နိုင်ငံအတွင်းရှိ မည်သည့်နေရာဒေသမှ မည်သည့်စီးပွားရေးလုပ်ငန်းဖြစ်စေ၊ တိုးချဲ့၍ရမည်ဆိုသည့် စွမ်းအားနှင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိစေမည်ဖြစ်ပါသည်။ ထို့အပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်သူများအတွက်လည်း စီးပွားရေးဆိုင်ရာအရွေ့များကို ကျယ်ကျယ်ပြန့်ပြန့်ဖြင့် မြင်တွေ့လာစေနိုင်မည်ဖြစ်သည်။

**ထိုသို့ ဆုများကို ရွေးချယ်ချီးမြှင့်ရာတွင်လည်း လုပ်ငန်းကော်မတီများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက အဆင့်ဆင့်ရွေးချယ်ကြခြင်းဖြစ်သည်။ စည်းမျဉ်းစည်းကမ်းများနှင့် စိစစ်သုံးသပ်ချက်များမှစ၍ နယ်ပယ်အားလုံးမှ ပညာရှင်အသီးသီးကို သတ်မှတ်ပါဝင်စေပြီး ဆောင်ရွက်ကြခြင်းဖြစ်သကဲ့သို့ ကွင်းဆင်းစစ်ဆေးမှုများဖြင့်လည်း ဆောင်ရွက်လျက်ရှိသည်။ ဆုများကို ထိုက်တန်စွာ ချီးမြှင့်နိုင်ရန်အတွက် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများသည် သက်ဆိုင်ရာကဏ္ဍအသီးသီးတွင် အများပြည်သူအကျိုးစီးပွားကိုဦးစားပေးဆောင်ရွက်သူ၊ ဒေသခံပြည်သူများအတွက် အမှန်လိုအပ်နေသောလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အဖွဲ့အစည်းများ၊ နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသည့် အခွန်ဘဏ္ဍာငွေအပိုင်းတွင် အမှန်တကယ်ပေးဆောင်သူများ၊ အကျိုးအမြတ်မယူဘဲ ဆောင်ရွက်သူများ၊ တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်ရောင်းချသူများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်နိုင်ကြသူများကို ဆုများချီးမြှင့်နိုင်ရန်အတွက် လုပ်ငန်းဆောင်ရွက်နေကြသည့်ဒေသများသို့ အကြိမ်ကြိမ်သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး အမှတ်ပေးစနစ်၊ စည်းမျဉ်း၊ စည်းကမ်းနှင့် အထောက်အထား မှတ်တမ်းများဖြင့် အကဲဖြတ်ပြီး စိစစ်ရွေးချယ်ကြခြင်းဖြစ်ပါသည်။**

ထိုကဲ့သို့ ဆုများရွေးချယ်ရာတွင် ဝိဝါဒကွဲပြားမှုများရှိကြသော်လည်း ရွေးချယ်ရေးအဖွဲ့ဝင်များအားလုံး၏ တူညီသောအမြင်မှာ သက်ဆိုင်ရာကဏ္ဍအလိုက် အမှန်တကယ် စွမ်းစွမ်းတမံ ဆောင်ရွက်သူများဖြစ်ရမည်ဆိုသည့် သဘောထားပင်ဖြစ်သည်။ ထို့ကြောင့်လည်း ချီးမြှင့်သင့်၊ ချီးမြှင့်ထိုက်သူများကို စိစစ်ရွေးချယ်နိုင်ခြင်းဖြစ်ပြီး ယှဉ်ပြိုင်မှုကောင်းသည့် ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ခြင်းကြောင့် ထူးချွန်ပြောင်မြောက်သူများ ပေါ်ထွက်လာခြင်းပင်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုများ ချီးမြှင့်မှုနှင့် သာသနာရေးနှင့် လူမှုရေးဆိုင်ရာ စွမ်းဆောင်နိုင်သော သံဃာတော်များကို နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်ခြင်းများ နှစ်စဉ်ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေးတို့အတွက် စွမ်းဆောင်ကြမည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသော စီးပွားရေးစွမ်းဆောင်ရှင်များ၊ လူမှုရေးစွမ်းဆောင်ရှင်များနှင့် အဖွဲ့အစည်းများ တိုးပွားလာမည်ဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မြို့ပြ/ကျေးရွာများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# အာဆီယံနိုင်ငံများမှ တပ်မတော်ဆေးတပ်ဖွဲ့များအချင်းချင်း လူထုအကျိုးပြုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဧပြီ ၃၀**

မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၅)ကြိမ်မြောက် အာဆီယံ ဆေးတပ်ဖွဲ့အကြီးအကဲများ စုံညီအစည်းအဝေး (5th ASEAN Chiefs of Military Medicine Conference-5th ACMMC) ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အာဆီယံနိုင်ငံများမှ ဆေးတပ်ဖွဲ့ ကိုယ်စားလှယ်အရာရှိကြီးများ၊ စစ်သံမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။







ရှေးဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းက (၅)ကြိမ်မြောက် အာဆီယံဆေးတပ်ဖွဲ့ အကြီးအကဲများ စုံညီအစည်းအဝေး (5th ACMMC) အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်စိုးဝင်းက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်ပြီး ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် အဖွဲ့ဝင်များသည် အာဆီယံနိုင်ငံများမှ ဆေးတပ်ဖွဲ့ကိုယ်စားလှယ် အရာရှိကြီးများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နံနက် ၁၀ နာရီတွင် အာဆီယံနိုင်ငံများမှ ဆေးတပ်ဖွဲ့ ကိုယ်စားလှယ်များသည် (၅)ကြိမ်မြောက် အာဆီယံဆေးတပ်ဖွဲ့အကြီးအကဲများ စုံညီအစည်းအဝေးကို ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များသည် ယခုနှစ် အာဆီယံဆေးတပ်ဖွဲ့အကြီးအကဲများ စုံညီအစည်းအဝေး၏ ဆောင်ပုဒ်ဖြစ်သော "Military Medical Services: Benefits to Community" "တပ်မတော် ဆေးတပ်ဖွဲ့များ၏ ပြည်သူလူထုအပေါ် အကျိုးပြုလုပ်ငန်းများ" ခေါင်းစဉ်အား နိုင်ငံအက္ခရာစဉ်အလိုက် အသီးသီး ဆွေးနွေးကြသည်။ ထို့အပြင် အာဆီယံနိုင်ငံများမှ တပ်မတော်ဆေးတပ်ဖွဲ့များအချင်းချင်း လူထုအကျိုးပြုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဆေးပညာရပ်များနီးနှောဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင်ဆက်လက်ကျင်းပပြီး ညနေ ၃ နာရီတွင် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးက (၆)ကြိမ်မြောက် အာဆီယံဆေးတပ်ဖွဲ့ အကြီးအကဲများ စုံညီအစည်းအဝေးကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ဖိလစ်ပိုင်နိုင်ငံမှ Col. Joseph M Acosta ထံ အထိမ်းအမှတ်ပစ္စည်းအား လွှဲပြောင်းပေးအပ်၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ အစည်းအဝေးနှင့် တစ်ချိန်တည်းတွင် အစည်းအဝေးတက်ရောက်လာသော အာဆီယံဆေးတပ်ဖွဲ့များမှ ဆေးမှူးအရာရှိများ၏ ဆေးပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကို ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် စစ်ရေးနှင့်မသက်ဆိုင်သည့်သင်တန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဧပြီ ၃၀**

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး လှဌေးဝင်းသည် ဩစတြေးလျတပ်မတော် International Policy Division မှ Director General of South East Asia ဖြစ်သူ Brigadier John Mackenzie အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆိုင်ရာများ၊ စစ်ရေးနှင့်မသက်ဆိုင်သည့် သင်တန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး Brigadier John Mackenzie နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ စစ်သံမှူး Captain Johnathan Burs Dudley နှင့်တာဝန်ရှိသူတို့ တက်ရောက်ကြသည်။ **(မြဝတီ)**

# အောင်လက်မှတ်နှင့် အောင်လက်မှတ်မိတ္တူလျှောက်လွှာပုံစံများ ဝက်ဘ်ဆိုက်မှ ရယူလျှောက်ထားနိုင်

**ရန်ကုန် ဧပြီ ၃၀**

မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနတွင် တက္ကသိုလ်ဝင်/အခြေခံပညာအထက်တန်း စာမေးပွဲအောင်လက်မှတ်နှင့် အောင်လက်မှတ်မိတ္တူတို့ကို ထုတ်ယူရန်အတွက် လျှောက်လွှာပုံစံများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ဝက်ဘ်ဆိုက်ဖြစ်သော www. moemyanmar. net တွင် Download ဆွဲယူ၍ ဖြည့်စွက်လျှောက်ထားနိုင်သည်။

အဆိုပါ လျှောက်လွှာများကို Download ဆွဲယူ၍ လိုအပ်သည့် အချက်အလက်များ ဖြည့်စွက်ကာ ရုံးအမှတ်(၅၂) မြန်မာနိုင်ငံစာစစ်ဦးစီးဌာန နေပြည်တော်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရန်ကုန်ရုံးခွဲ) ဖွဲ့ကပင်ဆောင်၊ လှိုင်တက္ကသိုလ်ဝင်း ရန်ကုန်မြို့တို့တွင် တင်ပြလျှောက်ထားနိုင်သည်။

"အောင်လက်မှတ်လျှောက်လွှာပုံစံကို ဝက်ဘ်ဆိုက်မှာ တင်ထားပေးတာက ကျောင်းသား ကျောင်းသူတွေ အောင်လက်မှတ်လာထုတ်တဲ့အခါ လိုအပ်တဲ့ အချက်အလက်တွေ ကြိုတင်ပြီးသိရှိနိုင်ဖို့နဲ့ ရပ်ဝေးက ကျောင်းသား ကျောင်းသူတွေလည်း လျှောက်လွှာပုံစံ Download ဆွဲယူပြီး လျှောက်လွှာမှာ အချက်အလက်တွေ ဖြည့်ပေးနိုင်ဖို့ပါ" ဟု မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ထိုက်က ပြောကြားသည်။

အောင်လက်မှတ် လျှောက်ထားရာတွင် ပူးတွဲဓာတ်ပုံ နှစ်ပုံ၊ ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်း ၄၀၀ ကျပ်တန်၊ ကျောင်းသား ကျောင်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူတို့လိုအပ်သည်။ အောင်လက်မှတ်ကို ကိုယ်စားလှယ်ဖြင့်ထုတ်ယူမည့်သူများအတွက် ကျောင်းသား ကျောင်းသူနှင့် ထုတ်ယူမည့် ကိုယ်စားလှယ်တို့၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကိုယ်စားလှယ်လွှဲစာတို့ကို ယူဆောင်လာရမည်ဖြစ်သည်။

"အောင်လက်မှတ်ပျောက်ဆုံးတဲ့ ကျောင်းသား ကျောင်းသူတွေအနေနဲ့ အောင်လက်မှတ်မိတ္တူထုတ်ယူနိုင်ဖို့အတွက် လိုအပ်ချက်တွေအကုန်လုံး ကြိုတင်စုစည်းနိုင်ဖို့နဲ့ လျှောက်လွှာပုံစံ Download ဆွဲယူပြီး လျှောက်လွှာမှာလိုအပ်ချက်တွေဖြည့်လာနိုင်ဖို့အတွက်ပါ။ ဒါပေမယ့် ထုတ်တဲ့အခါမှာတော့ ကိုယ်တိုင်လာထုတ်မှ ရပါမယ်။ ဘာလို့လဲဆိုတော့ အခြေခံပညာအထက်တန်းစာမေးပွဲ အောင်လက်မှတ်မူရင်းပျောက်သွားရင် မိတ္တူကို တစ်ကြိမ်ပဲ ထုတ်လို့ရပါတယ်။ အရင်က အဲဒီလိုမိတ္တူလျှောက်ရင် ကျမ်းကျိန်လွှာတို့၊ ရဲစခန်းထောက်ခံစာတို့ စတဲ့အချက် ၁၀ ချက်လောက်လိုပါတယ်။ အခုတော့ အဲဒီအချက်တွေ လျှော့ပေါ့ပြီး ပညာရေးဝန်ကြီးဌာနရဲ့ ပြန်တမ်းဝင်အရာရှိနှစ်ဦးထောက်ခံချက်ပဲလိုပါတယ်။ ကျောင်းသား ကျောင်းသူတွေ အဆင်ပြေအောင်လို့ ဖြေလျှော့ပေးလိုက်တာပါ" ဟု ၎င်းက ပြောပြသည်။

အောင်လက်မှတ်မိတ္တူထုတ်ယူရန်အတွက် အဆိုပါ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနရုံးများတွင် ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်းကျပ် ၁၀၀၀ ဖိုးဝယ်ယူကာ လျှောက်လွှာတွင်ကပ်၍ အမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ ခုံအမှတ်၊ အောင်မြင်သည့် ခုနှစ်၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ပြန်တမ်းဝင်အရာထမ်း(အလယ်တန်းကျောင်းအုပ်အဆင့်နှင့်အထက်)၏ ထောက်ခံချက်၊ ပျောက်ဆုံးသည့်အကြောင်းအရင်းနှင့် ဝန်ခံချက်တို့ကို ရေးသားပြီး လိုအပ်ချက်များဖြည့်စွက်ကာ ဓာတ်ပုံနှစ်ပုံဖြင့် လျှောက်ထားနိုင်သည်။

အောင်စာရင်းထုတ်ပြန်ပြီး မကြာမီရက်များအတွင်း အမှတ်စာရင်းထုတ်ပေးချိန်မှလွဲ၍ ကျန်ကာလများတွင်အောင်လက်မှတ်ကို ရုံးချိန်အတွင်း လျှောက်ထားပါက နာရီပိုင်းအတွင်း ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်ချိုဝင်း**

**ဧပြီ ၃၀ ရက်က မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ သီပေါမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ (၆၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားတွင် ပြသမည့် မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးလောင်ပြင် အသက်ကယ်ဆယ်ရေး စွမ်းရည်သရုပ်ပြလေ့ကျင့်နေမှုကို တွေ့ရစဉ်။** စိုင်း(သီပေါ)




## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင်မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**


## မိုးလေဝသ အခြေအနေ

**ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့နှင့် အောင်လံမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** သီပေါမြို့နှင့် မြိတ်မြို့တို့တွင် ၀ ဒသမ ၅၁ လက်မစီ၊ ကျိုင်းတုံမြို့၊ ကော့ကရိတ်မြို့နှင့် မော်လမြိုင်မြို့တို့တွင် ၀ ဒသမ ၄၇ လက်မစီ၊ မြစ်ကြီးနားမြို့တွင် ၀ ဒသမ ၄၃ လက်မနှင့် ဗန်းမော်မြို့တွင် ၀ ဒသမ ၃၈ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအသင့်အတင့်ရှိမည်။

# အလုပ်သမားထုကြီးတစ်ရပ်လုံး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်နှင့်အတူ ကြိုးပမ်းဖော်ဆောင်

ရွှေဖုံးမှ ❄

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ မိမိတို့၏ နိုင်ငံသားများအတွက် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးနိုင်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မြန်မာနိုင်ငံ၌လည်း နိုင်ငံတော်အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာတွင် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးတို့အတွက် အလုပ်လုပ်နိုင်သူတိုင်း သင့်တော်ကောင်းမွန်သော အလုပ်အကိုင်များရရှိရေးကိစ္စကို အဓိကထားပြီး ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံရှိလုပ်သားအင်အားကို စနစ်တကျ အကျိုးရှိစွာ အသုံးချနိုင်ရေး၊ အမှန်တကယ်အလုပ်လုပ်လိုသူများကို သင့်တော်ကောင်းမွန်သော လုပ်ငန်းခွင်များ၌ နေရာချထားပေးနိုင်ရေး၊ စည်းကမ်းကောင်းမွန်ပြီး စွမ်းဆောင်ရည်ထက်မြက်သော ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ် ပေါ်ထွန်းရေးနှင့် ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော အရည်အချင်းရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးတည်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအချိန်ကာလသည် ၂၀၁၄ ခုနှစ်ကုန်ဆုံးပြီး ၂၀၁၅ ခုနှစ် အတွင်းသို့ ကူးပြောင်းဝင်ရောက်နေသည့်ကာလဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်သည် မြန်မာနိုင်ငံ၌ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခင်းအကျင်း အသစ်များ ပေါ်ပေါက်လာမည့် အရေးကြီးသော အပြောင်းအလဲကာလတစ်ခုဖြစ်လာနိုင်သည့်နည်းတူ မြန်မာနိုင်ငံ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ခိုင်မာသည့် အလုပ်သမား ဈေးကွက်ပေါ်ပေါက်လာရေးအပါအဝင် အဓိကကျသော အခန်းကဏ္ဍများ၌လည်း လွန်စွာအရေးကြီးသည့်အဆင့်သို့ ရောက်ရှိနေသည့်ကာလလည်းဖြစ်ပါသည်။ ထိုသို့သောအချိန်ကာလတွင် မြန်မာအလုပ်သမားကြီးများ၏ ကျွမ်းကျင်မှုများ၊ အတွေ့အကြုံများ၊ အကြံဉာဏ်များနှင့်ကြိုးစားအားထုတ်မှုများသည် နိုင်ငံအတွက် အဖိုးမဖြတ်နိုင်သော အင်အားစုများပင်ဖြစ်ပါသည်။

အားလုံးသိကြသည့်အတိုင်း မြန်မာနိုင်ငံအပါအဝင် အာဆီယံဒေသအတွင်း၌ အာဆီယံစီးပွားရေး အသိုက်အဝန်းဖြစ်သော ASEAN Economic Community (AEC) သည် ယခုနှစ်အတွင်း ပေါ်ထွန်းလာတော့မည်ဖြစ်ပါသည်။ ထိုသို့သောအခြေအနေတွင် ကျွမ်းကျင်အလုပ်သမားများ လွတ်လပ်စွာ ကူးသန်းသွားလာလုပ်ကိုင်ခြင်း လုပ်ငန်းစဉ်အရ အာဆီယံဒေသအတွင်းရှိ ကျွမ်းကျင်အလုပ်သမားများသည် အာဆီယံနိုင်ငံများအကြား လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာလုပ်ကိုင်နိုင်ကြတော့မည်ဖြစ်ပါသည်။

ဤကဲ့သို့ အာဆီယံဒေသ၏ ပြောင်းလဲမှုဖြစ်စဉ်တွင် မြန်မာနိုင်ငံ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဆင့်အလိုက်၊ ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်လျက်ရှိခြင်း၊ မူဝါဒရေးရာ ဖြေလျှော့မှုများ ပြုလုပ်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်ခဲ့ခြင်း၊ ထားဝယ်၊ သီလဝါနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များ ပေါ်ထွန်းလာခြင်းနှင့် မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ ကြီးမားသော လူဦးရေနှင့် ဈေးကွက်ကြီးများရှိသည့် တရုတ်၊ အိန္ဒိယနှင့် အာဆီယံဒေသတွင်း၌ ရှိနေခြင်းနှင့် အလားအလာကောင်းသော စီးပွားရေးစကြံအတွင်း၌ ရှိနေခြင်းအစရှိသည့် ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်သော အခြေအနေကောင်းများကြောင့် မြန်မာနိုင်ငံ၌ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဝင်ရောက်လျက်ရှိသည့်နည်းတူ ပိုမိုဝင်ရောက်လာရန် တာစူနေကြသည့် အလားအလာကောင်းများ ရှိနေသည်ကိုလည်း မြင်တွေ့နေရပြီဖြစ်ပါသည်။

ယနေ့ခေတ်ဈေးကွက်စီးပွားရေးစနစ်အရ မြန်မာနိုင်ငံတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအများအပြား လာရောက်လုပ်ကိုင်လျက်ရှိရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် လုပ်သားအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချပြီး ကုန်ထုတ်စွမ်းအားတိုးတက်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို ဦးစားပေးဖော်ဆောင်လျက်ရှိသကဲ့သို့ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည့်နည်းပညာရပ်များနှင့် လိုက်လျောညီထွေစွာ အလုပ်သမားများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်လာရေးကိုလည်း ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။

ထိုနည်းတူစွာပင် နိုင်ငံတော်အစိုးရက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးသည့်အနေဖြင့် ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်များ၏ စက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အားပေးကူညီလျက်ရှိသဖြင့် လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနှံ့ စက်မှုဇုန်များပေါ်ထွန်းလာပြီး စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းအသစ်များ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေပြီဖြစ်ပါသည်။

ထိုသို့သော အခြေအနေတွင် နိုင်ငံတော်မှလည်း အလုပ်သမားများ ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိခံစားနိုင်ပြီး အလုပ်သမားထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်စေရေးအတွက် အလုပ်သမားနှင့် အလုပ်ရှင်များအကြား သင့်တင့်မျှတသော အလုပ်သမားရေးရာ ကျင့်စဉ်များ ရှင်သန်ကျင့်သုံးနိုင်စေရန် အလုပ်သမားရေးရာဥပဒေများကို ခေတ်စနစ်နှင့်အညီ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အသစ်ရေးဆွဲခြင်းများကို ဆောင်ရွက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းသော လုပ်ငန်းခွင်များ ဖြစ်တည်နိုင်စေရေးအတွက် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

အလားတူပင် ၂၀၁၁ ခုနှစ်၌ ပြဋ္ဌာန်းခဲ့သော အလုပ်သမားအဖွဲ့အစည်းဥပဒေအရ အလုပ်သမားနှင့် အလုပ်ရှင်အဖွဲ့အစည်းများကို လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြုထားရာ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အလုပ်သမားအဖွဲ့အစည်း ၁၆၂၁ဖွဲ့၊ အလုပ်ရှင်အဖွဲ့အစည်း ၃၀ ဖွဲ့၊ အလုပ်သမားနှင့် အလုပ်ရှင်အဖွဲ့အစည်း စုစုပေါင်း ၁၆၅၁ ဖွဲ့ကို ဖွဲ့စည်းခွင့်ပြုခဲ့ပြီးသကဲ့သို့ အချို့သော အလုပ်သမားအဖွဲ့အစည်းများကို ဥပဒေနှင့်အညီ အဖွဲ့ချုပ်အဆင့်အထိ ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ စက်ရုံ၊အလုပ်ရုံများနှင့် လုပ်ငန်းအသစ်များ တိုးတက်များပြားလာမှုကြောင့် မြန်မာလုပ်သားထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာသည့်နည်းတူ အခြားတစ်ဖက်၌လည်း ရှောင်လွှဲ၍မရသည့် အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှုများနှင့် တောင်းဆိုဆန္ဒပြမှုများ ဖြစ်ပေါ်နေသည်ကိုလည်း တွေ့ရှိနေရပါသည်။ ဤသို့သော အခြေအနေတွင် အဆိုပါပြဿနာများကို အလျင်အမြန်မဖြေရှင်းနိုင်ခဲ့လျှင် (သို့မဟုတ်) လျော့နည်းသွားစေရန် ဥပဒေနှင့်အညီ မဆောင်ရွက်နိုင်ခဲ့လျှင် နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းကို ထိခိုက်လာနိုင်ခြင်း၊ အလုပ်သမားများနှင့် မိသားစုဝင်များ၏ စားဝတ်နေရေးကို ထိခိုက်စေနိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အဟန့်အတားဖြစ်စေနိုင်ခြင်းနှင့် ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်များအတွက် လုပ်ငန်းတိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များကို နှောင့်နှေးသွားစေနိုင်ခြင်း စသည်တို့ကြောင့် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် နိုင်ငံတော်၏ စီးပွားရေးအပေါ်၌လည်း မလိုလားအပ်သည့် သက်ရောက်မှုများ ကျရောက်လာနိုင်မည့် အခြေအနေကိုလည်း သတိပြုရန် လိုအပ်ပါသည်။

အမှန်တကယ်အားဖြင့် အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုများကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြေရှင်းလိုက်ပါက အေးအေးချမ်းချမ်းဖြင့် လုပ်ငန်းခွင်မပျက်ဆောင်ရွက်သွားနိုင်ကြမည်ဖြစ်ပါသည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းမပြုဘဲ ကိုယ်စီဆန္ဒများဖြင့် ဥပဒေကို မျက်ကွယ်ပြု၍ ဖြေရှင်းနေကြမည်ဆိုပါက ကုန်ထုတ်လုပ်မှုကို များစွာထိခိုက်စေမည်ဖြစ်သကဲ့သို့ အလုပ်ရှင်နှင့် အလုပ်သမားများ၏ အကျိုးစီးပွားကိုလည်း များစွာထိခိုက်နစ်နာစေမည်ဖြစ်၍ အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှုများကို အတည်ပြုပြဋ္ဌာန်းထားပြီးဖြစ်သည့် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်း ရေးဥပဒေနှင့် သက်ဆိုင်ရာနည်းဥပဒေများနှင့်အညီ ကိုယ်ချင်းစာတရားဖြင့် မျှတစွာ တွေးခေါ်စဉ်းစားပြီး ငြိမ်းချမ်းစွာ ဖြေရှင်းကြရန်လိုအပ်ပါသည်။

အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနကလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားနှင့်ပညာရှင်များပါဝင်သောအဖွဲ့များကို ဖွဲ့စည်း၍ မြို့နယ်ပေါင်း ၁၀၈ မြို့နယ်သို့ ကွင်းဆင်းကာ နေရာဒေသအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက် အခြေခံအလုပ်သမားများရရှိနေ သည့် လုပ်ခလစာများနှင့် နေထိုင်စားသောက်မှုစရိတ်စစ်တမ်းများကို ကောက်ယူပြီးဖြစ်၍ ရရှိလာသော စစ်တမ်းများကို အခြေခံ၍လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အလုပ်ရှင်နှင့်အလုပ်သမားအဖွဲ့အစည်းများထံမှ အကြံဉာဏ်များတောင်းခံ၍ လည်းကောင်း အလုပ်သမားများအတွက် အနည်းဆုံး အခကြေးငွေ သတ်မှတ်ပေးနိုင်ရေးကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုလိုအပ်ချက်များ၊ လက်ရှိလုပ်ခလစာများ၊ စားဝတ်နေရေးအတွက် ကုန်ကျစရိတ်များနှင့်ယင်းကုန်ကျစရိတ်များ၏ ပြောင်းလဲနေမှုများ၊ ကုန်ဈေးနှုန်းနှင့်ငွေကြေးဖောင်းပွနိုင်မှုအခြေအနေများ၊ အလုပ်သမားများအတွက် လိုက်လျောညီထွေရှိမည့် လူနေမှုအဆင့်အတန်းနှင့် အခြေခံလိုအပ်ချက်များ စသည့်အချက်များကို အဓိကထားပြီးထည့်သွင်း တွက်ချက်ရန်လိုအပ်သဖြင့် အချိန်အတိုင်းအတာတစ်ခု ရယူဆောင်ရွက်နေရခြင်းဖြစ်ပါသည်။

အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်ပေးရာတွင် မြင့်မားစွာ သတ်မှတ်ပေးပါက ကုန်ထုတ်လုပ်မှု စရိတ်များ တိုးမြင့်လာပြီး ကုန်ဈေးနှုန်းများမြင့်မားလာနိုင်ခြင်း၊ အလုပ်သမားစရိတ် သက်သာစေရန်အတွက် အလုပ်သမားအင်အားကို လျှော့ချပြီး စက်စွမ်းအားကို ပိုမိုအသုံးပြုလာနိုင်ခြင်းကြောင့် အလုပ်လက်မဲ့များ တိုးပွားလာနိုင်ခြင်းနှင့် နောက်ဆုံးအခြေအနေတွင် လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိတော့သဖြင့် စက်ရုံများပိတ်သိမ်းသွားသည့်အခြေအနေသို့ရောက်ရှိသွားနိုင်ခြင်း စသည့်အလုပ်သမားထုအတွက် မလိုလားအပ်သည့် ဆိုးကျိုးသက်ရောက်မှုများ ရှိလာနိုင်သကဲ့သို့ လုပ်ခလစာ မြင့်မားမှုကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများစီးဝင်လာခြင်းကို အဟန့်အတားဖြစ်စေနိုင်သည့် ဆိုးကျိုးသက်ရောက်မှုများလည်း ရှိလာ

## ကျွမ်းကျင်အလုပ်သမားများ လွတ်လပ်စွာ ကူးသန်းသွားလာလုပ်ကိုင်ခြင်း လုပ်ငန်းစဉ်အရ အာဆီယံဒေသအတွင်းရှိ ကျွမ်းကျင်အလုပ်သမားများသည် အာဆီယံနိုင်ငံများအကြား လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာလုပ်ကိုင်နိုင်ကြတော့မည်ဖြစ်ပါသည်။

အလုပ်ရှင်များအနေဖြင့်လည်း ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမြတ်အစွန်းတစ်ခုတည်းကိုသာမကြည့်ဘဲ လူမှုပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် တာဝန်ယူဆောင်ရွက်ပေးသောစနစ်ဖြစ်သည့် Corporate Social Responsibility (CSR) ကိုလည်း ထည့်သွင်းဆောင်ရွက်ခြင်းဖြင့် အေးချမ်းသာယာ၍ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သင့်တော်ကောင်းမွန်သော လုပ်ငန်းခွင်ကို တည်ဆောက်ကြရန် လိုအပ်ပါသည်။ ထိုသို့ ဆောင်ရွက်ပေးမှသာ ကျန်းမာကြံ့ခိုင်ပြီး စွမ်းဆောင်ရည်ပြည့်ဝသည့် အလုပ်သမားအင်အားထု၏ စွမ်းအားဖြင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ လက်ရှိပြောင်းလဲနေသော အခင်းအကျင်းအသစ်များတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကဏ္ဍသည်လည်း အဓိကအခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေပါသည်။ မြန်မာနိုင်ငံ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဆင့်အလိုက်၊ ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲမှုများ၊ မူဝါဒ ရေးရာဖြေလျှော့မှုများပြုလုပ်ပြီး ပြည်တွင်း၊ ပြည်ပက ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်ဆောင်ရွက်လျက်ရှိခြင်းကြောင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများတိုးတက်များပြားလာမှုကို အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် စွမ်းရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်သောလုပ်သားအင်အားထုကြီးကို လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

လက်ရှိအချိန်တွင် အလုပ်သမားများ တောင်းဆိုနေကြသည့် ကိစ္စတစ်ရပ်မှာ အလုပ်သမားများအတွက် အနည်းဆုံး အခကြေးငွေ သတ်မှတ်ပေးရေးကိစ္စပင်ဖြစ်ပါသည်။ အမှန်တကယ်အား ပုဂ္ဂလိကကဏ္ဍ၌ အလုပ်လုပ်နေကြသော အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေကို သက်ဆိုင်ရာ လုပ်ငန်းရှင်နှင့် အလုပ်သမားများအကြား နှစ်ဖက်ညှိနှိုင်းပြီး သဘောတူသတ်မှတ်နိုင်ခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။ သို့ရာတွင် အလုပ်တစ်ခုကို တွဲလုပ်နေကြသူအချင်းချင်း တစ်ဖက်က တောင်းဆိုမှုနှင့် အခြားတစ်ဖက်ကလိုက်လျောပေးနိုင်မှု ကွာဟနေမှုကြောင့် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီက ဦးစီးပြီး လုပ်ငန်းစဉ် (၅)ရပ်ချမှတ်၍ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားသုံးပွင့်ဆိုင် ညှိနှိုင်းဆွေးနွေးအဖြေရှာနေရခြင်းဖြစ်ပါသည်။

အလုပ်သမားများတောင်းဆိုလျက်ရှိသော အနည်းဆုံးအခကြေးငွေသတ်မှတ်ပေးနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) နှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့ (IOM) တို့ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများ၊ Myanmar Development Resource Institute (MDRI) နှင့် Myanmar Marketing Research and Development Co.,Ltd (MMRD) ကဲ့သို့သော ပြည်တွင်းပညာရှင်အဖွဲ့အစည်းများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပြီး အလုပ်သမား၊

နိုင်ပါသည်။

ထိုနည်းတူစွာပင် အခကြေးငွေနည်းပါးပါကလည်း အလုပ်သမားများ၏ စားဝတ်နေရေးအခက်အခဲများဖြစ်ပေါ်ကာ အလုပ်သမားနှင့် အလုပ်ရှင်တို့အကြား အငြင်းပွားမှုများ၊ တောင်းဆိုဆန္ဒပြမှုများ ပိုမိုများပြားလာနိုင်သဖြင့် လုပ်ငန်းခွင် အေးချမ်းသာယာမှုကို ထိခိုက်လာနိုင်ပြီး စက်ရုံများရပ်နားပိတ်သိမ်းရမှုကြောင့် အလုပ်သမားများ၏ စားဝတ်နေရေးကို ထိခိုက်စေနိုင်သည့်အပြင် ကုန်ထုတ်စွမ်းအားကျဆင်းလာမှုကြောင့် နိုင်ငံတော်၏ စီးပွားရေးကိုလည်း ထိခိုက်စေနိုင်ကြောင်း သတိပြုရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးကိစ္စကို အလုပ်ရှင်နှင့် အလုပ်သမားများ၏ ရေရှည်အကျိုးစီးပွားအတွက် အဘက်ဘက်မှ လွှမ်းခြုံ စဉ်းစားပြီး အလုပ်သမားများနှင့် အလုပ်ရှင်များ နှစ်ဦးနှစ်ဖက်သဘောတူညီပြီး လက်တွေ့လိုက်နာကျင့်သုံးနိုင်မည့် နှုန်းထားကို အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားသုံးဦးသုံးဖလှယ် အပြုသဘောဆောင်သော ဆွေးနွေးညှိနှိုင်းမှုများဖြင့် ဆုံးဖြတ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

လက်ရှိအချိန်တွင် Globalization ဖြစ်စဉ်နှင့် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးအခြေအနေပြောင်းလဲမှုများနှင့်အတူ နိုင်ငံတစ်နိုင်ငံချင်းစီ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မှုနှင့် လူနေမှုအဆင့်အတန်းကွာဟမှု စသည့်အမျိုးမျိုးသော အခြေအနေများကြောင့် နိုင်ငံတစ်နိုင်ငံမှ အခြားတစ်နိုင်ငံသို့ အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ရှာဖွေရန် သွားရောက်ကြသည့် ရွှေ့ပြောင်းအလုပ်သမားအရေအတွက်သည် တစ်နေ့တခြားတိုးတက်များပြားလျက်ရှိပါသည်။ အလားတူပင် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာမှုသည် ဆင်းရဲမှုလျှော့ချရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းကောင်းများ တိုးတက်ဖြစ်ပေါ် ရေးတို့အတွက် အရေးပါသည့် ဖြစ်စဉ်တစ်ခုဖြစ်နေသည့်အတွက် မြန်မာနိုင်ငံသားများသည်လည်း ပြည်ပနိုင်ငံများသို့ သွားရောက်၍ အလုပ်လုပ်ကိုင်လျက်ရှိရာ ပြည်ပရောက် မြန်မာအလုပ်သမားများ သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေများနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိစေရေးအတွက် မြန်မာအလုပ်သမားသံအရာရှိများအား တာဝန်ပေးခန့်ထားမှုအပါအဝင် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

အလားတူပင် မြန်မာရွှေ့ပြောင်း အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးရန်နှင့် မှန်ကန်သောသတင်းအချက်အလက်များ ပေးနိုင်ရန်အတွက် ရွှေ့ပြောင်းအလုပ်သမားများ ထောက်ပံ့ကူညီပေးရေးဗဟိုဌာနများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဖွင့်လှစ်ပေးလျက်ရှိပြီး မြန်မာအလုပ်သမားများ တိုင်ကြားအကူအညီတောင်းနိုင်သည့်

စာမျက်နှာ ၉ သို့

*စာမျက်နှာ ၈ မှ*

ဌာနများကိုလည်း နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ၂၄ နာရီပတ်လုံး ဖွင့်လှစ်ပေးထားပြီး ပြည်တွင်း၊ ပြည်ပ၌ အလုပ်လုပ်ကိုင်နေကြသော မြန်မာ အလုပ်သမားများနှင့် ပတ်သက်သည့် ပြဿနာများကို အချိန်နှင့် တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် အလုပ်သမားအခွင့်အရေး အပြည့်အဝရရှိရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေး၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးလုပ်ငန်းများကို မြှင့်တင် ဆောင်ရွက်ရေး၊ အလုပ်သမားကျွမ်းကျင်တတ်မြောက်သည့် အသိပညာ၊ အတတ်ပညာ၊ အတွေ့အကြုံ၊ ကျွမ်းကျင်မှုများနှင့်အညီ ပြည်တွင်း၊ ပြည်ပ၌ သင့်လျော်သည့်အလုပ်အကိုင်များ ရရှိရေးတို့ကိုလည်း ဆောင်ရွက်ပေးလျက် ရှိပြီး ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိရေး အတွက် အလုပ်သမားလိုအပ်နေသည့် အလုပ်ဌာနများနှင့် အလုပ်လုပ်လိုကြ သည့် နိုင်ငံသားများ တစ်နေရာတည်း၌ တွေ့ဆုံညှိနှိုင်း စာချုပ်ချုပ်ဆို၍ အလုပ်ခန့်ထားနိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲများကိုလည်း ကျင်းပပေးလျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင် အားဖြစ်သည့် အလုပ်သမားထုကို စွမ်းရည်ပြည့်ဝနေစေရန်နှင့် ကျန်းမာ ကြံ့ခိုင်စေရန်အတွက် လူမှုဖူလုံရေးကဏ္ဍသည်လည်း အရေးပါသည့် အခန်း ကဏ္ဍမှပါဝင်လျက်ရှိသည်။ လူမှုဖူလုံရေးစီမံကိန်းသည် နိုင်ငံတော်၏ အခြေခံ အကျဆုံးဖြစ်သောအလုပ်သမားများ၏ ဘဝအာမခံချက်ရရှိရေးကို ဆောင် ရွက်ပေးနေသော စီမံကိန်းဖြစ်၍ ယင်းလုပ်ငန်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုး တက်မှုကိုအထောက်အကူပြုနိုင်သော အရေးပါသည့်လုပ်ငန်းစဉ်တစ်ရပ် လည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ၌ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့က စတင်အာဏာသက်ဝင် ကျင့်သုံးနေပြီဖြစ်သော လူမှုဖူလုံရေး ဥပဒေသစ်အရ အလုပ်သမားများအတွက် အာမခံစနစ်များကို ကျင့်သုံးဆောင်ရွက်နေခြင်းသည် နိုင်ငံတော်က ချမှတ် ထားသည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ပင်ဖြစ်ပါသည်။ လူမှုဖူလုံရေးအဖွဲ့ကြီးသည် မြန်မာ နိုင်ငံရှိ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲ မှုလျှော့ချနိုင်ရေးအတွက် ထိရောက်စွာ ပါဝင်ဆောင်ရွက်သွားနိုင်မည့် အဖွဲ့ကြီးအဖြစ် ရပ်တည်သွားတော့မည်ဖြစ်၍ မြန်မာအလုပ်သမားထုကြီး တစ်ရပ်လုံးအတွက် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အကျိုးခံစားခွင့် များကို ပိုမိုထိရောက်စွာ ပံ့ပိုးပေးနိုင်စေရန်အတွက် အလုပ်သမားဆေးရုံကြီး များနှင့် လူမှုဖူလုံရေးဆေးခန်းများကို အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီတိုးတက် အောင်ဆောင်ရွက်ခြင်းတို့ကိုသာမက ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် ပူးပေါင်းပြီး အလုပ်သမားများအတွက် ကျန်းမာရေးပြုစု စောင့်ရှောက်မှုလုပ်ငန်းများကို တိုးတက်ဆောင်ရွက်သွားမည်ဖြစ်သည့် အပြင် ရွေ့လျားဆေးကုသယာဉ်များဖြင့် အလုပ်သမားများရှိရာ လုပ်ငန်းခွင် များအထိ သွားရောက်၍ ကွင်းဆင်းကုသမှုများကို ဆောင်ရွက်ပေးနေပြီဖြစ် ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ကြီးဖြစ်သည့် ILO ၏ လုပ်ငန်းအစီအစဉ်နှင့်အညီ မြန်မာနိုင်ငံ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အပါအဝင် နိုင်ငံတော်အစိုးရ၏ပြုပြင်ပြောင်း လဲရေးလုပ်ငန်းစဉ်များကို အထောက်အပံ့ပေးသည့်အနေဖြင့် အဓမ္မခိုင်းစေ သည့် ပုံစံများကို လျော့နည်းပပျောက်စေရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်း၊ အသင်းအဖွဲ့များကို လွတ်လပ်စွာ ဖွဲ့စည်းခွင့်နှင့် လူမှုရေးဆွေးနွေးပွဲများ ကျင်းပပေးခြင်း၊ မြန်မာရွှေ့ပြောင်းအလုပ်သမား များကိစ္စကို နိုင်ငံတကာကျင့်စဉ်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်း၊ လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေး၊ လူမှုဖူလုံရေးနှင့် အခြေခံလူမှုအကာအကွယ်ပေးရေး၊ အလုပ်သမားဥပဒေများအား ခေတ် စနစ်နှင့်အညီ ပြန်လည်သုံးသပ်ပြင်ဆင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ အလုပ်သမားများအတွက် အနည်းဆုံး အခကြေးငွေသတ်မှတ်ပေးရေး၊ လုပ်သားအင်အားစာရင်း၊ ကလေးလုပ်သား အင်အားစာရင်းနှင့် ကျောင်းအပြီး လုပ်ငန်းခွင်သို့ ကူးပြောင်းဝင်ရောက်နိုင် သည့် အင်အားစာရင်းကောက်ယူပြုစုရေး၊ အလုပ်သမားဈေးကွက်ဖွံ့ဖြိုး တိုးတက်ရေး၊ အလုပ်သမားနှင့် အလုပ်ရှင်အဖွဲ့အစည်းများ တိုးတက်ခိုင်မာ စေရေး၊ အလုပ်သမားများ၏ ကျွမ်းကျင်မှုနှင့် စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် အလုပ် အကိုင်အခွင့်အလမ်းအသစ်များ ပေါ်ထွန်းလာစေရေး၊ တာဝန်သိသော ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ပေါ်ထွန်းရေးနှင့် အလုပ်သမားထုကြီးတစ်ရပ် လုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ နှင့်အတူ အလုပ်သမားကြီးများက လက်တွဲကြိုးပမ်း အကောင်အထည်ဖော် သွားကြရန် ၂၀၁၅ ခုနှစ်၊ အလုပ်သမားနေ့ အခါသမယတွင် အလေးအနက် တိုက်တွန်းအပ်ပါသည်။

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ



ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်း အမေရိကန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

**ရန်ကုန် ဧပြီ ၃၀**

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr. John Boehner ၏ ဖိတ်ကြားချက်အရ ဧပြီ ၂၉ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် အမေရိကန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့အား ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုလွှတ်တော် နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြစ်ကြသော ဦးလှမြင့်ဦး၊ ဦးဝင်းသန်း၊ ဒေါက်တာဝင်းမြင့်၊ ဦးသိန်းထွန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**

# ကင်းထောက်လူငယ်မောင်မယ်များ ပြင်ဦးလွင်သို့ ခရီးထွက်ခွာ

**ရန်ကုန် ဧပြီ ၃၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း တက္ကသိုလ်များမှ ကင်းထောက်လူငယ် ကျောင်းသား ကျောင်းသူများနှင့် အောက်မြန်မာပြည် အခြေခံပညာ ကျောင်းများမှ ကင်းထောက်လူငယ် ကျောင်းသား ကျောင်းသူများသည် ပြင်ဦးလွင် ကင်းထောက်မောင်မယ်များ စခန်းချတွေ့ဆုံပွဲသို့ သွားရောက်ရန် ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်ဘူတာကြီးမှ အမြန်ရထားဖြင့် မန္တလေးမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။




"ဒီခရီးစဉ်က တတိယအကြိမ်ပါ။ ပြင်ဦးလွင်မှာ စခန်းချပြီး ကင်းထောက်လူငယ် ကျောင်းသား ကျောင်းသူတွေ တွေ့ဆုံကြမယ်။ လူငယ်လှုပ်ရှားမှုအနေနဲ့ အကြိုလေ့ကျင့်ပွဲတွေ လုပ်မယ်။ စခန်းချတဲ့အနေအထားအရ ကလေးတွေ စွမ်းရည်မြှင့်တင်ပွဲတွေလုပ်မယ်"ဟု ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါခရီးစဉ်တွင် တက္ကသိုလ်ကျောင်းများမှ ကင်းထောက် ကျောင်းသား ကျောင်းသူများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအပါအဝင် ကြီးကြပ်သူ ဆရာ ဆရာမများ လိုက်ပါသွားကြောင်း သိရသည်။

"ပြည်သူတွေရဲ့ လုပ်ငန်းတွေကို တွေ့တဲ့နေရာမှာ ကူညီပေးရမယ် ဆိုတဲ့ စိတ်ဓာတ်အတွေးဝင်အောင် သင်ကြားပေးသွားမယ်။ တက္ကသိုလ်တွေက ကျောင်းသားတွေကိုတော့ ဧပြီ ၂၅ ရက်ကနေ ၂၇ ရက်အထိ ကင်းထောက်သင်တန်းတွေ ပေးခဲ့တယ်။ အခြေခံပညာအတွက် အဓိကထားလုပ်နေတယ်။ တက္ကသိုလ်တွေက အခုမှ နည်းနည်းလေးစရတာပါ။ နောက်ဆို တစ်နိုင်ငံလုံးအတိုင်း အတာနဲ့ ပါလာမှာပါ"ဟု လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ရီက ထပ်မံရှင်းပြသည်။

အဆိုပါ ခရီးစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း တက္ကသိုလ်များမှ ကျောင်းသား ၃၃ ဦး၊ ကျောင်းသူ ၃၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းများမှ ကျောင်းသား ၁၂၀ ၊ ကျောင်းသူ ၁၂၀ နှင့် အောက်မြန်မာပြည် အခြေခံပညာ ကျောင်းများမှ ကျောင်းသား ၁၂၀ ၊ ကျောင်းသူ ၁၂၀ နှင့် ကြီးကြပ်သူ ဆရာ ဆရာမများ ပါဝင်လိုက်ပါခဲ့ကြောင်း သိရသည်။

**သတင်း-မင်းသစ်**
**ဓာတ်ပုံ-ဇော်မင်းလတ်**



# သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဧပြီ ၃၀**


သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ခြင်းအတွက် ပိုးလောက်လမ်းနှိမ်နင်းခြင်းဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းနှင့် ကျန်းမာရေးပညာပေး ဟောပြောခြင်း၊ အခမဲ့ဆေးကုသခြင်းအား နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ရွာတော်(တောင်) ရွာတွင် ဧပြီ ၃၀ ရက် နံနက် ၈ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီဝင် နေပြည်တော်ကောင်စီနယ်မြေ ကျန်းမာရေးတာဝန်ခံ ပါမောက္ခဒေါက်တာပိုင်စိုးက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ခြင်းနှင့် ဝမ်းလျှောဝမ်းပျက်၊ အစာအဆိပ်သင့်ခြင်း အကြောင်းအရာကိုလည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်လှလှကြည်က သန့်လေးသန့် အကြောင်းအရာကိုလည်းကောင်း၊ ခုတင် ၅၀ ဆံ့ ဆေးရုံအုပ် ဒေါက်တာနန်းကျော့ခိုင်ကခရမ်းလွန်ရောင်ခြည်အန္တရာယ်နှင့် အပူလွန်ကဲခြင်းကြောင့် ဖြစ်တတ်သော ရောဂါများအကြောင်းနှင့် ကာကွယ်ရမည့် နည်းလမ်းများအကြောင်းကို ရှင်းလင်းပြောကြားပြီး ရွာတော်(တောင်) ရွာအတွင်းရှိ နေအိမ်များ၌ အသုံးပြုသည့် ရေတွင်းရေကန်များတွင် ပိုးလောက်လမ်း နှိမ်နင်းခြင်းအတွက် ဖုံး၊သွန်၊ လဲ၊ စစ်ဆောင်ရွက်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ကျန်းမာရေးဝန်ကြီးဌာန၏ ဘဏ္ဍာငွေတိုးမြှင့်ရရှိမှုနှင့် ခွဲဝေသုံးစွဲမှု


## ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုရန်ပုံငွေ တိုးတက်ရရှိမှု

(ကျပ်သန်းပေါင်း)




## (၂၀၁၅-၂၀၁၆)ခု ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေစာရင်း

(ကျပ်သန်းပေါင်း)




* ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း စက်ပစ္စည်းနှင့်ဆေးဝါးများဝယ်ယူခြင်းအတွက် တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။


## (၂၀၁၅-၂၀၁၆)ခု ဘဏ္ဍာရေးနှစ် ဦးစီးဌာနအလိုက် မူလခွင့်ပြုရန်ပုံငွေစာရင်း




(ကျပ်သန်းပေါင်း)

| စဉ် | ဦးစီးဌာနအမည် | သာမန် အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | စုစုပေါင်း |
|---|---|---|---|---|
| ၁ | ဝန်ကြီးရုံး | ၁၃၃၁.၉၂ | ၁၉.၅၄၀ | ၁၃၅၁.၄၆၀ |
| ၂ | ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ၁၃၇၈၃၇.၀၅၃ | ၅၀၁၉၇.၆၈၀ | ၁၈၈၀၃၄.၇၃၃ |
| ၃ | ကုသရေးဦးစီးဌာန | ၂၃၃၉၀၃.၉၈၅ | ၂၆၈၀၃၉.၇၈၉ | ၅၀၃၃၅၃.၇၇၄ |
| ၄ | ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန | ၂၀၅၂၃.၀၂၅ | ၁၀၅၆၈.၁၉၈ | ၃၀၀၉၁.၂၂၃ |
| ၅ | ဆေးသုတေသနဦးစီးဌာန | ၂၉၈၀.၃၃၆ | ၁၆၄၉.၇၂၂ | ၄၆၃၀.၀၅၈ |
| ၆ | တိုင်းရင်းဆေးပညာဦးစီးဌာန | ၃၇၇၂.၇၂၁ | ၉၅၆၈.၅၉၇ | ၁၃၃၄၁.၃၁၈ |
| ၇ | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ၁၇၂၁.၀၃၇ | ၅၀၇၆.၇၇၄ | ၆၇၉၇.၈၁၁ |
| | စုစုပေါင်း | ၄၀၃၀၈၀.၀၇၇ | ၃၄၉၉၂၀.၃၀၁ | ၇၅၃၀၀၀.၃၇၈ |

## (၂၀၁၄-၂၀၁၅)ခု ဘဏ္ဍာရေးနှစ် ဦးစီးဌာနအလိုက် ပြုပြင်ပြီးခွင့်ပြုရန်ပုံငွေစာရင်း




(ကျပ်သန်းပေါင်း)

| စဉ် | ဦးစီးဌာနအမည် | သာမန် အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | စုစုပေါင်း |
|---|---|---|---|---|
| ၁ | ဝန်ကြီးရုံး | ၅၁၀.၇၅၇ | ၁၅၇.၃၄၂ | ၆၆၈.၀၉၉ |
| ၂ | ကျန်းမာရေးဦးစီးဌာန | ၃၇၉၅၃၃.၄၂၅ | ၂၄၄၈၅၅.၄၄၂ | ၆၂၄၃၈၈.၈၆၇ |
| ၃ | ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) | ၁၈၀၉.၃၃၃ | ၂၆၂၁.၂၀၇ | ၄၄၃၀.၅၄၀ |
| ၄ | ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) | ၆၅၉.၈၅၂ | ၅၀၄.၅၁၀ | ၁၁၆၄.၃၆၂ |
| ၅ | ဆေးသိပ္ပံပညာဦးစီးဌာန | ၁၄၂၆၄.၃၂၈ | ၃၆၂၅၈.၅၂၀ | ၅၀၅၂၂.၈၄၈ |
| ၆ | တိုင်းရင်းဆေးပညာဦးစီးဌာန | ၃၇၅၉.၂၇၈ | ၁၈၆၅၆.၁၅၀ | ၂၂၄၁၅.၄၂၈ |
| ၇ | ကျန်းမာရေးစီမံကိန်းဦးစီးဌာန | ၁၃၆၈.၄၈၀ | ၁၉၁.၉၃၀ | ၁၅၆၀.၄၁၀ |
| ၈ | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ၉၅၃.၈၅၀ | ၂၈၄၂.၅၆၀ | ၃၇၉၆.၄၁၀ |
| | စုစုပေါင်း | ၄၀၂၈၆၀.၃၄၅ | ၃၀၆၀၈၇.၆၆၀ | ၇၀၈၉၄၈.၀၀၆ |

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ ကိုကိုးကျွန်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကြည့်ရှုစစ်ဆေး

**ရန်ကုန် ဧပြီ ၃၀**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီတွင် ကိုကိုးကျွန်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ကိုကိုးကျွန်းမြို့နယ် ကိုကိုးကျွန်းရေလှောင်တမံ ရေထုတ်ပြွန် တည်ဆောက်ခြင်းလုပ်ငန်း ရှင်းလင်းဆောင်၌ တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းဆွေက ရေလှောင်တမံ ပြန်လည်ပြုပြင် အဆင့်မြှင့်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သာသနာ့မဏ္ဍိုင် ဘုန်းတော်ကြီးကျောင်း သာသနာပါလဓမ္မရက္ခိတ ဓမ္မာရုံ၌ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကောဝိဒအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ကိုကိုးကျွန်းမြို့နယ် ရဲတပ်ဖွဲ့စခန်းသို့ ရောက်ရှိကြပြီး ရဲတပ်ဖွဲ့ဝင် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းသူဝင်းနှင့် တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေးကာ စားသောက်ကုန်ပစ္စည်းများ၊ ကျောင်းသုံးစာအုပ်များ၊ မီးဖိုချောင်သုံးပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အသက်ကယ်ဝတ်စုံ ၃၅ စုံတို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တို့က ပေးအပ်ကြသည်။

ယင်းနောက် မြန်မာ့စီးပွားရေးဘဏ် တည်ဆောက်မည့်မြေနေရာ၊ မြို့နယ်ပြည်သူ့ဆေးရုံတို့ကို လှည့်လည်ကြည့်ရှု၍ ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ စားသောက်ကုန်ပစ္စည်းများ ပေးအပ်စဉ်။** (သတင်းစဉ်)

# အဌမတန်း ဘက်စုံထူးချွန် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ



**ပုဂံ ဧပြီ ၃၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က ၂၀၁၅ ခုနှစ် အဌမတန်း ဘက်စုံထူးချွန် ကျောင်းသားကျောင်းသူများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် ဧရာဝတီမြစ်အတွင်းရှိ တောင်ဘီသဲသောင်ကျွန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဘက်စုံပညာ ထူးချွန် ကျောင်းသား ကျောင်းသူများက "စခန်းနွေမွန်လူရည်ချွန်သီချင်း" ဖြင့် သီဆိုဖျော်ဖြေသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဘက်စုံပညာ ထူးချွန်ကျောင်းသား ကျောင်းသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဘက်စုံပညာ ထူးချွန်ကျောင်းသား ကျောင်းသူများက "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" "အောင်မြင်ပါစေ မြန်မာပြည်" တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံနေစဉ်အတွင်း အနုပညာဦးစီးဌာန မန္တလေးအနုပညာဌာနခွဲမှ အနုပညာရှင် ဝန်ထမ်းများနှင့် ပုဂံမြန်မာ ကုမ္ပဏီလီမိတက်မှ တေးဂီတအဖွဲ့က ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဂုဏ်ပြုဖျော်ဖြေခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာ့ခရီးသွားလုပ်ငန်း အောင်မြင်လျက်ရှိ

**ရန်ကုန် ဧပြီ ၃၀**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အမေရိကန်ဈေးကွက်၌ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ ဈေးကွက်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် Solimar International, Inc တို့သည် ဇန်နဝါရီ ၁၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည်။

ယင်းသဘောတူစာချုပ်အရ မြောက်အမေရိကနိုင်ငံ ဝါရှင်တန် ဒီစီမြို့၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်၏ ရုံးခွဲကို ၂၀၁၅ ခုနှစ် ဧပြီ ၉ ရက်၌ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်သည်။

လက်ရှိ မြန်မာနိုင်ငံ၏ E-Visa လျှောက်ထားမှု အများဆုံးခရီးသွားများသည် မြောက်အမေရိကမှ အများဆုံးဖြစ်ကြောင်း သိရှိရသည်။

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့သည့် စုစုပေါင်း ခရီးသွားဧည့်သည်ဦးရေ၏ ၆ ဒသမ ၉၆ ရာခိုင်နှုန်းမှာ မြောက်အမေရိကမှဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် ၆ ဒသမ ၆၂ ရာခိုင်နှုန်း ဝင်ရောက်ခဲ့သည်။

ဝါရှင်တန်ဒီစီ၌ ရုံးခွဲဖွင့်လှစ်ခြင်းအားဖြင့် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်များတွင် မြောက်အမေရိကမှ မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ တိုးတက်လာနိုင်ပြီး နောင်နှစ်များ၌ ၃၀ ရာခိုင်နှုန်းအထိ တိုးတက်ဝင်ရောက်လာနိုင်မည်ဟု မျှော်လင့်သည်။

မြောက်အမေရိကရှိ ခရီးသွားဧည့်သည် (အသက်ကြီးပိုင်းများ)သည် မြန်မာနိုင်ငံ၏ Destiantion Tour နှင့် Culture Tour များကို အဓိကစိတ်ဝင်စားပြီး လူလတ်နှင့်လူငယ်ပိုင်း ခရီးသွားဧည့်သည်များသည် Adventure Tours များကို ပိုမိုစိတ်ဝင်စားကြောင်းနှင့် အမေရိကန်ဧည့်သည်များ မြန်မာနိုင်ငံသို့ အများအပြား လာရောက်ရေး အတွက် သမားရိုးကျဆောင်ရွက်ခြင်းထက် တိုက်ရိုက်ထိုးဖောက်ဆောင်ရွက်နိုင်ရေးအတွက် ရုံးခန်းဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံမှု ဟိုတယ်များတို့ ဝိုင်းဝန်းဆောင်ရွက်ခြင်းဖြစ်ပြီး ပိုမိုထိရောက်မှုရှိစေရန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# အလုပ်သမားနေ့ဂုဏ်ပြု မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်းသန့်ရှင်းရေးပြုလုပ်

**မူဆယ် ဧပြီ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့ ပန်ဆိုင်း(ကျူကုတ်)မြို့တွင် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် ဝင်/ထွက်ပေါက်ဖြစ်သည့် ကျူကုတ်-ဝမ်တိန်တံတားဂိတ်၌ မေ ၁ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့အလုပ်သမားများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နှစ်နိုင်ငံစုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။ **(အောက်ယာပုံ)**

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ ပန်ဆိုင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ကျော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရွှေလီမြို့အစိုးရ ဒုတိယမြို့တော်ဝန်နှင့် ဝမ်တိန်စီးပွားရေးဇုန်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မစ္စလီဟုန်နှင့် အဖွဲ့ဝင် ၁၂၀ ကျော်တို့က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အယ်လ်စိုး(iprd)**



# ကျောက်ထုတွင် ကြက်သွန်ဖြူဈေးပိုရနေ

**ကျောက်ထု ဧပြီ ၃၀**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ၌ စပါးခင်းများ၌ စပါးပြီးလျှင် ကြက်သွန်ဖြူကို သီးထပ်အဖြစ် စိုက်ပျိုးလေ့ရှိရာ အဆိုပါကြက်သွန်ဖြူများ သင်္ကြန်ကာလပြီးလျှင် ဖော်၍ ရောင်းချကြပြီး အလှူဒါနပြုခြင်း အပါအဝင် လုပ်ငန်းဆောင်တာများ ဆောင်ရွက်ကြလေ့ရှိသည်။

ယခင်နှစ်များက ဒေသထွက် ကြက်သွန်ဖြူများ တစ်ပိဿာလျှင် ငွေကျပ် ၈၀၀ ဈေးခန့်သာ ရှိသော်လည်း ယခုနှစ် ကြက်သွန်ဖြူပေါ်ချိန်တွင် အထွက်နှုန်းကောင်းခြင်း အပါအဝင် ငွေကျပ် ၁၃၀၀ ဈေးပေါက်သဖြင့် တောင်သူများ ဝင်ငွေရှင်လျက်ရှိကြောင်း သိရသည်။

**စိန်ကျော်(ဝါးဘိုးချောင်)**

# မြိုင်ကလေးသဘာဝဓာတ်ငွေ့ပိုက်လိုင်း ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဧပြီ ၃၀**

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ဧပြီ ၂၉ ရက် နံနက်ပိုင်းက ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ မြိုင်ကလေး သဘာဝဓာတ်ငွေ့ ထိန်းသိမ်းဖြန့်ဖြူးရေးစခန်းသို့ရောက်ရှိခဲ့ပြီး သဘာဝဓာတ်ငွေ့ ယိုစိမ့်မှုကြောင့် ပိုက်လိုင်းနှင့်ထိန်း/ဖြန့်ပစ္စည်းကိရိယာအချို့ ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် သဘာဝဓာတ်ငွေ့ထိန်း/ဖြန့်စခန်းအတွင်းရှိ ပျက်စီးယိုယွင်းသွားသော ပစ္စည်းကိရိယာများကို အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရန် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးသည်။

မြိုင်ကလေးသဘာဝဓာတ်ငွေ့ ထိန်းသိမ်းဖြန့်ဖြူးရေးစခန်းသည် ဇောတိကကမ်းလွန်သဘာဝဓာတ်ငွေ့အား ကန်ပေါက်ဒေသမှ မြိုင်ကလေးကိုဖြတ်သန်း၍ ရန်ကုန်သို့ ပို့ဆောင်ဖြန့်ဖြူးသော ၂၀ လက်မဓာတ်ငွေ့ပိုက်လိုင်းပေါ်တွင်ရှိပြီး မြိုင်ကလေး၊ သထုံနှင့်ရန်ကုန်ဧရိယာများသို့ ဓာတ်ငွေ့ဆက်လက်ဖြန့်ဖြူးသည့် ထိန်း/ဖြန့်စခန်းတစ်ခုဖြစ်သည်။

ယင်းသဘာဝဓာတ်ငွေ့ ထိန်း/ဖြန့် စခန်းသည် သထုံတာဘိုင်များ၊ မြိုင်ကလေး ဘိလပ်မြေစက်ရုံများနှင့် ရန်ကုန်ဧရိယာရှိ စက်ရုံအချို့ကို သဘာဝဓာတ်ငွေ့ ဆက်လက်ဖြန့်ဖြူးပေးနေသည့်စခန်းဖြစ်သည်။

ယင်းစခန်းရှိ စက်ပစ္စည်းကိရိယာအချို့ကို ပြုပြင်နေစဉ်ကာလအတွင်း မော်လမြိုင် သဘာဝဓာတ်ငွေ့ ထိန်းသိမ်းဖြန့်ဖြူးရေးစခန်းမှတစ်ဆင့် ငန်းတေးဓာတ်ငွေ့တာဘိုင်များသို့ ဇောတိကကမ်းလွန်သဘာဝဓာတ်ငွေ့ဖြင့်လည်းကောင်း၊ ရန်ကုန်တာဘိုင်များသို့ ရတနာကမ်းလွန်ဓာတ်ငွေ့ဖြင့်လည်းကောင်း တိုးမြှင့်ဖြန့်ဖြူးပေးသွားရန် ညှိနှိုင်းစီစဉ်ဆောင်ရွက်ထားသည်။

**(သတင်းစဉ်)**

# ထားဝယ်မြို့ အိုးလုပ်ရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွား

**ထားဝယ် ဧပြီ ၃၀**

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့ အိုးလုပ်ရပ်ကွက် ရွာလယ်လမ်း၌ ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် မီးလောင်မှုဖြစ်ပွားသည်။ **(အောက်ပုံ)** အိုးလုပ်ရပ်ကွက် ရွာလယ်လမ်းရှိ နေအိမ်တစ်အိမ်မှ မီးလောင်မှုစတင် ဖြစ်ပွားပြီး အိုးလုပ်ရပ်ကွက်နှင့် ပိန္နဲတောရပ်ကွက်တို့တွင် အိမ်ခြေ ၆၇ လုံးနှင့် အိုးလုပ်မူလတန်းကျောင်းတို့ မီးလောင်ဆုံးရှုံးမှုဖြစ်သွားကြောင်း သိရသည်။

ထားဝယ်မြို့ မီးသတ်စခန်းမှ မီးသတ်ကားခုနစ်စီး၊ တပ်နယ်ဘက်မှ တပ်မတော်သားများ၊ ပြည်သူများက မီးငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီခွဲတွင် မီးငြိမ်းသတ်မှုပြီးစီးကြောင်း သိရသည်။ အဆိုပါမီးလောင်မှုတွင်အိမ်ခြေ ၆၇ လုံးဆုံးရှုံးခဲ့ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ကြီးကြပ်မှုဖြင့် ထားဝယ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ယာယီကယ်ဆယ်ရေးစခန်းအဖြစ် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**



❖ *ကျောဖုံးမှ*

မြန်မာယူ-၂၃ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ဆားဘီးယားနိုင်ငံ၌ လေ့ကျင့်မှုများပြုလုပ်ရန် မေ ၄ ရက်တွင် ထွက်ခွာမည်ဖြစ်ပြီး မေ ၅ ရက်မှ ၁၉ ရက်အထိ လေ့ကျင့်ကာ ခြေစမ်းပွဲများယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာယူ-၂၃ အသင်းသည် ယင်းမှတစ်ဆင့် ဗီယက်နမ်နိုင်ငံသို့သွားရောက်မည်ဖြစ်ပြီး မေ ၂၂ ရက်တွင် ဆီးဂိမ်းပြိုင်ပွဲဝင်မည့် ဗီယက်နမ်ယူ-၂၃ အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။ မြန်မာယူ-၂၃အသင်းသည် ဗီယက်နမ်နှင့်ခြေစမ်းပွဲအပြီးတွင် ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့် စင်ကာပူနိုင်ငံသို့ ကြိုတင်သွားရောက်မည်ဖြစ်သည်။

မြန်မာအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် အုပ်စု(က)၌ အိမ်ရှင်စင်ကာပူ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်အသင်းတို့နှင့် ပါဝင်နေပြီး ပွဲဦးထွက်ပွဲအဖြစ် ဇွန် ၂ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် စတင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ဆိုင်ကယ်နှင့်ကားချိတ်မိ တိမ်းမှောက်၍ နှစ်ဦးသေ

**ကန့်ဘလူ ဧပြီ ၃၀**

ကန့်ဘလူ-တောက်ကရုပ်လမ်း ကန့်ဘလူမြို့ အမှတ်(၅)ရပ်ကွက် အဝင်နား၌ ဆိုင်ကယ်ကကားကို ကျော်တက်စဉ် ချိတ်မိပြီး ဆိုင်ကယ်တိမ်းမှောက်ခဲ့ရာ ဆိုင်ကယ်မောင်းနှင်သူနှင့် နောက်တွင်စီးနင်းသူနှစ်ဦး အနက်တစ်ဦးပွဲချင်းပြီး သေဆုံးခဲ့ပြီး ကျန်တစ်ဦးဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ တောက်ကရုပ်ဘက်မှ ကန့်ဘလူဘက်သို့ ယာဉ်မောင်း ခင်မောင်တင် (၄၂ နှစ်)မောင်းနှင်လာသော တုန်ဖုန်းထော်လာဂျီခြောက်ဘီးကားကို ဘိုဝင်း(၄၅ နှစ်)မောင်းနှင်ပြီး နောက်မှ မနှင်းကြည်(၂၅ နှစ်)၊ မဆောင်းနှင်းဦး(၄ နှစ်)တို့လိုက်ပါလာသော ဆိုင်ကလုန်း ZONG-SHEN ဆိုင်ကယ်က ကျော်တက်စဉ်ကားနှင့်ချိတ်မိပြီး ဆိုင်ကယ်တိမ်းမှောက်ခဲ့ရာ ဘိုဝင်းနှင့် မနှင်းကြည်တို့ရရှိသော ဒဏ်ရာဖြင့် သေဆုံးခဲ့ပြီး မဆောင်းနှင်းဦးမှာ ဒဏ်ရာများ(စိုးရိမ်ရ)ရရှိခဲ့သည်။

ခင်မောင်တင်မှာ ထွက်ပြေးတိမ်းရှောင်နေ၍ ရဲတပ်ဖွဲ့က စုံစမ်းပိတ်ဆို့ဖမ်းဆီးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီတည်ထောင်ရန် ဖိတ်ကြားခြင်း

ရန်ကုန်မြို့နေ အများပြည်သူများသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် ရန်ကုန်ဘတ်စ်ကားအများပိုင်ကုမ္ပဏီကို စတင်ဖွဲ့စည်းတော့မည်ဖြစ်ပါသည်။ နိုင်ငံတော်မှ ဦးစီးပြီး အများပိုင်ကုမ္ပဏီကို ၄၀း၆၀ ချိုးဖြင့် ဖွဲ့စည်းမည်ဖြစ်ရာ နိုင်ငံတော်မှ ထည့်ဝင်ငွေကျပ် ၁၀ ဘီလီယံနှင့် အများပြည်သူထည့်ဝင်ငွေကျပ် ၁၅ ဘီလီယံဖြင့် စတင်ရန်ရည်ရွယ်ပါသည်။ ထို့အတွက် အများပိုင်ကုမ္ပဏီ အစုရှယ်ယာထည့်ဝင်လိုသော ပုဂ္ဂလိကကုမ္ပဏီများ၊ လုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ်အပ်ပါသည်။ အဆိုပါအများပိုင်ကုမ္ပဏီနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပွဲနှင့် ရှယ်ယာရှင်များလက်ခံခြင်းကို အောက်ပါအစီအစဉ်အတိုင်းပြုလုပ်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူတိုင်း တက်ရောက်နိုင်ပါသည်။

**နေ့ရက်** - ၄-၅-၂၀၁၅ရက် (တနင်္လာနေ့)
**အချိန်** - နံနက် ၉း၃၀နာရီ
**နေရာ** - ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ ဗိုလ်စောနောင်လမ်း၊ မြေကွက်အမှတ် ၉၄၂၊ အလျား×အနံ ပေ(၆၀×၄၁)ရှိ မြေနှင့်အိမ်အား နှစ် ၆၀ မြေငှားဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးထွန်းအောင်ကျော်မှာ ကွယ်လွန်သွားပြီဖြစ်၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံခွင့်ရရှိပြီးရောင်းချပိုင်ခွင့်ရှိသည့်ဇနီးဖြစ်သူ ဒေါ်သန်းညွန့် ၁၂/မဂဒ(နိုင်)၀၁၄၆၉၈ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အပြီးအပိုင်လက်ရောက်ဝယ်ယူရန် စရန်ငွေ (တန်ဖိုး၏တစ်စိတ်တစ်ဒေသငွေ)ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင် ခိုင်လုံသော(စာရွက်စာတမ်းမူရင်းများ)အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုရက်ထက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤမြေနှင့်အိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာလင်း**
**အထက်တန်းရှေ့နေ၊ လိုင်စင်အမှတ် ၂၅၁၃၄**
**အမှတ် ၈၅၈၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၉၇၈၂၆၅၇**

**မွေးသက္ကရာဇ် အမှန်**

ဦးမျိုးမင်းဇော်၏သမီး အလက-၄၊ မင်္ဂလာဒုံမြို့နယ်မှ မလွင်လွင်စန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၂-၂၀၀၂ ဖြစ်ပါကြောင်း။

## အထက(၁) ပြင်ဦးလွင် (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ နှိုးဆော်လွှာ

အထက(၁) ပြင်ဦးလွင်မြို့၏ (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ၉-၅-၂၀၁၅ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသား/ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဆက်သွယ်လှူဒါန်းနိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်-**

| | |
|---|---|
| ၁။ ဆရာဦးအုန်းချို | ဖုန်း- ၀၉-၂၀၄၅၇၆၂ |
| ၂။ ဆရာမ ဒေါ်အမာ | ဖုန်း-၀၉-၁၀၄၄၇၇၈ |
| ၃။ ဆရာမ ဒေါ်ခင်လေးမာ | ဖုန်း-၀၉-၃၃၅၂၈၂၈၄ |
| ၄။ ဦးတင်ဇော်အေး | ဖုန်း-၀၉-၅၀၀၈၁၇၈ |
| ၅။ ကိုအောင်ကျော်မိုး | ဖုန်း-၀၉-၄၀၂၅၆၂၀၄၄ |
| ၆။ ကိုကျော်သူဝင်း | ဖုန်း-၀၉-၅၃၄၂၄၄၅ |

**အမည်ပြောင်း**

ဦးအေးသန်းစိုး၏သား စမ်းချောင်းမြို့နယ် အထက-၄၊ အဋ္ဌမတန်းမှ မောင်ကျော်ဇောလင်းအား ယနေ့မှစ၍ မောင်ကျော်ဇောထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်ဇောထွန်း**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၅၇၊ မြေကွက်အမှတ် ၇၂၇၊ မြေကွက်ရရှိထားသူ ဒေါ်ခင်ခင်ပြုံး ၁၂/ဥကမ(နိုင်)၀၀၄၂၂၈၈က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၇)**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/3114, CHIN DWIN GROUP L/T PICKUP (4x2) L ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဆွေဦး ၅/ဆလက(နိုင်)၀၀၀၆၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)**

## ဒုတိယအကြိမ်မြောက်နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားခြင်း

ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်းသားဟောင်းများအသင်း၏ ဒုတိယအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသူ/အသင်းသားများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အစည်းအဝေးကျင်းပမည့်ရက်** - ၁၇-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့)
**အစည်းအဝေးကျင်းပမည့်အချိန်** - နံနက် ၁၀ နာရီ
**အစည်းအဝေးကျင်းပမည့်နေရာ** - ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း၊ အင်းလျားကန်ရှိ ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်း အစည်းအဝေးခန်းမ

**အမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၊ မြေကွက်အမှတ်၄၉၃ ၂၊မြေကွက်တည်နေရာအမှတ်၄၉၃ ၂၊ အာသာဝတီလမ်း၊ ဦးအောင်တင် ၁၂/ဥကမ(နိုင်)၀၉၈၀၃၆ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးအောင်တင်(တရားရုံး)ကိုယ်စား မြောက်ဥက္ကလာပမြို့နယ် တရားရုံးမှဘီလစ်ဒေါ်သူဇာ ၆/ထဝန(နိုင်)၀၂၆၃၄၃ က တရားရုံးဘီလစ်ခန့်အပ်စာတရားမကြီးမှုအမှတ်(၈၈/၁၄)စီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ်(၅၃/၁၄)တရားရုံးနေ့စဉ်မှတ်တမ်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ (၁၁)လမ်း၊ အမှတ်၉၇၆ နေ ဦးဟန်ကြည် ၁၀/ရမန(နိုင်)၁၁၇၉၀၆- ဒေါ်စန္ဒာ(ခ)မနီ ၁၀/မဒန(နိုင်) ၁၅၅၈၄၇ တို့၏သား မောင်မင်းထွေး ၁၀/မလမ(နိုင်) ၂၀၈၇၉၈သည် မိဘအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဟန်ကြည် ၁၀/ရမန(နိုင်)၁၁၇၉၀၆**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပုသိမ်မြို့နယ်၊ ချောင်းသာကျေးရွာ၊ (၂)ရပ်ကွက်၊ ၂/၃၃နေ ဦးထွန်းထွန်း ၁၄/မအပ(နိုင်)၀၂၁၁၈၈၏သမီး မဝင့်သူခိုင် ၁/မညန(နိုင်)၁၄၈၂၀၉သည် မိဘများစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်သဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း။

**ဖခင်-ဦးထွန်းထွန်း**
**၁၄/မအပ(နိုင်)၀၂၁၁၈၈**
**ချောင်းသာ၊ (၂)ရပ်ကွက်၊ ၂/၃၃**

# ကျပ်သိန်းပေါင်း ၁၃၄၆၆သိန်းခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၃၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားမြို့နယ် ဝမ်တာပင်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဧပြီ ၂၈ ရက် ညနေပိုင်းတွင် တပ်မတော်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ ပါဝင်သောပူးပေါင်းအဖွဲ့သည် လုံခြုံရေးအရစစ်ဆေးစဉ် မိုင်းလားဘက်မှ ကျိုင်းတုံမြို့သို့ ဦးအားမေရှင်းမောင်းနှင်လာသော ဖော်ကျူနား အနက်ရောင်ယာဉ်အား မသင်္ကာဖွယ်ရာ တွေ့ရှိရသဖြင့် စစ်ဆေးရှာဖွေရာ မော်တော်ယာဉ်၏ ဆီတိုင်ကီအတွင်းနှင့် ယာဉ်မောင်းထိုင်ခုံအောက်တို့မှ ကာလတန်ဖိုး ကျပ် ၁၂၇၆ သိန်းခန့် ရှိသော WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၆၃၈၀၀၊ ကာလတန်ဖိုး ကျပ်သိန်းပေါင်း ၁၂၁၉၀ ခန့်ရှိသော အိုက်စ် ၅၃ ကီလိုဂရမ်နှင့်လက်ကိုင် ဖုန်းနှစ်လုံးတို့အား သိမ်းဆည်းရမိသည်။

အဆိုပါ ဖမ်းဆီးရမိသူအား စစ်ဆေးမေးမြန်းရာ ယာဉ်ကို ပန်ဆန်း၊ မိုင်းပေါက်မြို့မှတစ်ဆင့် မိုင်းလားမြို့သို့ စိစစ်ဆဲ အမျိုးသားတစ်ဦးက မောင်းနှင်လာပြီး ၎င်း၏ စေခိုင်းမှုဖြင့် မိုင်းလားမြို့မှ ကျိုင်းတုံမြို့၊ ၎င်းမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ပို့ဆောင်ရန် သယ်ဆောင်လာခြင်းဖြစ်ကြောင်းနှင့် ဒေသတွင်းအဖွဲ့အစည်းအချို့ ဆက်စပ်ပါဝင်မှုရှိကြောင်း ပဏာမသိရှိရသည်။

မူးယစ်ဆေးဝါးများနှင့် အတူ ဖမ်းဆီးရမိသူအား ဥပဒေအရ အရေးယူနိုင်ရန် သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး နောက်ကွယ်မှ ကြိုးကိုင်စေခိုင်းသူများနှင့် ဆက်စပ်အဖွဲ့အစည်းများအား ဖော်ထုတ်နိုင်ရေးအတွက် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



❍ *ကျောဖုံးမှ*

မြန်မာနိုင်ငံတွင် ပထမဆုံး ရော်ဘာသန့်စင်စက်ရုံကို တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် အုတ်ချောင်းရွာအနီးတွင် မြန်မာ-ထိုင်းရော်ဘာဂျိုင်းကုမ္ပဏီက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုမှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တစ်နှစ်အတွင်း အပြီးတည်ဆောက်ရန် စီစဉ်ခဲ့သော်လည်း သယ်ယူပို့ဆောင်ရေးအခက်ခဲ၊ စက်ပစ္စည်းအစုံ အလင်အချိန်မီမရောက်ခြင်းတို့ကြောင့် လာမည့်နိုဝင်ဘာလတွင် အပြီးတည်ဆောက်သွားမည်ဖြစ်သည်။

ယခုရော်ဘာသန့်စင်စက်ရုံတွင် တပ်ဆင်သည့် စက်အင်အားသည် ၁၀ ယူနစ်ဖြစ်ရာ ရော်ဘာကုန်ကြမ်းအလုံအလောက်ရရှိပါက တစ်လလျှင် ကုန်ချောတန်ချိန် ၅၀၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်သည်။ လောလောဆယ်တွင် ဒေသခံလူငယ် ၁၂၀ အား အလုပ်အကိုင်များခန့်ပေးထားသည်။

ဒေသခံလူငယ်များမှာ အနီးဝန်းကျင်ရှိ စက်တော်ရာရွာ၊ မီးလောင်ချောင်းရွာ၊ ကြဲကျေးရွာ၊ သဲပုံကျေးရွာနှင့် ဘုတ်ချောင်းရွာတို့မှဖြစ်ပြီး ရော်ဘာစေးသန့်စင်စက်ရုံ တည်ဆောက်ပြီးစီးပါက ဒေသခံလူငယ်များကို ထပ်မံ တိုးမြှင့်ခန့်ထားပေးသွားရန် အစီအစဉ်ရှိရာ ဒေသခံလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွက်လာမည် ဖြစ်သည်။

တစ်ဖန် တနင်္သာရီတိုင်းဒေသကြီးတွင် ရော်ဘာစိုက်ဧက လေးသိန်းခန့်ရှိနေရာ ရော်ဘာစိုက်ပျိုးသူများ အနေဖြင့် မိမိတို့ ရော်ဘာစိုက်ခင်းမှ ထွက်ရှိသော ရော်ဘာစေးများကို အရည်အသွေး ထိန်းသိမ်းရခြင်း၊ ရော်ဘာပြားပြုလုပ်ရခြင်းနှင့် ဈေးကွက်သို့ တင်ပို့ရောင်းချရခြင်းများကို ဆောင်ရွက်စရာ မလိုတော့ဘဲ ရော်ဘာစေးအတိုင်းကို စက်ရုံသို့ သွားရောက် ရောင်းချနိုင်တော့မည် ဖြစ်သည်။

“ကျွန်တော်တို့ ကိုယ်တိုင် ရော်ဘာပြားပြုလုပ်ပြီး ရောင်းချတာနဲ့ အခုလို ရော်ဘာစေးအဆင့်မှာပဲ ရောင်းချတာကိုတွက်ကြည့်ရင် အစေးအတိုင်းရောင်းတာက ရော်ဘာတစ်ပိဿာကို ငွေကျပ် ၃၀၀လောက် ပိုရတာမို့ ကျွန်တော်တို့အတွက် အချိန်မကုန်၊ လူမပန်းဘဲ အကျိုးအမြတ်လည်းပိုရတာမို့ ရော်ဘာစိုက်သူတွေပိုပြီး သဘောကျနေပါတယ်” ဟု ပုလောမြို့မှ ရော်ဘာစိုက်ပျိုးသူ ဦးအောင်သန်းက ပြောသည်။

တနင်္သာရီ တိုင်းဒေသကြီးတွင် ရှိသော ရော်ဘာစိုက်ပျိုးသူများဘဝ တိုးတက်လာစေရန်နှင့် ဒေသခံလူငယ်များ အလုပ်အကိုင်ရရှိစေသည့် မြန်မာနိုင်ငံ၏ ပထမဆုံးသော ရော်ဘာစေးသန့်စင်စက်ရုံမှာ လက်ရှိအချိန်၌ ရော်ဘာစေးသန့်စင်မှုများ စမ်းသပ်ပြုလုပ်နေပြီး စက်တပ်ဆင်မှုအားလုံးပြည့်စုံပြီးစီးပါက စက်စွမ်းအားပြည့်လည်ပတ်နိုင်ပြီး ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်တော့မည်ဖြစ်သည်။

“ဒီစက်ရုံမှာ အလုပ်လုပ်နေကြတဲ့ လူငယ်တွေကအရင်ကဆိုရင် ထိုင်းနိုင်ငံဘက်မှာသွားလုပ်ကြတာ၊ အခု ဒီစက်ရုံ တည်ဆောက်လိုက်တော့ ဒေသခံလူငယ်တွေ ပြန်လာကြပြီး အခုလိုကိုယ့်နိုင်ငံတွင်းမှာရှိတဲ့ ဒီစက်ရုံမှာပဲ လာလုပ်ကြတော့တာပဲ။ သူတို့ အဆင်ပြေသွားတာပေါ့”ဟု မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းသန်းအောင်က ပြောသည်။

ဒေသခံလူငယ်များအတွက် မိမိဒေသတွင်သာ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအတွက်လည်းအကျိုးဖြစ်ထွန်းစေကာ ဒေသဖွံ့ဖြိုးရေးအတွက်ပါ အထောက်အကူပြုစေမည့် ဆောင်ရွက်မှုပင်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# TNLAအဖွဲ့နှင့် တပ်မတော်စစ်ကြောင်းများ ထိတွေ့တိုက်ခိုက်မှုဖြစ်ပွား

**နေပြည်တော် ဧပြီ ၃၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်-နမ့်ဖက်ကာ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နမ့်ဖလွန်းကျေးရွာနှင့်ပတ်ဝန်းကျင်တွင် ဧပြီ ၂၉ ရက်က TNLA အဖွဲ့မှ အင်အား ၅၀ ခန့်သည် နှစ်ဖွဲ့ခွဲကာ ကားလမ်းအတက်/အဆင်း ယာဉ်များအား ယာဉ်ငယ်တစ်စီးလျှင် ကျပ်တစ်သောင်းမှ နှစ်သောင်းနှင့် ယာဉ်ကြီးတစ်စီးလျှင် ကျပ်ငါးသိန်းနှုန်းထားဖြင့် ဆက်ကြေးကောက်ခံလျက်ရှိကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးချက်အရ တပ်မတော်စစ်ကြောင်းများက သွားရောက်ရှင်းလင်းစဉ် TNLA အဖွဲ့မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်သဖြင့် တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်ချေမှုန်းခဲ့ရာ TNLA အဖွဲ့များသည် ဟိုဖျက်ကျေးရွာဘက်သို့ ဆုတ်ခွာသွားခဲ့သည်။

ဖြစ်စဉ်တွင် တပ်မတော်မှ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး TNLA အဖွဲ့ထံမှ အမ်(၂၁) သေနတ်တစ်လက်၊ ကျည်အိမ်တစ်ခုနှင့် ကျည်လေးတောင့်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ တပ်မတော်စစ်ကြောင်းများက ဆုတ်ခွာသွားသော TNLA အဖွဲ့များအား လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်စွာပေးဆောင်စို့


**နိုင်ငံတော်သြဝါဒါစရိယဆရာတော်**
**အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတအဂ္ဂမဟာပဏ္ဍိတ၊**
**အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တအရိယဝံသ**
**သက်တော်ရှည် ဆရာတော်ကြီး၏ သက်တော်(၉၁)နှစ်ပြည့်**
**မွေးနေ့ဝိဇာတ မင်္ဂလာကျင်းပမည်**

နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တအရိယဝံသ သက်တော်ရှည်ဆရာတော်ကြီး၏ သက်တော်(၉၁)နှစ်ပြည့် မွေးနေ့၊ မွေးလ၊ မွေးရက်ဖြစ်သော အမြိတ္တစုတ်မှတ် ဝိဇာတမင်္ဂလာ နေ့ထူး နေ့မြတ်တွင် ဆရာတော်ကြီးနှင့် ဘဒ္ဒန္တဒီပါလောက၊ ဘဒ္ဒန္တဝိလာသ၊ သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တကေလာသ၊ သာသနဓဇဓမ္မာစရိယ ဆရာတော်တို့အား သိက္ခာထပ်ခြင်း၊ ပုနောပသမ္ပဒမင်္ဂလာအခမ်းအနားကို (၁၃၇၇ ခုနှစ် ကဆုန်လပြည့်ကျော် ၈ရက်) ၁၀-၅-၂၀၁၅ ရက် နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ လက်သမားရပ်၊ အတွင်းပတ္တမြားစာသင်တိုက်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါအခမ်းအနားသို့ ရပ်ဝေးရပ်နီး တပည့်သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများအနေဖြင့် အခမ်းအနားသို့ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပရေးကော်မတီ**



မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ Myanmar Tunneling and Underground Space Committee နှင့် International Tunneling and Underground Space Association တို့မှ ပူးပေါင်းကျင်းပမည့် အပြည်ပြည်ဆိုင်ရာဖိုရမ်နှင့် သင်တန်းကို အောက်ပါအစီအစဉ်အတိုင်း (၂)ရက် ကျင်းပမည်ဖြစ်ပါသည်။

**ဘာသာရပ်** ။ “Tunneling and Deep Excavation for Infrastructures in Urban Area”
Deep Excavation for Car packing, Basement Construction, Underground Shaft, Deep Excavation method in Urban Area, Geotechnical Investigation, Instrumentation, Monitoring and Interpretation, Tunnel for Mass Transit Transport

**နေ့ရက်** ။ မေလ ၁၁ ရက်၊ ၁၂ ရက်၊ ၂၀၁၅ ခုနှစ်

**နေရာ** ။ Function Hall၊ တတိယထပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ၊ လှိုင်မြို့နယ်။

**မှတ်ပုံတင်ကြေး** ။ (၃၀၀၀၀ကျပ်)၊ (စာရွက်စာတမ်း၊ နေ့လယ်စာနှင့် ကော်ဖီအပါအဝင်)။ သင်တန်းပြီးဆုံးပါက ITA Certificate နှင့် CPD ပေးပါမည်။ အထက်ပါဖိုရမ်နှင့် သင်တန်းကို တက်ရောက်လိုသူများသည် မေလ ၈ ရက်၊ ၂၀၁၅ တွင် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြပါရန်။

**ဆက်သွယ်ရန်** ။ Dr. Tun Naing(Secretariat, MTUSC), tunnaing 1997@googlemail.com, Ph:09-5030035
Aung Myat Kyaw, joei0920@gmail.com, Ph:09-5162169,
Soe Lwin Myint, foraminiferamyint@gmail.com, Ph:09-450051310



**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**
**ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

(၁) မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း၌ အောက်ဖော်ပြပါ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လိုသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ၁၀-၄-၂၀၁၅ရက် မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းဖိတ်ခေါ်ထားရှိပြီးဖြစ်ပါသည်-

| | |
|---|---|
| (က) ကျေးလက်လမ်း/တံတား | (ခ) ကျေးလက်ရေပေးရေးနှင့် ကျန်းမာသန့်ရှင်းရေး |
| ကွန်ကရစ်လမ်း | တွင်းတိမ်(၂"Ø) |
| ကတ္တရာလမ်း | တွင်းနက်(၄" Ø) |
| ကျောက်လမ်း | လက်တူးတွင်း |
| မြေသားလမ်း | မြေသားမိုးရေလှောင်ကန် |
| အုတ်ခုံခံသစ်သားတံတား | (ဂ) ယင်လုံအိမ်သာ |
| Box Culvert | (ဃ) ကျေးလက်မီးလင်းရေး |
| ရေပြွန်တံတား | လျှပ်စစ်ဓာတ်အားမီးလင်းရေး |
| ရေကျော် | နေရောင်ခြည်စွမ်းအင် မီးလင်းရေး |
| | (င) တန်ဖိုးနည်းအိမ်ရာ |

(၂) တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် ဦးစီးဌာနမှ သတ်မှတ်ထားသော လုပ်ငန်းစံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် Profile တင်ပြရမည်ဖြစ်ပါသည်။
(၃) အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၃-၄-၂၀၁၅ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၇-၅-၂၀၁၅ရက် ညနေ ၄း၃၀နာရီအစား ၁၁-၅-၂၀၁၅ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။
(၄) အိတ်ဖွင့်တင်ဒါရောင်းချမည့် လိပ်စာနှင့်အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ ‘ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အမှတ်(၆၄/က)၊ ရန်ကုန်-မန္တလေးလမ်း၊ ဥဿာမြို့သစ်၊ ပဲခူးမြို့’ ဖြစ်ပါသည်။
(၅) အသေးစိတ်သိရှိလိုသောအချက်များကို တိုင်းဒေသကြီးဦးစီးဌာန ဖုန်း-၀၅၂-၂၂၃၀၆၅၉ နှင့် ၀၅၂-၂၂၃၀၅၉၂ တို့သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**
**ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**



**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ ၀-၇၊ အမှတ်(၁၀၆)နေ ဦးကျော်ဇော် ၁၃/နဆန(နိုင်)၀၂၀၆၉၉-ဒေါ်တင်နွဲ့ ၁၃/နဆန(နိုင်)၀၀၃၃၀၇ တို့၏ သမီး မနွဲ့နန္ဒာကျော် ၁၃/နဆန(နိုင်)၀၅၅၂၃၁ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဖြင့် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးကျော်ဇော်-ဒေါ်တင်နွဲ့**



**အမည်ပြောင်း**

ဦးစံသိန်း၏သား အထက သရက်ချောင်း ပထမတန်း(က)တွင် ပညာသင်ကြားမည့် မောင်ကောင်းမြတ်ဟန်အား မောင်ကောင်းမြတ်ဟိန်းဟု ခေါ်ဆိုပါရန်။



**အမည်ပြောင်း**

ဦးရဲလင်းအောင်၏သမီး ကျိုင်းတုံမြို့ အထက(၅)၊ စတုတ္ထတန်း(က)အောင်မှ မအင်ကြင်းဖြူအား မရွှန်းလဲ့ရွှေအိမ်ဟု ပြောင်းလဲခေါ်ပါရန်။

**မရွှန်းလဲ့ရွှေအိမ်**

# ပွဲခါညောင်ရေ သွန်းမြဲပေတည့်

ပန်းတောင်းသန်းကြွယ်

**မြူတာတကောင်း၊ ပသင်းတောင်းဝယ်**
**သွန်းလောင်းရေဖြည့်၊ ဖြိုးမျှထည့်လျက်**
**ပတ်လှည့်ညာကြေ၊ ရှင်တော်မွေကို**
**ရှိသေသဘင်၊ ပွဲကြီးယင်၍**
**ကြည်လင်သဒ္ဒါ၊ ငြိမ်းကြောင်းရှာသည်**
**အခါညောင်ရေ သွန်းတည့်လေး။ ။**

ဦးအောင်ကြီး

ကဆုန်လသည် နွေရာသီ၏ ဗဟိုချက်မလယ်တွင် ကျသဖြင့် အလွန်ပူပြင်းသည့် "ကဆုန်နယုန် ဆွေ့ဆွေ့ခုန်" ဟူသော စကားအတိုင်းပင် ပုံမှန်ငြိမ်သက်၍မနေနိုင်ဘဲ ဆွေ့ဆွေ့ခုန်နေရလုမတတ် အပူရှိန်က လွန်ကဲသည်။ ထို့ကြောင့် မဟာအတုလမင်းကြီးက "နေဝန်းငယ်စက်ရှိန်၊ တောက်လောက်ငယ်ထိန်သည်၊ ဖန်သူရိန်တေဇောကြောင့်၊ ပူဗျာကဲတဲ့ လကိုလေး" စာဖွဲ့ခဲ့သည်။

ကဆုန်လတွင် လေပြည်လေညင်းများ တိုက်ခတ်သည်။ ရွက်ဟောင်းကြွေပြီး ရွက်သစ်တို့ဝေကြသည်။ မြေသင်းနံ့ကလေးများနှင့်အတူ မင်းလွင်မြူခိုးတို့က တပြန်ဖြူးဖြူးရှိတတ်သည်။ "ကဆုန်အတွင်း မြေသင်းပျံ့ပျံ့ မိုးနံ့နံ့" ဟူသော တောင်သူကြီးများ၏ စကားမှတ်တမ်းအတိုင်း တန်ခူးကုန်ပျောက် ကဆုန်သို့ရောက်ချိန်ဝယ် မိုးမင်းကိုအမှူးက မာန်ဟုန်တော်ပျိုးကာ ရိုက်မြည်ထစ်ချုန်းလာချေပြီ။ ထို့ကြောင့်ပင် စာဆိုရှင် အသျှင်အဂ္ဂသမာဓိက ဘုံခန်းပျို့တွင်-

**"ခါလည်လုလု၊ ရတုသစ်သစ်**
**သရစ်ပေါ်ပေါ်၊ သာပျော်ရွှန်းရွှန်း**
**ကိန်းခန်းသင့်မော၊ ရွက်ရင့်လျှော၍**
**ရွက်ကြောနုလွန်၊ ရွက်သစ်ပြန်တည့်**
**ပန်းမန်ငုံကင်း၊ သုတ်လေညင်းနှင့်**
**မြေသင်းနံ့နံ့၊ တပျံ့ပျူးပျူး**
**မင်းလွင်မြူးလျက်၊**
**တန်ခူးလည်းကုန်၊ လကဆုန်သည်**
**ပစ္စုန်ရိုက်မြည်ချုန်းချုန်းတည်း"** ဟု ထည့်သွင်းစပ်ဆိုခဲ့သည်။

ထို့အတူပင် ရတနာပုံခေတ် စာဆိုအကျော် ဦးကြော့ကလည်း "တော်ကဆုန်" ဟု အမည်ပေးကာ ကဆုန်လဘွဲ့ကို ဖွဲ့ဆိုခဲ့သည်။

*** ဟေမန် နွေလှန်လို့ တုံ့ပြန်တော့၊ ဆွေသဟံ ဝေယန်အုံ့ဆီက၊ လေပြန်လှုံ့ဆော်ခဲ့ပြီ။**
*** ပင်ပေါ်ထက်၊ ရော်ရွက်ဝါထိန်ဝေနှင့်၊ ခါဂိမှေသည်တစ်ခေတ်တွင်မှ၊ ညှာလိမ်ကြွေတစ်မည်သစ်မည်ကြောင့်၊ အသစ်တွေထွေကာစုပါလို့၊ ပုရစ်ခွေ တမာနုမှာကွယ်၊ ကျေးဥစီစီ။**
*** ခင်တန်းလျှို သပြေပင်က ရွှေသဇင်သုတ် လေနှောပြန်တော့၊ နေဝင်လျှင် ဘုတ်တွေရောပါလို့၊ အုတ်ရွှေသြရယ်က တွန်သံချီ၊ ဥဒေါ်နှင့်ကြာဝေး။**
*** ဖန်ခါခါ၊ လဗီရာစည်ငွီလွှတ်ပြီပေမို့၊ ဝသန်မှာ ဆည်မချိုပြီဘူ့၊ ပူမိသည် မှော်ရဂုံက၊ တော်ကဆုန်ညောင်ရေသွန်းချိန်မို့၊ ဖော်မစုံ အောင်မြေကွန်းဆီသို့၊ လွမ်းလိုက်လှသေး။**

ကဆုန်လအမည်ကို ပုဂံခေတ်ကျောက်စာများတွင် ကဆုန်လဟု အရေးများသည်။ ကဆုန်၊ ကုဆုန်တွင် ကနှင့် ကုတို့၏ အနက်မှာ ရေဖြစ်၍ ဆုန်၏အနက်မှာ သွန်းလောင်းသည်ဟု အဓိပ္ပာယ်ရသောကြောင့် ကဆုန်လကို ရေသွန်းလောင်းသောလဟု ကောက်ယူရာ၏။ ကဆုန်၊ ကုဆုန်ဟူသော ဝေါဟာရသည် အလွန်ရှေးကျသည်ဖြစ်ရာ မြန်မာနိုင်ငံသို့ သာသနာရောက်ရှိသည့် အချိန်မှစ၍ ညောင်ရေသွန်းပွဲတော်များ ကျင်းပခြင်းဓလေ့သည် တစ်ပြိုင်တည်း ပေါ်ပေါက်ခဲ့ဟန်တူလေသည်။

"တန်ခူးရေကုန်၊ ကဆုန်ရေခန်း" ဟု ဆိုခဲ့ကြသကဲ့သို့ နေ၏အပူရှိန်ကြောင့် ရေများပင်ခန်းခြောက်လေ့ရှိသည်ဖြစ်ရာ သာယာအေးချမ်းစိမ်းလန်းစေလိုသော စေတနာဖြင့် မြတ်စွာဘုရားရှင် ပွင့်တော်မူရာ ဗောဓိပင်ကို ရည်မှန်း၍ ဗောဓိပင်အပွားတော်များကို တပျော်တပါး ရေသွန်းလောင်းကြကာ ကဆုန်ညောင်ရေသွန်းပွဲတော်များကို ကျင်းပကြခြင်းဖြစ်သည်။

ကဆုန်လသည် ပြိဿရာသီဖြစ်သည်။ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်၍ နေမင်းက ကြတ္တိကာနက္ခတ်နှင့်ယှဉ်သည်။ ရာသီရုပ်မှာ နွားထီးရုပ်ပုံဖြစ်သည်။ တံငါတာရာထွန်းပသည်။ တချို့က ဆင်တာရာဟုလည်း ဆိုကြသည်။

ကဆုန်လကား တော်ဝင်သောလဖြစ်သည်။ ကဆုန်လပြည့်နေ့သည် ဗုဒ္ဓသာသနာ့ဝင်၊ ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ကြီး ဖြစ်သည်။

**"ဖွားမြင်၊ ပွင့်စံ၊ ဗျာဒိတ်ခံ၊ နိဗ္ဗာန်ကြွတော်မူ**
**ကဆုန်လပြည့်လောင်း၊ ဗုဒ္ဓနေ့၊ မမေ့မှတ်ကာယူ"** ဟူသည့်အတိုင်း

၁။ ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဤဘဒ္ဒကမ္ဘာ၌ လေးဆူမြောက်ဖြစ်သော ဂေါတမအမည်ဖြင့် ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟု ဒီပင်္ကရာမြတ်စွာဘုရားထံမှ နိယတဗျာဒိတ်ကို ကဆုန်လပြည့်နေ့တွင် ခံယူရရှိခြင်း။

၂။ မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဂေါတမဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားအား ဖွားမြင်တော်မူခြင်း။

၃။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့ အရုဏ်တက်အချိန်တွင် ဂေါတမဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူခြင်း။

၄။ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ဘုရားရှင်ပရိနိဗ္ဗာန် စံဝင်တော်မူခြင်းတည်းဟူသော ကဆုန်လပြည့်နေ့၏ ထူးခြားချက်ဂုဏ်ထူးဝိသေသများဖြင့် ထုံမွမ်းလျက်ရှိပေသည်။

ထိုကဲ့သို့ဘုရားရှင်၏ ဖြစ်တော်စဉ်တွင် ထူးခြားသတ်မှတ်ထိုက်သော ဤကဆုန်လပြည့်နေ့အား မြတ်စွာဘုရားနေ့ သို့မဟုတ် မြတ်ဗုဒ္ဓအခါတော်နေ့အဖြစ် ဗုဒ္ဓဘာသာဝင်အပေါင်းတို့က အထွတ်အမြတ်ထားကြသည်။ ဂေါတမဘုရားရှင်သည် ဤနေ့ဤအခါ၌ သဗ္ဗညုတရွှေဉာဏ်တော်ကို ရတော်မူရန် အားထုတ်ရာတွင်အမှီပြုတော်မူသော ဗောဓိပင်အား ရေစင်သွန်းလောင်းခြင်းပြု၍ဘုရားရှင်အား ရည်စူးပူဇော်ကြလေသည်။

ဗောဓိပင်ဆိုသည်မှာ ဘုရားရှင်တို့သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင်သိမြင်တော်မူရာ သစ်ပင်ထူးသစ်ပင်မြတ်ပင်ဖြစ်သည်။ ဝေဿဘူ၊ ကကုသန်၊ ကောဏဂုံ၊ ကဿပဘုရားရှင်တို့၏အမှီပြုပွင့်တော်မူရာသစ်ပင်တို့မှာ အင်ကြင်းပင်၊ ကုက္ကိုပင်၊ ရေသဖန်းပင်၊ ပညောင်ပင်တို့ဖြစ်သည်။ မည်သည့်အပင်မဆို ဘုရားရှင်တို့ သစ္စာလေးပါးမြတ်တရားကို သိမြင်တော်မူရာ သစ်ပင်ဖြစ်လျှင် ဗောဓိပင်ဟူသော နာမည်ထူးကိုရလေသည်။

နောင်ပွင့်လတ္တံ့သော အရိမေတ္တေယျဘုရားရှင် လက်ထက်တွင် ကံ့ကော်ပင်၌ ပွင့်မည်ဟု ဆိုလေရာ ထိုခေတ်ထိုအခါတွင် ကံ့ကော်ပင်သည် ဗောဓိပင်အမည်တွင်ပေလိမ့်မည်။ ဗုဒ္ဓဘာသာဓလေ့ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော်ကျင်းပကြခြင်းသည် နှစ်ဦးအစ ကဆုန်လတွင် လာလတ္တံ့သော တစ်နှစ်တာပတ်လုံး ဘေးရန်ကင်း၍ ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာအပေါင်းတို့နှင့်ပြည့်စုံကြစေရန် ရည်သန်လျက် ကုသိုလ်ကောင်းမှုပြုကြခြင်းပင်ဖြစ်သည်။

ညောင်ပင်သည် လူတို့၏ စိတ်တွင် အခြားအပင်များထက် ပို၍ထူးကဲသော သဘောရှိသည်။ ညောင်ညိုပင်ရိပ်၏ အေးမြခြင်း၊ ညောင်ရွက်များ၏ ပုံပန်းသဏ္ဌာန်မှာ အခြားအရွက်များနှင့် မတူဘဲ တစ်မူထူးခြားခြင်း၊ လေတိုးစဉ် ညောင်ရွက်တို့၏ ရိုက်ခတ်သံမှာ သာယာနာပျော်ဖွယ်ရှိခြင်း စသည်တို့မှာ လူတို့က တလေးတစား ဂရုပြုစေသော ထူးခြားချက်များပင် ဖြစ်သည်။ ထို့ကြောင့် ဘုရားမပွင့်မီ ရှေးပဝေသဏီကပင် ကဆုန်လပြည့်နေ့၌ ညောင်ပင်မှာ ရေသွန်းလောင်း၍ ညောင်ပင်စောင့် ရုက္ခစိုးနတ်မင်းအား ပူဇော်ကာ လိုရာဆုမွန်ကောင်းများကို တောင်းကြလေသည်။ ဘုရားရှင် ပွင့်တော်မူလာပြီးနောက် နတ်ကိုပူဇော်ခြင်းမှ ဘုရားကိုပြောင်းလဲပူဇော်ခြင်းဖြင့် ဗောဓိညောင်ပင်အား ရေစင်သွန်းလောင်းခဲ့ကြလေသည်။

"ဖွားမြင်၊ ပွင့်စံ၊ ဗျာဒိတ်ခံ၊ မှတ်ရန် ကဆုန်လပြည့်ကြုံ" ဟူသော စကားစဉ်သည် ဂေါတမဘုရားရှင်သာလျှင် ဤလ၊ ဤနေ့၊ ဤရာသီတွင် ဖွားမြင်ခြင်း၊ ဗျာဒိတ်ခံခြင်း၊ ဘုရားအဖြစ်သို့ရောက်တော်မူခြင်း၊ ပရိနိဗ္ဗာန်ပြုတော်မူခြင်း မဟုတ်ပေ။ နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့သည်လည်း ဖွားတော်မူသောလ၊ ဘုရားအဖြစ် ပွင့်တော်မူသောလ၊ ပရိနိဗ္ဗာန်ပြုတော်မူသောလ၊ ဗျာဒိတ်ခံတော်မူခဲ့ကြသော လမြတ်ပင်ဖြစ်သည်။ မြတ်စွာဘုရားရှင်တို့၏ ထူးမြတ်သော အချက်လက္ခဏာများသည် ဤကဆုန်လပြည့်နေ့၌ ထပ်တူဖြစ်ကြလေသည်။

ထူးခြားမွန်မြတ်လှသော ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့တွင် အစဉ်အလာကြီးမားသည့် ညောင်ရေသွန်းပွဲတော်များ ကျင်းပကာ သာယာချမ်းမြေ့စေကြောင်း၊ ဘေးဘယာဝေးကွာစေကြောင်း၊ အောင်ရာအောင်ကြောင်း ကောင်းကျိုးချမ်းသာများ၊ ကြီးပွားတိုးတက်စေရန်၊ ရရှိခံစားနိုင်ကြစေရန် ဆုတောင်းဆုယူပြုခြင်း၊ အမျှအတန်းပေးဝေခြင်း၊ မေတ္တာဘာဝနာများ ပွားများခြင်းတို့ကို စုဝေးပြုလုပ်ကြသည့် မြန်မာလူမျိုးတို့၏ ဗုဒ္ဓဘာသာဓလေ့စရိုက်မှာ နှစ်မြို့က်မြတ်နိုးဖွယ်ဖြစ်ပါကြောင်း ဖော်ညွှန်းရေးသားလိုက်ရပေသည်။

သွန်းလောင်းညောင်ရေ၊ မေတ္တာဝေ၍၊ ရွှေပြည်အေးချမ်း၊ ရွှင်လန်းကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဗုဒ္ဓဘာသာဓလေ့ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော် ကျင်းပကြခြင်းသည် နှစ်ဦးအစ ကဆုန်လတွင် လာလတ္တံ့သော တစ်နှစ်တာပတ်လုံးဘေးရန်ကင်း၍ ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံကြစေရန် ရည်သန်လျက် ကုသိုလ်ကောင်းမှုပြု ကြခြင်းပင်ဖြစ်**

## မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်စုပေါင်းသွေးလှူဒါန်း

**ထားဝယ် ဧပြီ ၃၀**

တနင်္သာရီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ထားဝယ်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)၏ (၂၅)ကြိမ်မြောက် ငွေရတုနှစ်ပတ်လည် အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ဧပြီ ၂၈ ရက်က တိုင်းဒေသကြီး ထားဝယ်မြို့ အထွေထွေရောဂါကု ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သီသီစိုးနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းသော တိုင်းဒေသကြီး/ခရိုင်/ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၂၅ ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ညှိနှိုင်းဆွေးနွေး

**ပင်လောင်း ဧပြီ ၂၉**

၂၀၁၄ ခုနှစ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ GAVI လုပ်ငန်းနှစ်ချုပ် ဆန်းစစ်ဆွေးနွေးပွဲနှင့်ရှေ့လုပ်ငန်းစဉ်များအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ရှမ်းပြည်နယ် (တောင်ပိုင်း)ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၂၉ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းသန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်သိန်းထွေးက ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော GAVI လုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အားလုံး၏ အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းပြောကြားပြီး ဆေးရုံကြီးကြပ်အဖွဲ့ဝင်ဦးထွန်းလှိုင်က ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်သည့် အကြံပြုချက်များကို တင်ပြဆွေးနွေးခဲ့သည်။

ဆက်လက်၍ တီကျစ်၊ နောင်တရားတိုက်နယ်ဆေးရုံများမှတာဝန်ခံများ၊ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများမှ တာဝန်ခံများက ၂၀၁၅ ခုနှစ်အတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုတွင်လိုအပ်သည့် ကိစ္စများကို တင်ပြညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာမေးပွဲကျင်းပ

**ရေဖြူ ဧပြီ ၃၀**

နိုင်ငံတော်သံဃာ့နာယကအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်လုံးဆိုင်ရာ ရာဟုလာဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ စာမေးပွဲကို ဧပြီ ၂၇ ရက်က အခြေခံပညာအထက်တန်းကျောင်း ရေဖြူ၌ ကျင်းပခဲ့သည်။ အဆိုပါ ယဉ်ကျေးလိမ္မာစာမေးပွဲသို့ ရေဖြူမြို့နယ် ကျေးရွာ ၃၀မှ ကျောင်းသားပေါင်း ၉၆၈ ဦး ဝင်ရောက်ဖြေဆိုကြပြီး ပထမအဆင့်နှင့် ဒုတိယအဆင့်ခွဲခြားသတ်မှတ်ဖြေဆိုကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး

**ရန်ကုန် ဧပြီ ၃၀**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၇ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့အောင်ဇေယျသင်တန်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းအောင်နှင့် အထွေထွေရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းဇော်က အမှာစကားပြောကြားပြီး ထိုသင်တန်းကို ဧပြီ ၂၇ ရက်မှ မေ ၁ ရက်ထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## ဆန်တင်ဆောင်လာသော ယာဉ်နှင့် ဆိုင်ကယ်တိုက်မှုဖြစ်ပွား

**ဟသ်ာတ ဧပြီ ၃၀**

ဟသ်ာတမြို့နယ် အင်္ဂပိုကျေးရွာအုပ်စုရှိ မိုင်တိုင်အမှတ် ၈/၆ နှင့် ၈/၇ ကြား တွင် ဧပြီ ၂၉ ရက် နံနက် ၇ နာရီ က အင်္ဂပူမြို့ ခြောက်ရွာကျေးရွာမှ ဆန်များ တင်ဆောင်ပြီး ဟသ်ာတမြို့သို့ မောင်းနှင်လာသော ယာဉ်အမှတ် ၄၅/--- နှင့် ဇရပ်ကွင်းကျေးရွာအုပ်စုနေ ဦးဝင်းထွဋ်ပါ သုံးဦးစီးနင်းသော မော်တော်ဆိုင်ကယ်တို့တိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ဦးဝင်းထွဋ်၏ဇနီး ဒေါ်အေးအေးမာ (၃၈နှစ်)မှာ နေရာတွင်သေဆုံးခဲ့ကာ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး ဟသ်ာတမြို့နယ် တလုတ္တော်ရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်လှစ်ထားရှိ၍ ဖြစ်မှုကျူးလွန်သူအားဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

**နတ်မောက် ဧပြီ ၃၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ဧပြီ ၂၇ ရက်က အဓိကလမ်းမကြီးဝဲယာနှင့် မြို့ဝင်မြို့ထွက်လမ်းမကြီးဝဲယာတို့တွင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

မြို့ပေါ်ရပ်ကွက်များ၏ အဓိကလမ်းမကြီးဘေးဝဲယာ၊ အစိုးရရုံးဝင်းနှင့် အနီးပတ်ဝန်းကျင်နေရာများ၊ ဆေးရုံနှင့် စာသင်ကျောင်းများ၊ မြို့ဝင်ပလတ်စတစ်အမှိုက်သရိုက်များ၊ ချုံနွယ်ပိတ်ပေါင်းမြက်ပင်များကို မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထောက်အကူပြုကော်မတီများ၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှဝင်း**



## ရွှေစက်တော် ဘေးမဲ့တောမှ မြန်မာ့ကြယ်လိပ်များ ဝိုင်းဝန်းထိန်းသိမ်းရန်လိုအပ်

မကွေးတိုင်းဒေသကြီးအတွင်းရှိ ဗုဒ္ဓစက်တော်ရာ နှစ်ဆူကိန်းဝပ်စံပယ်ရာ ရွှေစက်တော်ဘေးမဲ့တောကို ၂၉-၆-၁၉၄၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ကြောင်း သိရသည်။

၎င်းဘေးမဲ့တောသည် မင်းဘူး (စကု) မြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ ငဖဲမြို့နယ်၊ စေတုတ္တရာမြို့နယ် အထူးသဖြင့် (မုန်းချောင်း၊ မန်းချောင်း) ကြား မြို့နယ်လေးခုပါဝင် တည်ထောင်ထားသည်။ အကျယ်အဝန်းအားဖြင့် ဘေးမဲ့တောအဓိက နယ်မြေ (၁၇၉ ဒသမ ၂၅ ) စတုရန်းမိုင်နှင့် ဘေးမဲ့တော ကာကွယ်တောနယ်မြေ ၁၀၀ ဒသမ ၆ စတုရန်းမိုင် စုစုပေါင်း ၂၇၉ ဒသမ ၈၅ စတုရန်းမိုင်ရှိပြီး ဝက်ဝံ၊ကျား၊ ကျားသစ်၊ မျောက်၊ ချေ၊ တောဝက်၊ တောကြောင်၊ ရွှေသမင်နှင့် ငှက်အမျိုးပေါင်း ၁၀၃ မျိုးအပြင် ကြယ်လိပ် (သို့မဟုတ်) ဆီကျိုလိပ် (သို့မဟုတ်) ပင့်ကူလိပ်တို့ကို တွေ့ရှိရသည်။

အဆိုပါ ကြယ်လိပ်၏ မြန်မာအမည်မှာ ကြယ်လိပ်(သို့မဟုတ်) ဆီကျိုလိပ်( သို့မဟုတ်) ပင့်ကူလိပ်ဖြစ်ပြီး အင်္ဂလိပ်အမည်မှာ Burmese Star Tortoise ၊ သိပ္ပံအမည်မှာ Geochelone Platynota ဖြစ်ကြောင်း သိရသည်။

ကြယ်လိပ်များကို သစ်တောဥပဒေအရ ထိန်းသိမ်းကာကွယ်ထားရှိပြီး ဇူလိုင်၊ သြဂုတ်တွင် မိတ်လိုက်၍ အောက်တိုဘာတွင် ဥဥကာ တစ်ကြိမ်ဥလျှင် လေးလုံး၊ ငါးလုံးဥပြီး မေလတွင် ဥပေါက်ကြောင်း သိရသည်။ အင်တိုင်းတောနိမ့်၊ သန်းဒဟတ်တော၊ အထက်ရွက်ပြတ်တောခြောက်များတွင် ကျက်စားကြသည်။

ကြယ်လိပ်များသည် မန်းရွှေစက်တော် ဘေးမဲ့တောအတွင်း နေထိုင်ကျက်စားခဲ့ပြီး ယခုအခါ သဘာဝတောအတွင်း တဖြည်းဖြည်း ရှားပါးလာပြီဖြစ်သဖြင့် ပြင်ပခြံလှောင် မွေးမြူခြင်းအောင်မြင်လျက်ရှိသည်။ ပြင်ပခြံလှောင်မွေးမြူခြင်းမှ တောတွင်းကျက်စားပုံ အောင်စေပြီး သဘာဝအစာဖြင့် စမ်းသပ်လွှတ်လာခဲ့ရာကိုးလတာကာလအတွင်း စမ်းသပ်မှုအဆင့်ဆင့် အောင်မြင်နေပြီဖြစ်ကြောင်းနှင့် ရှားပါးကြယ်လိပ်များ မျိုးမသုဉ်းစေရန် လူမှုရေးအဖွဲ့များ၊ တိရစ္ဆာန်ချစ်သူ အဖွဲ့အစည်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့များ၏ နည်းပညာအကူအညီများဖြင့် ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။ ကမ္ဘာ့ရှားပါး ကြယ်လိပ်များကို မျိုးသုဉ်းပျောက်ကွယ်မသွားစေရန် ဝိုင်းဝန်းထိန်းသိမ်းသွားရန် လိုအပ်လျက်ရှိသည်။



**ခင်သန်းဦး(ဖန်ခါးမြေ)**



## သံတောင်မြို့နယ်ထွက် လိုက်ချီးသီးများ ဈေးကွက်သို့စတင်ဝင်ရောက်

**ရေတာရှည် ဧပြီ ၃၀**

နှစ်စဉ်မိုးဦးကာလတွင် ကရင်ပြည်နယ် သံတောင်မြို့နယ်မှ ထွက်ရှိသော လိုက်ချီးသီးများ ယခုရက်ပိုင်းအတွင်း ဈေးကွက်များသို့ စတင် ဝင်ရောက်လာပြီဖြစ်၍ ဈေးကောင်းရနေသည်ကို တွေ့ရသည်။ “တောင်ပေါ်အထိ တက်ဝယ်ရတာ။ ဟိုမှာတင် တစ်စည်း ငွေကျပ် ၂၀၀၀ နဲ့ ဝယ်ရတယ်။ ဒီမှာ ပြန်ရောင်းတော့ တစ်စည်းကို ငွေကျပ် ၂၅၀၀ ပါ။ ကိုယ့်ဆိုင်ကယ်နဲ့ကိုယ် သယ်လို့ ငှားပြီးသယ်ရရင် သိပ်မကျန်ဘူး။ တောင်ငူမှာကတော့ စနေနေ့က စရောင်းနေပြီ”ဟု ရေတာရှည်မြို့လယ် ရန်ကုန်-မန္တလေးကားလမ်းဘေးတွင် ကိုယ်တိုင်ရောင်းချနေသူတစ်ဦးက ပြောသည်။ ဗီတာမင်စီဓာတ်ကြွယ်ဝပြီး အရည်ရွှမ်းကာ ချိုသောအရသာကြောင့် မိသားစုလိုက် စားသုံးရန် လည်းကောင်း၊ လက်ဆောင်အဖြစ်ပေးရန် လည်းကောင်း ခရီးသွားများက ဝယ်ယူလေ့ရှိပြီး အထွက်ဖြိုးသော မေလလယ်လောက်တွင် ဈေးနှုန်း ကျဆင်းလေ့ရှိသည်။ ဈေးကွက်အနေအထားအရ လိုက်ချီးပင်များ အောင်မြင် ဖြစ်ထွန်းသော သံတောင်မြို့နယ်အတွင်း တစ်ဆင့်ခံဝယ်ယူသူများ၊ အသီးခူးဆွတ်ရောင်းချသူများသည် တွက်ချေကိုက်ကာ ရာသီချိန် စီးပွားရေးလုပ်ငန်းများလည်း ဖြစ်သည်။ **ကိုလွင်(ဆွာ)**

## မိတ္ထီလာတွင် ၂၀၁၅ ရွေးကောက်ပွဲတွင် အကြိုမဲစာရင်းအရ လူဦးရေ ၂၅၀၀၀၀ ကျော် မဲပေးသွားမည်

**မိတ္ထီလာ ဧပြီ ၃၀**

မိတ္ထီလာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ၂၀၁၅ ရွေးကောက်ပွဲအတွက် မိတ္ထီလာမြို့ပေါ်ရှိ ရပ်ကွက်(၁၄) ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၈ အုပ်စုနှင့် ကျေးရွာပေါင်း ၃၇၉ ရွာသို့ မြို့နယ်ကော်မရှင်မှ အဖွဲ့ ၇၂ ဖွဲ့ခွဲ၍ အကြိုမဲစာရင်းကောက်ယူရာ မဲရုံပေါင်း ၂၇၈ ရုံတွင် အသက် ၁၈ နှစ်ပြည့်ပြီး မဲပေးနိုင်သော မဲဆန္ဒရှင် ၂၅၀၀၀၀ ကျော်ကို အကြိုမဲစာရင်းအဖြစ် ကောက်ယူထားပြီးဖြစ်ကြောင်းသိရသည်။

အကြိုမဲစာရင်းများကို ပညာရေးဌာန၏ဝန်ထမ်းများ အကူအညီဖြင့် မတ် ၂၃ ရက်က စတင်ကောက်ယူခဲ့ခြင်းဖြစ်သည်။ မဲရုံများတွင် မဲစာရင်းထုတ်ပြန်ပေးမည်ဖြစ်ရာ မဲစာရင်းတွင် မိမိအမည်မပါရှိပါက သက်ဆိုင်ရာကျေးရွာ၊ ရပ်ကွက်ကော်မရှင်သို့ အသိပေးတင်ပြနိုင်ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

## ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုလျော့နည်းရေး အသိပညာပေး ဟောပြော

**ပုဏ္ဏားကျွန်း ဧပြီ ၃၀**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက် ပြဿနာများကို ပြည်သူများ သိရှိနိုင်ရန် ပုဏ္ဏားကျွန်းမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် အသိပညာပေး ဟောပြောပွဲများကို ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၆ ရက်က အထက်မြတ်လဲ့ကျေးရွာ အလက (ခွဲ)၌ ကွင်းဆင်းဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် သစ်တောဦးစီးဌာန အနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကဏ္ဍတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသည် လွန်စွာအရေးကြီးသည့်အတွက် ယခုကဲ့သို့ အသိပညာပေး ဟောပြောရခြင်းဖြစ်ကြောင်း၊ မြေကိုလွဲမှားစွာအသုံးချခြင်းကြောင့် သစ်တောသယံဇာတ ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်လျက်ရှိရာ နောင်အနာဂတ် မျိုးဆက်သစ်များအပေါ် ထိခိုက်မှု မဖြစ်ပွားစေရန် လွန်စွာအရေးကြီးကြောင်း သယံဇာတ အရင်းအမြစ်များကို ဂေဟစနစ် မပျက်ပြားစေဘဲ အကျိုးရှိစွာ အသုံးပြုရန်နှင့် သစ်တောပြုန်းတီးမှုများအတွက် ဝင်ငွေတိုးအခွင့်အလမ်း ရရှိစေမည့် တစ်ပိုင်တစ်နိုင်အစုအဖွဲ့ ပုဂ္ဂလိကသစ်တော စိုက်ခင်းများ စိုက်ပျိုးခြင်းဖြင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများကိုပါ များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းဟောပြောရာ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြို)**

# တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များသို့ ဆန်၊ ဆိုလာနှင့်ဆေးစိမ်ခြင်ထောင်များ ထောက်ပံ့

**ဘားအံ ဧပြီ ၃၀**

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းဌာန(MPC)နှင့် နိပွန်ဖောင်ဒေးရှင်းတို့ပူပေါင်း၍ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးသည့် အနေဖြင့် ဆန်၊ ဆိုလာမီးအိမ်နှင့်ဆေးစိမ်ခြင်ထောင် များပေးအပ်ခြင်းကို ဧပြီ ၂၉ ရက်က ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံးရှေ့ သီရိလမ်းမကြီး၌ ပြုလုပ်သည်။

အဆိုပါပေးအပ်ပွဲသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အမျိုးသမီးရေးရာနာယကနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များမှ တာဝန်ရှိသူများ၊ နိပွန်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် နိပွန်ဖောင်ဒေးရှင်းမှ မစ္စတာမက်စုချီးမားတို့က တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များသို့ ဆန် ၉၉၄၅ အိတ်၊ ဆေးစိမ်ခြင်ထောင် ၁၃၃၇ လုံးနှင့် လက်ဆွဲဆိုလာမီးအိမ် ၁၅၁၅ လုံးတို့ကို ပေးအပ်ရာ ငြိမ်းချမ်းရေးကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြောင်း သိရှိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**






ကိုးကန့်ဒေသလောက်ကိုင်တိုက်ပွဲဝင် ဝန်းသိုမြို့နယ်မြေခံတပ်မှ တိုက်ပွဲဝင်စစ်သည် မိသားစုဝင်များအား ကောလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ပြည်သူများက ထောက်ပံ့ငွေကျပ် ၁၅၁၄၀၀၀ ပေးအပ်ပွဲကို ဧပြီ ၂၈ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဇာတိမာန်ခန်းမ၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌက နယ်မြေခံတပ်မှ ဗိုလ်ကြီးစိုးမြင့်ထံပေးအပ်စဉ်။ **(မြို့နယ် ပြန်/ဆက်)**

# ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်း ဖွင့်ပွဲကျင်းပ

**မလှိုင် ဧပြီ ၃၀**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီက မလှိုင်မြို့ မြို့မရဲစခန်းဝင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မိုးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ မလှိုင်မြို့နယ်အတွင်းရှိ ဆည်တို၊ နွားကန်၊ မြို့မရဲစခန်းများမှ အရာရှိများနှင့် အခြားအဆင့် ၄၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ငါးရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

# ဘိလပ်မြေစက်ရုံနေရာ လယ်ယာမြေများအတွက် လျော်ကြေးငွေပေးအပ်

**သာစည် ဧပြီ ၃၀**

မိတ္ထီလာခရိုင် သာစည်မြို့နယ် ပြည်ညောင်ကျေးရွာအုပ်စု ပြည်ညောင်ကျေးရွာတွင် ထူးကုမ္ပဏီမှ ဘိလပ်မြေစက်ရုံ ဆောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေနေရာများအတွက် လျော်ကြေးငွေပေးအပ်ပွဲကို ဧပြီ ၂၈ ရက်က အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ ကျင်းပသည်။ ပြည်ညောင်(ရထား)ကျေးရွာမှ ဒေသခံလေးဦးတို့ကို မြေ ၂ ဧကစီအတွက် လျော်ကြေးငွေကျပ် ၁၀ သိန်းစီကို ထူးဘိလပ်မြေစက်ရုံမှ တာဝန်ရှိသူတစ်ဦးက ပေးအပ်သည်။

မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီမှ အကြောင်းအမျိုးမျိုးကြောင့် လယ်ယာမြေနှင့်အခြား မြေများသိမ်းဆည်းခံရသောပြည်သူများ နစ်နာမှုမရှိစေရေးအတွက် မြေယာဥပဒေနှင့်အညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# နန့်ရုံ-နမီး ရွှေလေးတန်ကားလမ်းမ စုပေါင်းပြုပြင်

**မော်လူး ဧပြီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးတွင် ဧပြီ ၂၈ ရက်က နန့်ရုံ-နမီးကားလမ်းမကြီးကို စုပေါင်းပြုပြင်ခဲ့ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် နန့်ရုံကျေးရွာရာအိမ်မှူး ဦးလှမျိုးအောင်၊ လမ်းဖြစ်မြောက်ရေး အကျိုးဆောင် ဦးသောင်းညိုနှင့် ဒေသခံများက မော်လူးထုံးတောင်မှော်မှ ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီများ ဖြစ်သော ခူဝံကြယ်ကုမ္ပဏီနှင့်အိပ်မက်ကျောက်ကုမ္ပဏီမှ ဘက်ဟိုးယန္တရားနှစ်စီး၊ မြေသယ်ယာဉ် လေးစီးတို့ဖြင့်လမ်းအကျယ် ၁၈ ပေ၊ အရှည် ၃ မိုင်ကို နန့်ရုံကျေးရွာ ဘောလုံးကွင်းမှစတင်ကာ သဲကျောက်များခင်းခြင်းလုပ်ငန်းကို ဝိုင်းဝန်းကူညီဆောင်ရွက်လုပ်ကိုင်ကြသည်။

"ဒီကားလမ်းမကို ရွှေလေးတန်ကား လမ်းမလို့ခေါ်ပါတယ်။အခုလို ပွင့်လင်းရာသီမှာ သွားလာရတာ အဆင်ပြေပေမယ့် မိုးတွင်းမှာသွားလာလို့ခက်ခဲပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဒေသခံတွေနဲ့ ခရီးသွားတွေ နွေမိုးဆောင်းရာသီမရွေးသွားလာလို့ရအောင် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီက အကူအညီတွေနဲ့ တက်ညီ လက်ညီ ဝိုင်းဝန်းလုပ်ဆောင်နေတာပါ။ ဒီကားလမ်းမကြီးဟာ အင်းတော်မြို့နယ်သာမက ဗန်းမောက်မြို့နယ်အထိပါ သွားလာနေကြတဲ့ အရေးပါတဲ့ကားလမ်းမပါ။ဒါကြောင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်နေပါတယ်"ဟု လမ်းဖြစ်မြောက်ရေး အကျိုးဆောင် နန့်ရုံကျေးရွာနေ ဦးသောင်းညိုကပြောသည်။

ယင်းကားလမ်းမကြီးကို ဧပြီ ၂၇ ရက်မှ မေ ၂ ရက်အထိ လမ်းအရှည်သုံးမိုင်ကို သဲကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နန့်ရုံကျေးရွာမှ ရွှေလေးတန် ချောင်းကူးတံတားအထိကျေးရွာအတွင်း အရှည်တစ်မိုင်ကိုဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ၎င်းကပြောပြသည်။

**(၁၄၉)**






# ရေးမြို့၌ သဘာဝဘေးကြိုတင်ကာကွယ်ရေး ဆွေးနွေး

**ရေး ဧပြီ ၃၀**

မွန်ပြည်နယ် ရေးမြို့ရွှေဆံတော်စေတီဓမ္မာရုံ၌ ဧပြီ ၂၉ ရက် နံနက် ၉ နာရီခွဲက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ဖိတ်ကြားထားသူ ၃၀ ခန့်တက်ရောက်ကြသည်။

UN HABITAT အဖွဲ့မှ ဦးလင်းအောင်နှင့် ဒေါ်ရတနာကျော်တို့က သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာများဖြစ်သော သဘာဝဘေးမဖြစ်ပေါ်မီကြိုတင်ကာကွယ်တားဆီးရန်အသင့်အနေအထား ကြိုတင်ပြင်ဆင်ထားမှုစီစဉ်ဆောင်ရွက်ရမည့်အခြေအနေများ၊ သဘာဝဘေးဖြစ်ပေါ်ပြီးနောက် ထိခိုက်ပျက်စီးမှုလုပ်ငန်းအခြေအနေများအား အချိန်နှင့်တစ်ပြေးညီဖြေရှင်းရမည့် နည်းလမ်းများအား တက်ရောက်လာသူများကို ပြောကြားရှင်းလင်းပြီး အပြန်အလှန် အသိပညာဖလှယ်ရယူခဲ့ကြောင်း သိရသည်။

ထို့ပြင်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးအသိပညာပေးသိကောင်းစရာနည်းပေးလမ်းညွှန်ပိုစတာများကို အများပြည်သူများအား အလွယ်တကူဖတ်ရှုလေ့လာနိုင်ရန်အတွက် မြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာများရှိ နေရာအနှံ့အပြားများတွင် ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ် (ရေး)**

# ပင်းမြို့ဟောင်းတွင် ရိုးရာရက်ကန်းပညာကို စဉ်ဆက်မပြတ်ထိန်းသိမ်း



**မကွေး ဧပြီ ၃၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပင်းမြို့ဟောင်း၏အနောက်တောင်ဘက် ၁ မိုင်နှင့် ၆ ဖာလုံခန့်တွင်ရှိသော တောင်ထောင့်ကျေးရွာအုပ်စု တောင်ထောင့်၊ ကုန်းဇောင်းကျေးရွာတို့၌ မြန်မာ့ရိုးရာ လက်မှုပညာဖြစ်သည့် ရက်ကန်းပညာကို စဉ်ဆက်မပြတ် ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

တောင်ထောင့် ကျေးရွာတွင် အိမ်ခြေ ၂၇၀ ခန့်နှင့် ကုန်းဇောင်းကျေးရွာတွင် အိမ်ခြေ ၃၂၀ ခန့်ရှိပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ကြသည်။လယ်ယာလုပ်ငန်းပြီးစီးချိန်များတွင်မိရိုးဖလာလုပ်ငန်းဖြစ်သည့် ဝါဖန့်ခြင်း၊ ဗိုင်းငင်ခြင်း၊ ချည်ထိုးခြင်း၊ ချည်နင်းခြင်းနှင့် ရက်ကန်းရက်ခြင်းကို အမျိုးသမီးများ တစ်နိုင်တစ်ပိုင်လုပ်ကိုင်နေကြပြီး မြန်မာ့ရိုးရာလက်မှုပညာတစ်ရပ်အနေဖြင့် ထိန်းသိမ်း လုပ်ကိုင်လျက်ရှိသည်။

"ကျွန်မတို့ရွာတွေမှာ အခုလို နွေရာသီဆိုရင် အမျိုးသမီးတွေ ကြိတ်ပြီးသားဝါကိုဗိုင်းငင်ဖို့အတွက်ဝါဖန့်ကြတယ်။ ဝါဖန့်ပြီးဝါလိပ်များကို ချည်ဖြစ်အောင် ဗိုင်းငင်ကြတယ်။ ချည်အဖြစ်ရရှိလာတဲ့ချည်ကို ထမင်းနဲ့နယ်ပြီး ကိုယ်လိုတဲ့အရောင်နဲ့ စပ်ကာ ချည်နင်းပြီး နေလှမ်းကြရတယ်။ စိတ်ကြိုက်ရရှိတဲ့ အနေအထားရရင် ရက်ကန်းရက်ဖို့ ချည်ဖောက်ကြတယ်။ အလုပ်က မပြတ်ကြဘူး။ အမျိုးသားတွေက လယ်ယာလုပ်ငန်းခွင်ဝင်နိုင်အောင် အဆင့်သင့်ပြင်ဆင်ကြသလို အမျိုးသမီးတွေလည်း အဝတ်အထည်မပူပင်ရအောင် အိမ်တွင်းမှုလုပ်ငန်းဖြစ်တဲ့ ရက်ကန်းရက်ကြတယ်။ အိမ်တိုင်းမှာ ရက်ကန်းစင် ကိုယ်စီရှိကြသလို အပ်ချုပ်စက် ကိုယ်စီရှိကြတယ်။ မိသားစုဝတ်ဖို့ပိုတဲ့အပြင် လက်လီလက်ကားရောင်းကြရတယ်။ ရှစ်တောင်ထိုး အမျိုးသားဝတ်လက်ရှည်တစ်ထည်ကိုလက်ကားဈေး ၃၂၀၀ ကျပ်နဲ့ရောင်းပြီးနတ်မောက်၊ ကျောက်ပန်းတောင်းနဲ့ အခြားမြို့တွေကိုလည်း ရောင်းကြရတယ်"ဟု ကုန်းဇောင်းရွာမှ အမျိုးသမီးတစ်ဦးက ပြောပြသည်။

ပင်းမြို့ဟောင်းဒေသသည် ပျူခေတ်မှစတင်၍ရှေးဘုရင်များလက်ထက်ကတည်းက ရက်ကန်းရက်ခြင်းပညာကိုတည်ရှိခဲ့ပြီး ၂၁ ရာစုခေတ်အထိ မြန်မာ့ရိုးရာလက်မှုပညာဖြစ်သည့် ရက်ကန်းပညာကိုဆက်လက်ထိန်းသိမ်းလျက်ရှိသဖြင့် ၎င်းဒေသများတွင် ယနေ့အချိန်အထိ အဝတ်ခြံပေါက်ဟူသောစကားသည်လူတိုင်းနေ့စဉ်အသုံးပြုလျက်ရှိသည်။ ထို့အပြင် ရက်ကန်းရက်ခြင်းပညာကိုလည်း မြန်မာ့ရိုးရာလက်မှုပညာတစ်ရပ်အနေဖြင့်လည်းကောင်း၊ မိရိုးဖလာရိုးရာအမွေအဖြစ် လည်းကောင်း ဆက်လက်ထိန်းသိမ်းကာ ကျေးရွာဓလေ့အတိုင်း နေထိုင်လျက်ရှိကြကြောင်းသိရှိရသည်။ **စွဲထက်ရှင်**

# မူလတန်းအဆင့်ကျောင်းသားများအတွက် ကျောင်းဝတ်စုံများ ထုတ်ပေး

**နတ်မောက် ဧပြီ ၃၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ပညာရေးမှူးရုံးမှ လာမည့်ပညာသင်နှစ်အတွက် မူလတန်းအဆင့်ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများကို ကျောင်းပေါင်း ၂၀၅ ကျောင်းသို့ ဧပြီလကုန်တွင် အပြီးပေးအပ်ခဲ့ကြောင်း သိရသည်။

ကျောင်းဝတ်စုံများ အခမဲ့ထုတ်ပေးရာတွင် မူလတန်းအဆင့် သူငယ်တန်းမှ စတုတ္ထတန်းအထိ ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံတစ်စုံနှုန်းဖြင့် ပေးအပ်သွားမည်ဖြစ်ပြီး ကျောင်းယူနီဖောင်း အဖြူ အစိမ်းကို အရွယ်အစား လေးမျိုးခန့် ခွဲခြားပေးအပ်မည် ဖြစ်သည်။

"ကျောင်းဝတ်စုံတွေကို ယခုပညာသင်နှစ်ရဲ့ ကျောင်းသားစာရင်းအရ ပေးအပ်သွားတာဖြစ်ပါတယ်။ နတ်မောက်မြို့နယ်တစ်ခုလုံးမှာ အခြေခံပညာကျောင်းပေါင်း ၂၀၅ ကျောင်းရှိပြီး ကျောင်းသား ၁၁၂၆၈ ဦး၊ ကျောင်းသူ ၁၁၀၀၅ ဦးနဲ့ စုစုပေါင်း ၂၂၂၇၃ ဦးရှိပါတယ်။ နောက်ပိုင်းမှာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွေပါ ပေးအပ်နိုင်အောင် ကျောင်းဝတ်စုံတွေကို တင်ပြတောင်းခံထားပါတယ်"ဟု နတ်မောက်မြို့နယ် ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် နတ်မောက်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေသော မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံ အခမဲ့၊ ကျောင်းလခ အခမဲ့၊ ပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ် အခမဲ့ ပေးဝေသည့်အပြင် မိဘဆရာအသင်းရန်ပုံငွေ၊ အားကစားရန်ပုံငွေနှင့် စာကြည့်တိုက်ရန်ပုံငွေ စသည့်အလှူငွေများအားလုံးလည်း ပေးဆောင်စရာ မလိုတော့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# ရိခေါဒါရ်မြို့၌ မီးသတ်ဌာနရုံးအဆောက်အအုံသစ် ဖွင့်လှစ်မည်

**ရိခေါဒါရ် ဧပြီ ၃၀**

ချင်းပြည်နယ် ရိခေါဒါရ်မြို့၌ မြန်မာနိုင်ငံမီးသတ်ဌာနအဆောက်အအုံသစ် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်းသိရသည်။

ရိခေါဒါရ်မြို့သည် ၂၀၀၂ ခုနှစ်မှစ၍ မြို့နယ်ခွဲအဖြစ် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ရာ ချင်းပြည်နယ်(မြောက်ပိုင်း) မြန်မာ-အိန္ဒိယနယ်စပ်မြို့တစ်ခုဖြစ်ပြီး အိမ်ခြေ ၇၀၀ ကျော်ရှိသည်။ အထူးသဖြင့် အမှတ်(၂) ရပ်ကွက်၌ လူနေအိမ်များ နီးကပ်စွာရှိခြင်းနှင့် ယခုရာသီတွင် အပူချိန် ၃၇ ဒီဂရီစင်တီဂရိတ်ခန့်ရှိ၍ ပူပြင်းခြောက်သွေ့နေခြင်းကြောင့် မီးဘေးအန္တရာယ်ကို စိုးရိမ်ရသည်။

"ကျွန်တော်တို့မြို့မှာ အိမ်ခြေ လူဦးရေ နည်းပါးသေးပေမယ့် ဆောက်လုပ်ထားတဲ့ လူနေအိမ်တွေက ဒေသပထဝီအနေအထား၊ အခြေအနေအရနီးနီးကပ်ကပ်ဆောက်လုပ်ထားပါတယ်။ ဒါ့အပြင် ကျွန်တော်က ဒေသဟာတောင်ပေါ်မြို့ ဆိုပေမယ့် နွေရာသီမှာဆိုရင် အလွန်ပူအိုက်ပြီးတော့ မီးဘေးအန္တရာယ်ကို စိုးရိမ်ရပါတယ်။ အခုလို ကျွန်တော်တို့မြို့မှာ ပြည်နယ်အစိုးရရဲ့ စီစဉ်ပေးမှုကြောင့် မီးသတ်ယာဉ်နှစ်စီးနဲ့ မီးသတ်ဌာနရုံး ဖွင့်လှစ်ပေးမှုအပေါ် အတိုင်းမသိဝမ်းသာပါတယ်။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနဲ့ တခြားလိုအပ်တဲ့ ကိစ္စတွေမှာ မီးသတ်ဝန်ထမ်းတွေနဲ့အတူ ဒီမြို့မှာရှိတဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေ၊ ပြည်သူတွေနဲ့ ပူးပေါင်း ဆောင်ရွက်သွားမှာပါ"ဟု အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇရှမ်းလျန်က ပြောသည်။

အသစ်ဖွင့်လှစ်မည့် မီးသတ်ဌာနရုံးဆောက်လုပ်မည့် တည်နေရာ သတ်မှတ်ခြင်း၊ ရေတင်ခြင်းနှင့် လမ်းဖောက်ခြင်းတို့ကို ဆောင်ရွက်ထားပြီး မေလအတွင်း မီးသတ်ဌာနရုံး အဆောက်အအုံ စတင်ဆောက်လုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

ယခုအခါ မီးသတ်ဝန်ထမ်း နှစ်ဦးအား တာဝန်ချထားပေးပြီး ဒေသအရန်မီးသတ်တပ်ဖွဲ့နှင့်အတူ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ ၂၀၁၄ခုနှစ်အတွင်း ချင်းပြည်နယ်အစိုးရ၏ စီစဉ်ပေးမှုဖြင့်ဒေါင်းဖန်းမီးသတ်ယာဉ်တစ်စီးနှင့် ရေတင်ယာဉ်တစ်စီးကို ရိခေါဒါရ်မြို့အတွက် ချပေးထားခဲ့ခြင်းဖြစ်သည်။

**နေစု(ချင်းရိုးမ)**



# ငှက်ဖျားရောဂါကာကွယ်ထိန်းချုပ်နိုင်ရေး လုပ်ငန်းအကြိုဆွေးနွေး

**ကျောက်တံခါး ဧပြီ ၃၀**

လူထုအခြေပြု ငှက်ဖျားရောဂါ ကင်းစင်ထိန်းချုပ်နိုင်ရေး အစီအစဉ်တစ်ရပ်အနေဖြင့် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့စည်ပင်သာယာခန်းမ၌ ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီက လုပ်ငန်းအကြို ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဒေါက်တာမျိုးဇော်လှက မြို့နယ်အတွင်း ငှက်ဖျားရောဂါနှင့်ပတ်သက်ပြီး ဖြစ်ပေါ်နေသော အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်နေသော URC-CAP-MALARIA အဖွဲ့မှ ဒေါက်တာနောင်နောင်က ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၊ ညောင်လေးပင်မြို့နယ်နှင့် ရေတာရှည်မြို့နယ် သုံးမြို့နယ်တို့တွင် ငှက်ဖျားရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး အစီအစဉ်များကို စတင်ဆောင်ရွက်နေပြီဖြစ်ရာ ယခုကျောက်တံခါး မြို့နယ်ရှိ ကျေးရွာပေါင်း ၅၂ ရွာတွင် လူထုအခြေပြု ငှက်ဖျားရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးတို့ကို ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး သင်တန်းများကို မေ ၁၁၊ ၁၂၊ ၁၃ ရက်များတွင် ဆက်လက်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

# နွေရာသီကွန်ပျူတာသင်တန်းများ ညောင်ရင်းကျေးရွာ၌ ဖွင့်လှစ်

**မြင်းမူ ဧပြီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ညောင်ရင်းကျေးရွာ ပွင့်လင်းရောင်ခြည် ပိဋကတ်စာကြည့်တိုက်နှင့် ဉာတိသင်္ဂဟ ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းတို့က ကြီးမှူး၍ ဒုတိယအကြိမ် နွေရာသီ အခြေခံ ကွန်ပျူတာအခမဲ့သင်တန်းကို ဧပြီ ၂၈ ရက်က စတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

နွေရာသီ အခြေခံကွန်ပျူတာ အခမဲ့သင်တန်းတွင် ဆရာတော် ဦးသြဘာသ(မတ္တရာ)က ကွန်ပျူတာ ပညာရပ်များကို သင်ကြားပေးပြီး ညောင်ရင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးလင်းလင်းလတ်နှင့်ပွင့်လင်းရောင်ခြည်ပိဋကတ် စာကြည့်တိုက်ကော်မတီဝင် ဦးဝင်းနိုင်တို့က သင်တန်းသားများအား စာရေးကိရိယာပစ္စည်းများကို ထောက်ပံ့ပေးခဲ့သည်။



"နွေရာသီ ကျောင်းပိတ်ရက်မှာ လူငယ်လေးတွေ အချိန်ကို အကျိုးရှိရှိ အသုံးချနိုင်ဖို့၊ ခေတ်မီကွန်ပျူတာ ပညာရပ်တွေကို နားလည်တတ်မြောက်စေဖို့အတွက် ကွန်ပျူတာ သင်တန်းကို ဖွင့်လှစ်ပေးခြင်း ဖြစ်ပါတယ်။ သင်္ကြန်မတိုင်ခင်မှာ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာနဲ့ အခြေခံအင်္ဂလိပ်စာသင်တန်း၊ အခုသင်္ကြန်အပြီးမှာကွန်ပျူတာသင်တန်းကို ဖွင့်လှစ်ပေးတာပါ။ သင်တန်းတွေကို ကျေးရွာလူငယ်တွေ၊ ကျောင်းသူကျောင်းသားတွေအတွက် နှစ်စဉ်နှစ်တိုင်း ဖွင့်လှစ်ပေးလျက်ရှိပါတယ်"ဟု ညောင်ရင်းကျေးရွာ ပွင့်လင်းရောင်ခြည်ပိဋကတ် စာကြည့်တိုက်ကော်မတီဝင် ဦးဝင်းနိုင်က ပြောပြသည်။

အဆိုပါ နွေရာသီ အခြေခံ ကွန်ပျူတာ အခမဲ့သင်တန်းတွင် ညောင်ရင်းကျေးရွာမှ သံဃာတော်နှစ်ပါးနှင့် ကျောင်းသား ကျောင်းသူ ၂၂ ဦး၊ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာ မြင့်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မိခင်နှင့်ကလေးကျန်းမာရေးမြှင့်တင်သူ ဆရာဖြစ်ဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် ဧပြီ ၃၀**

ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော မိခင်နှင့်ကလေး ကျန်းမာရေးမြှင့်တင်သူဆရာဖြစ်ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဧပြီ၂၉ ရက် နံနက် ၁၀ နာရီတွင် သန်လျင်မြို့ ခရိုင်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကေသီခိုင်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသူ ၄၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# ချယ်လ်ဆီးအတွက် နိုင်ပွဲဆက်မယ့် ပွဲပါ



**ပရီမီယာလိဂ် လက်ကျန်ပွဲစဉ်အဖြစ် မေ ၃ရက်မှာ ချယ်လ်ဆီးနဲ့ ခရစ္စတယ်ပဲလေ့စ်၊ စပါးနဲ့ မန်စီးတီးတို့ ပွဲတွေကစားဖို့ရှိပါတယ်။ ဒီနှစ်ပရီမီယာလိဂ်ဖလားကို သိမ်းပိုက်တော့မယ့် ချယ်လ်ဆီးတို့အတွက် အနိုင်ရလဒ်ကို ပုံဖော်မှာဖြစ်ပြီး မန်စီးတီးတို့ကလည်း အမှတ်ပြည့်ရဖို့ အားထုတ်မှာကို မြင်တွေ့ အားပေးရဦးမှာဖြစ်ပါတယ်။**

**ချယ်လ်ဆီးနှင့် ခရစ္စတယ်ပဲလေ့စ်**

ပထမအကျော့ ခရစ္စတယ်ပဲလေ့စ်ကွင်းမှာကစားတော့ ချယ်လ်ဆီးက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရထားပါတယ်။ ချယ်လ်ဆီးဟာ ဒီနှစ်ပရီမီယာလိဂ်ဖလားကို ရယူဖို့ ဟန်ပြင်နေပြီး ပွဲတိုင်းအမှတ်ပြည့်ရရေး ကြိုးစားနေပါတယ်။ ပြီးခဲ့တဲ့ အာဆင်နယ်နဲ့ပွဲမှာ ဂိုးမရှိသရေပွဲဖြစ်ပြီး တစ်မှတ်ရရှိခဲ့တာက လွဲလို့ ကျန်ပွဲစဉ်တွေဖြစ်တဲ့ မန်ယူ၊ စတုတ်၊ ဟားလ်စီးတီး စတဲ့ပွဲစဉ်တွေမှာ အနိုင်ပွဲတွေရထားပါတယ်။ လက်ရှိခြေစွမ်းအရလည်း ချယ်လ်ဆီးတို့က ပုံမှန်ခြေစွမ်းရနေပြီး ဒီနှစ်ပရီမီယာလိဂ် လက်ကျန်ပွဲစဉ်တွေကို နိုင်ပွဲတွေချည်း ရယူဖို့ ကြိုးစားနေပါတယ်။ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုကလည်း လက်ကျန်ပွဲစဉ်အားလုံးကို အနိုင်ယူပြီး ဖလားသိမ်းပိုက်ဖို့ ကြုံးဝါးထားတာမို့ အခုပွဲမှာ ခရစ္စတယ်ပဲလေ့စ်တို့ သိပ်တော့မလွယ်ပါဘူး။ ဒါပေမယ့် မန်စီးတီးလိုအသင်းကို အနိုင်ရအောင်ကစားခဲ့တဲ့ ခရစ္စတယ်ပဲလေ့စ်ရဲ့ ခြေစွမ်းက လျှော့တွက်လို့ မရတာမို့ အခုပွဲမှာ ချယ်လ်ဆီးဟာ အလေးအနက်ထားကစားမှရပါလိမ့်မယ်။ ဒါပေမယ့် ခရစ္စတယ်ပဲလေ့စ်တို့က ဟားလ်စီးတီးနဲ့ ဝက်စ်ဘရွန်းကို နှစ်ဂိုးပြတ်စီ ဆက်တိုက်ရှုံးထားတာမို့ အခုပွဲမှာလည်း ခက်ခဲဦးမယ့်အနေအထားပါ။ ဒါကြောင့် အဝေးကွင်းလည်းဖြစ်တာမို့ ခရစ္စတယ်ပဲလေ့စ်တို့အတွက် အမှတ်မျှော်လင့်လို့ မရနိုင်တဲ့ပွဲ ဖြစ်ပါတယ်။

**စပါးနဲ့ မန်စီးတီး**


မန်စီးတီးအတွက် ခက်ခဲမယ့်ပွဲဖြစ်ပြီး စပါးရဲ့ အိမ်ကွင်းရန်အားကို ကြုံတွေ့ရမယ့်အနေအထားရှိပါတယ်။ စပါးတို့က အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်နေပြီး အမှတ်ရအောင်ကြိုးစားမယ့် စုဖွဲ့မှုနဲ့ မန်စီးတီးကို ရင်ဆိုင်ဖို့ရှိနေပါတယ်။ မန်စီးတီးတို့ကတော့ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ခိုင်မာစိတ်ချရအောင်အမှတ်စုဆောင်းဖို့ လိုအပ်နေတာမို့ အခုပွဲစဉ်မှာ အမာခံကစားသမားအစုံအလင်နဲ့ ပွဲထွက်လာမှာဖြစ်ပြီး စပါးကို အမှတ်ခွဲမပေးရဖို့ အားထုတ်ပါလိမ့်မယ်။ မန်စီးတီးမှာ အဂူရိုက ပုံမှန်ဂိုးသွင်းနိုင်နေသလို စပါးခံစစ်ကြောင်းကို အချိန်ပြည့် ခြိမ်းခြောက်နိုင်သူဖြစ်ပါတယ်။ မန်စီးတီးရဲ့ ပေါက်ကွဲမှုက စပါးတို့ခုခံမှုကို လွှမ်းမိုးနိုင်မလား ကြည့်ရမယ့် အခြေအနေပါပဲ။ စပါးတို့က ဒီပွဲမှာ အမြင့်ဆုံးမျှော်မှန်းနိုင်တာက သရေတစ်မှတ်ဖြစ်ပြီး မန်စီးတီးတို့ကတော့ အမှတ်ပြည့်သိမ်းပိုက်နိုင်ရေး ခြေကုန်ထုတ်မှာဖြစ်ပါတယ်။ ။

➤ ➤ မိုးမြင့်လင်းလက် ➤ ➤

## ဒေဂီယာ မန်ယူမှာဆက်ရှိဖို့ သေချာသွားပြီလား

မန်ယူဂိုးသမား ဒေးဗစ်ဒေဂီယာဟာ ရာသီအကုန်မှာ မန်ယူနဲ့ စာချုပ်ကုန်ဆုံးတော့မှာဖြစ်ပါတယ်။ ဒီအတွက်ကြောင့်လည်း စပိန်ထိပ်တန်းကလပ်ရီးရဲမက်ဒရစ်က အရခေါ်ယူသွားဖို့ ကြိုးစားနေပါတယ်။ စပိန်နိုင်ငံသား ဒေးဗစ်ဒေဂီယာအနေနဲ့လည်း စပိန်ကို ပြန်ချင်နေတဲ့အနေအထားရှိပါတယ်။ သို့ပေမယ့် လွန်ခဲ့တဲ့သီတင်းပတ်က မန်ယူက တစ်ပတ်ပေါင် နှစ်သိန်းအထိ တိုးပေးပြီး ကမ်းလှမ်းလိုက်တဲ့အတွက် မန်ယူမှာ ဆက်ရှိဖို့ သေချာသွားပြီဖြစ်ပါတယ်။ ဒီမတိုင်မီက ဒေဂီယာကို ထပ်မံစာချုပ်ဖို့ နည်းပြ ဗန်ဟားလ်က မီးစိမ်းမပြခဲ့ပါဘူး။ ဒီအတွက်ကြောင့်လည်း ယခုရာသီအကုန်မှာ ဒေဂီယာအနေနဲ့ မန်ယူကို ကျောခိုင်းထွက်ခွာသွားနိုင်တယ်လို့ ဘောလုံးကျွမ်းကျင်သူတွေက တွက်ဆထားခဲ့ကြပါတယ်။ ဒေဂီယာဟာ ၂၀၁၅ ခုနှစ် PFA အတွက် အကောင်းဆုံး ဘောလုံးသမားဆုဆန်ခါတင်လေးဦးမှာ ပါဝင်ခဲ့တဲ့ ကစားသမားဖြစ်ခဲ့ပါတယ်။ သူဟာ ဒီနှစ် ပရီမီယာလိဂ်မှာ မန်ယူအတွက် အကောင်းဆုံး လက်စွမ်းပြကာကွယ်ပေးနိုင်ခဲ့ပါတယ်။ မန်ယူက အမြန်ဆုံး စာချုပ်ချုပ်နိုင်ဖို့ ညှိနှိုင်းမှုတွေ ပြုလုပ်နေပါတယ်။ မကြာခင်မှာ စာချုပ်ချုပ်နိုင်မယ်လို့ မျှော်လင့်ရပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်



## အနိုင်ထိုးဖို့ ယုံကြည်ချက်အပြည့်အဝရှိနေတဲ့ ပတ်ကွီယို

အမေရိကန်လက်ဝှေ့သမား မေဝဲသားနဲ့ ဖိလစ်ပိုင် လက်ဝှေ့ကစားသမား ပတ်ကွီယိုတို့ဟာ လာမယ့်မေ ၂ ရက်မှာ အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်စ်မြို့မှာ ထိုးသတ်ကြတော့မှာပါ။ ဒီလက်ဝှေ့ပွဲက WBC၊ WBA နဲ့ WBO ဝယ်လ်တာဝိတ်တန်း ခါးပတ်လုပွဲ ဖြစ်ပါတယ်။ အနိုင်ရတဲ့ လက်ဝှေ့သမားဟာ ချန်ပီယံ ခါးပတ်သုံးခုစလုံးရရှိမှာ ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ စနေနေ့ ပြိုင်ပွဲမတိုင်မီ လက်စ်ဗီးဂတ်စ်မြို့သို့ ရောက်ရှိလာရာမှာ ထောင်ပေါင်းများစွာသော ပရိသတ်တွေက ကြိုဆိုခဲ့ကြပါတယ်။ မစိုးရိမ်ပါနဲ့ ကျွန်တော်ဒီပွဲမှာ အနိုင်ရအောင် ထိုးသတ်ယှဉ်ပြိုင်သွားမှာပါ။ ပြိုင်ပွဲမှာအနိုင်ရမယ်လို့ ယုံကြည်မှု အပြည့်အဝရှိပါတယ်လို့ ပတ်ကွီယိုက ပရိသတ်တွေကို ပြောကြားခဲ့ပါတယ်။ ပြိုင်ပွဲမှာ အကောင်းဆုံး ထိုးသတ်သွားနိုင်ဖို့ အနားယူနေပါတယ်လို့ သူက ထပ်လောင်းပြောဆိုလိုက်ပါတယ်။

မေဝဲသားကတော့ ကျွန်တော်က စနစ်တကျထိုးသတ်အနိုင်ယူတတ်တဲ့ လက်ဝှေ့သမား ဖြစ်ပါတယ်။ ပြိုင်ဘက်တွေထက် ပိုကောင်းအောင်လည်း ထိုးသတ်နိုင်တဲ့ လက်ဝှေ့သမားဖြစ်ပါတယ်လို့ ဆိုပါတယ်။ မေဝဲသားဟာ လက်ရှိကမ္ဘာ့ဝိတ်တန်းချန်ပီယံ ခါးပတ်ငါးခုရရှိထားတဲ့ လက်ဝှေ့သမားဖြစ်ပါတယ်။ ပတ်ကွီယိုကလည်း ကမ္ဘာ့ဝိတ်တန်းခြောက်ခုရထားတဲ့လက်ဝှေ့သမားပါပဲ။



## ဒေါ့မွန်ရဲ့ ဖလားမျှော်လင့်ချက်



ဒေါ့မွန်အသင်းဟာ ဘွန်ဒက်စ်လီဂါမှာ ဖလားမျှော်လင့်ချက်နဲ့ ဝေးခဲ့ရတဲ့အသင်းပါ။ ဒီနှစ်ထဲမှာ ဖလားရနိုင်မယ်လို့ လုံးဝထင်မထားခဲ့ကြပါဘူး။ ဘိုင်ယန်မြူးနစ်ကလည်း ဖလားသုံးလုံးရယူမယ်လို့ ကြွေးကြော်ထားတဲ့အတွက် ဒီနှစ် ဒေါ့မွန်တို့ ဖလားရလိမ့်မယ်လို့ ထင်မထားကြပါဘူး။ သို့ပေမယ့် ဂျာမန်ဖလားပြိုင်ပွဲမှာတော့ ဒေါ့မွန်အသင်းဟာ ဖလားရနိုင်တဲ့အသင်း ဖြစ်လာပါပြီ။ ဂျာမန်ဖလား အကြိုဗိုလ်လုပွဲမှာ ပြိုင်ဘက် ဘိုင်ယန်မြူးနစ် ကစားသမားလေးဦးစလုံး ပယ်နယ်တီဂိုးတွေ လွဲချော်သွားတဲ့အတွက် ဒေါ့မွန်က ပယ်နယ်တီ နှစ်ဂိုး-ဂိုးမရှိနဲ့နိုင်ကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်ပါတယ်။ ပုံမှန်ကစားချိန်မှာ ဘိုင်ယန်မြူးနစ်အတွက် လီဝမ်ဒေါစကီး သွင်းယူခဲ့တဲ့ ဂိုးကို ဒေါ့မွန်အတွက် ၇၅မိနစ်မှာ အော်ဘာမီရန်းက ချေပခဲ့တဲ့အတွက် တစ်ဖက်တစ်ဂိုးစီနဲ့ သရေပွဲဖြစ်ခဲ့ရပါတယ်။ ဒေါ့မွန်အသင်းဟာ ဒီပွဲမှာ မမျှော်လင့်ဘဲနိုင်သွားတဲ့အတွက် မေ ၃၀ ရက်မှာ ဘာလင်မြို့မှာ ကျင်းပမယ့် ဗိုလ်လုပွဲကို တက်ရောက်ခွင့်ရသွားပြီဖြစ်ပါတယ်။ ဗိုလ်လုပွဲမှာ အာမေးနီးယား သို့မဟုတ် ဝုဖ်ဘတ်နဲ့ ကစားရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဂျာမန်ဖလားဟာ ဒီနှစ်မှာတော့ ဒေါ့မွန်အတွက်ဖြစ်သွားနိုင်ပါတယ်။ ဒေါ့မွန်အသင်းရဲ့ ဖလားမျှော်လင့်ချက်ဟာ အတော်လေး နီးစပ်နေတဲ့အနေအထားမှာ ရှိနေပါပြီ။

# နာဂစ်မုန်တိုင်းတိုက်ခတ်သွားပြီးနောက် ခုနစ်နှစ်ကြာသောအခါ . . .



သတင်းဆောင်းပါး - ခင်ဆိုင်
ဓာတ်ပုံ - ကျော်ဇေယျာထွန်း

ရန်ကုန်အပါအဝင် မြစ်ဝကျွန်းပေါ်ဒေသအများအပြားတွင် ခံစားခဲ့ရသော နာဂစ်မုန်တိုင်း ခုနစ်နှစ်ပြည့်ရန် ရက်အနည်းငယ်အလို အိမ်နီးချင်းနိုင်ငံဖြစ်သည့် နီပေါနိုင်ငံတွင် ပြင်းအား ၇ ဒသမ ၈ မဂ္ဂနီကျူ့စ်ရှိ မြေငလျင်ကြီး ဧပြီ ၂၅ ရက်မွန်းတည့်က လှုပ်ခတ်သွားကြောင်း သိရသည်။

ဧပြီ ၂၆ ရက်ညနေထိသေဆုံးသူပေါင်း ၂၅၀၀ ကျော်ရှိပြီး အပျက်အစီးများကြားတွင် ပိတ်မိနေသော လူများရှိနေသဖြင့် သေဆုံးသူဦးရေထပ်မံတိုးလာနိုင်သည်ဟု သတင်းဆိုးများ ကြားသိနေရသည်။

ပတ်ဝန်းကျင်တိုင်းပြည်များအပါအဝင် ကမ္ဘာ့နေရာဒေသအသီးသီးတွင် ဖြစ်ပေါ်နေသော သဘာဝဘေးအန္တရာယ်ဆိုးများ မကြာခဏ တွေ့ကြုံနေချိန်လွန်ခဲ့သော ခုနစ်နှစ်တွင် မြန်မာပြည်အောက်ပိုင်း ရန်ကုန်အပါအဝင် မြစ်ဝကျွန်းပေါ်ဒေသအများအပြားတွင် တွေ့ကြုံခဲ့ရသော နာဂစ်မုန်တိုင်းဒဏ်ကို ပြန်လည်သတိရမိသကဲ့သို့ နာဂစ်မုန်တိုင်းအလွန် နာဂစ်ဒဏ်ခံစားခဲ့သော ဇာတိမြို့ မော်ကျွန်းမြို့၏ လက်ရှိအခြေအနေကို ပြန်လည်သုံးသပ်နိုင်ရန် ဒေသခံသူငယ်ချင်းများထံ အကူအညီရယူမေးမြန်းခဲ့ပါသည်။

၂၀၀၈ ခုနှစ် မေလ ၂ ရက် နေ့လယ်ပိုင်းမှအစပျိုးခဲ့သော မုန်တိုင်းကို တစ်ကြိမ်တစ်ခါမျှ ဆိုးရွားစွာ ခံစားရဖူးခြင်းမရှိသည့်အတွက် ကြိုတင်ပြင်ဆင်နိုင်မှုအားနည်းခဲ့ပါသည်။ သက်ဆိုင်ရာမှ တရားဝင်ထုတ်ပြန်ချက်အရ လူဦးရေတစ်သိန်းကျော် သေဆုံးမှုရှိခဲ့ရာတွင် မော်ကျွန်းမြို့နယ်တွင်လည်း သေဆုံးသူဦးရေသောင်းဂဏန်းအရေအတွက်ရှိပါသည်။ အဆိုးရွားဆုံး မုန်တိုင်းဒဏ်ခံစားရသောမြို့များတွင် လပွတ္တာ၊ ဘိုကလေးမြို့တို့နှင့်အတူ ပါဝင်ခဲ့ပါသည်။

နိုင်ငံတော်အဆင့်အပါအဝင် ပြည်တွင်းပြည်ပ အလှူရှင်များအကူအညီဖြင့် ပြန်လည်ထူထောင်ရေးလုပ်ကိုင်မှု ရှိခဲ့သည်။ သောက်သုံးရေရရှိရေး၊ စားနပ်ရိက္ခာ၊ အသုံးအဆောင် ထောက်ပံ့လှူဒါန်းသူများနှင့်အတူ စံပြကျေးရွာများ တည်ထောင်ပေးခြင်းတို့အပြင် လမ်းပန်းဆက်သွယ်မှုဖွံ့ဖြိုးတိုးတက်လာရန် လမ်းကွန်ရက်ကြီး ၁၁ လမ်း မြစ်ဝကျွန်းပေါ်ဒေသများတွင် အလျင်အမြန် တည်ဆောက်ပေးခဲ့ပါသည်။ နိုင်ငံတော်အဆင့် ပုဂ္ဂိုလ်များက နာဂစ်ဒဏ်ခံမြို့များတွင် လအတန်ကြာ အခြေစိုက်အနီးကပ်ဦးဆောင်လမ်းညွှန်မှုများ ပြုလုပ်ပေးခဲ့ပါသည်။

နာဂစ်ဒဏ်မခံစားရမီကာလနှင့် ယခုကာလနှိုင်းယှဉ်ကြည့်သည့်အခါ ရေပတ်လည်ဝိုင်းရံနေ၍ ပတ်ဝန်းကျင်မြို့ရွာများနှင့် ရေလမ်းခရီးသာ အသုံးပြုသွားလာနိုင်ခဲ့သည့် ဒေသများမှာ လမ်းကွန်ရက်များကြောင့် ကားလမ်းခရီးဖြင့် အချိန်တိုတိုဖြင့် သွားလာနိုင်လာပါသည်။

မကြာမီ ပြီးစီးမည့် ကျွဲခြံချောင်းကူးတံတားတည်ဆောက်ပြီးစီးအသုံးပြုလာနိုင်ချိန်တွင် မော်ကျွန်းမှ ရန်ကုန်သို့ ယခုအခါ မော်ကျွန်း-မအူပင်ကားလမ်းတစ်မျိုးတည်း အသုံးပြုနေရာမှ ဘိုကလေး-ဖျာပုံကားလမ်းမှ တစ်ဆင့် လှိုင်သာယာ၊ ဒလဒေသများနှင့် ရန်ကုန်မြို့သို့ ရွေးချယ်သွားလာနိုင်မည်ဖြစ်ပါသည်။ မော်ကျွန်း-လှိုင်းဘုန်း-ပြင်စလူ လမ်းပေါ်ရှိ အဝချောင်းမြစ်ကူးတံတား တည်ဆောက်ပြီးချိန်တွင် ပင်လယ်ပိုင်းဒေသများနှင့် ကားလမ်းခရီးသွားလာမှုမြန်ဆန်လာရန် ရှိပါသည်။

နာဂစ်ဒဏ်ကြောင့် မြို့သူမြို့သား အများအပြားသေဆုံးခဲ့ရသကဲ့သို့ ယခင်မြို့တွင် မဖြစ်ပေါ်ခဲ့ဖူးသော ယာဉ်အန္တရာယ်ကြောင့် လူအသက်အန္တရာယ်သေဆုံးရမှုများ ယခုနှစ်ပိုင်းကာလများတွင် များပြားလာပါသည်။ ယာဉ်အန္တရာယ်ကြောင့် ၂၀၁၅ နှစ်ဆန်းလေးလအတွင်းမှာပင် သေဆုံးမှုမှာ မြို့အရွယ်အစား၊ ယာဉ်အသုံးပြုမှုအရေအတွက်နှင့် နှိုင်းယှဉ်လျှင် များပြားနေသည်ဟု ဆိုနိုင်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

လိုင်စင်မဲ့စီးနင်းခြင်း စည်းကမ်းမဲ့ယာဉ်များ စည်းကမ်းလိုက်နာမှုမရှိဘဲ မော်တော်ဆိုင်ကယ်အပါအဝင် စက်တပ်ယာဉ်များ အသုံးပြုမှုများလာသဖြင့် လူသွားပလက်ဖောင်းအနည်းငယ်သာရှိသော မော်ကျွန်းမြို့တွင် မြို့သူမြို့သားများ သတိထားသွားလာနေရသည်။ အထူးသဖြင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများအတွက် စိုးရိမ်နေရသည်ဟု သိရသည်။ ယာဉ်စည်းကမ်းနှင့်အညီ မြို့တွင်းမြို့ပြင်သွားလာရေး အလေးပေးဆောင်ရွက်နိုင်မှသာ နာဂစ်ကဲ့သို့ အစုလိုက် အများအပြားသေဆုံးခြင်း မဟုတ်သော်လည်း အမှည့်ခြွေသကဲ့သို့ မြို့နယ်တွင်း နေထိုင်သူများ၏ အသက်အန္တရာယ်ခြိမ်းခြောက်မှု လျော့ပါးသွားမည်ဖြစ်ပါသည်။

မြန်မာပြည်အရပ်ရပ်တွင် တွေ့ကြုံရသော မူးယစ်ဆေးဝါးသုံးစွဲမှု မော်ကျွန်းမြို့တွင်မရှိရေးအတွက် မြို့နေလူထု၏ ပူးပေါင်းဆောင်ရွက်မှုလိုအပ်လာပါသည်။ ယခုလအတွင်း ရန်ကုန်မှ လာရောက်သူအချို့ထံမှ မူးယစ်ဆေးဝါးများ မော်ကျွန်းမြို့တွင် ဖမ်းဆီးရမိသည့် သတင်းပါရှိလာပါသည်။ နာဂစ်မုန်တိုင်းဒဏ်ကဲ့သို့ မျက်ဝါးထင်ထင်မတွေ့မြင်ရသော်လည်း မြို့နေလူထုအား အန္တရာယ်ပြုနိုင်သည့် မူးယစ်ဆေးသုံးစွဲမှုအပါအဝင် ယာဉ်အန္တရာယ်ကို ထိရောက်စွာ တားဆီးသင့်သည်ဟု ဒေသခံများကပြောသည်။

၁၉၇၀ ဝန်းကျင်ကာလထိ မော်ကျွန်းမြို့အလွန်မှစ၍ ဒီရေတောများဖြင့် စိမ်းညို့နေပြီး မဘေ- ပုဂံပုံ -ကွမ်းသီးချောင်းကျေးရွာများတွင် တောဆင်ရိုင်းများ ကျက်စား၍ လူများအန္တရာယ်ရှိခဲ့သည်။ ယခုအခါ မီးသွေးဖုတ်ခြင်း၊ လယ်မြေအဖြစ်ပြောင်းလဲလုပ်ကိုင်လာခြင်းကြောင့် ဒီရေတောများ မရှိသလောက်ဖြစ်လာ၍ ပြည်ပနိုင်ငံများ အကူအညီဖြင့် ပြန်လည်စိုက်ပျိုးနေရသည်။

ဒီရေတောများသည် သစ်ငုတ်ကျန်လျှင်ပင် ပြန်လည်အပင်ပေါက်တတ်သည့် သဘာဝရှိသော်လည်း လူသားတို့၏ လောဘကြောင့် အမြစ်ပါမချန် တူးဖော်မှုကြောင့် ဒီရေတောများပျောက်ကွယ်ပြီး လယ်များ၊ ပုစွန်မွေးမြူရေးကန်များအဖြစ် ပြောင်းလဲခဲ့သည်။ အကျိုးတရားအားဖြင့် ယနေ့ကာလ ခရမ်းလွန်ရောင်ခြည်ဒဏ်ခံစားရမှု ပြင်းထန်သည့် ဆိုးရွားသော အပူဒဏ်နှင့် မုန်တိုင်းဒဏ်တို့အတွက် သဘာဝမှပေးအပ်သော အတားအဆီးပျောက်ကွယ်သွားရသည်။

မြန်မာပြည်ဒေသအသီးသီးတွင် တွေ့ကြုံရသကဲ့သို့ ပြည်ပနိုင်ငံများအပါအဝင် ရန်ကုန်မြို့သို့ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်သူဦးရေ မော်ကျွန်းမြို့တွင်လည်းများပြားနေပါသည်။ ယခုနှစ် ၂၀၁၅ သင်္ကြန်ပိတ်ရက် ဌာနေပြန်ခရီးသွားများပြားမှုကြောင့် ရေလမ်းခရီးတွင် တွေ့ကြုံရသည့်ဖြစ်စဉ်သတင်းများမှ သိနိုင်ပါသည်။ မော်ကျွန်းမြို့ပေါ်အပါအဝင် ကျေးရွာများတွင် အလုပ်အကိုင်ရှားပါးမှုနှင့် လုပ်ခကြေးငွေနည်းပါးမှုကြောင့် ရွှေ့ပြောင်းအလုပ်သမားအဖြစ် လုပ်ကိုင်သူများလာသည်။ လယ်ယာလုပ်ငန်းခွင်ရောက်ချိန်တွင် လုပ်သားရှားပါးမှုများရှိလာရာ စက်ကိရိယာများ ပြောင်းလဲသုံးစွဲလာရသည်။ အချို့မိသားစုအလိုက် ပြောင်းရွှေ့လုပ်ကိုင်မှုများရှိသည်ဟု အသက် ၆၀ အရွယ်ရှိ ဒေသခံဦးလှစိုးက ပြောသည်။

၁၉၇၀ ဝန်းကျင်ကာလ ဂုန်လျှော်-နှမ်းစိုက်ပျိုးမှုသီးထပ်စိုက်ပျိုးခြင်းများပြားခဲ့သည်။ နိုင်ငံတော်အဆင့် နှမ်းစိုက်ပျိုးမှုတွင် ထူးချွန်ဆုရရှိသည့် လယ်သမားများ ထွက်ပေါ်ခဲ့သည်။ ယခုကာလတွင် မိုးစပါး၊ နွေစပါး၊ ပဲများစိုက်ပျိုးရာတွင် ပိုးမွှားအန္တရာယ် မြေဆီဖြည့်တင်းမှုတို့တွင် အခက်အခဲများကြုံတွေ့ရရာ လယ်ယာကဏ္ဍမှ ဝင်ငွေရရှိမှု လယ်သမားများ လျော့ကျနေသည်ဟုဆိုသည်။ လယ်ယာစိုက်ပျိုးရေးတွင် နည်းစနစ်၊ ပိုးမွှားအန္တရာယ်၊ မှန်ကန်သော မြေဆီဖြည့်တင်းမှုတို့ကို လယ်သမားများအပေါ် ရှေ့ဆောင်လမ်းညွှန်ပြသပေးမှုများ လိုအပ်နေဆဲဖြစ်သည်ဟု ယင်းကဆိုသည်။

မြို့နယ်အတွင်း ကျေးရွာများတွင် ဝင်ငွေအသင့်အတင့် ရရှိနိုင်သောလုပ်ငန်းများ ဖော်ဆောင်ပေးနိုင်ရန် လိုအပ်နေသည်။ သို့မှသာ မြို့နယ်အတွင်းနေထိုင်သူများ ရွှေ့ပြောင်းလုပ်သားအဖြစ် ရန်ကုန်မြို့အပါအဝင် မြို့ကြီးများပေါ် လုပ်ကိုင်ခြင်း လျော့နည်းသွားပြီး လယ်ယာလုပ်ငန်းခွင်များတွင်လည်း လုပ်သားရှားပါးမှု နည်းသွားမည်ဖြစ်သည်။

နာဂစ်ဒဏ်ခံစားရပြီးချိန် အများပြည်သူဝိုင်းဝန်းကူညီပံ့ပိုးပေးမှုကြောင့် ဒဏ်ရာဒဏ်ချက်များ ပပျောက်သွားရသကဲ့သို့ ခုနစ်နှစ်ပြည့်ပြီးသော ယခုအချိန်တွင်လည်း နာဂစ်ဒဏ်ခံဒေသများတွင် တွေ့ကြုံနေရသော လိုအပ်ချက်များကို ဆက်လက်၍ ဝိုင်းဝန်းကူညီဖြေရှင်းပေးရန် လိုအပ်နေဆဲဖြစ်သည်ဟု ဒေသခံမိတ်ဆွေများ၏ ပြောကြားချက်အရ ရေးသားလိုက်ရပါသည်။

# ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည့် ကြယ်ပဲစိုက်ပျိုးနိုင်

သိမ့်သိမ့်မိုး(မြန်မာ့အလင်း)

**နေပြည်တော် ဧပြီ ၃၀**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံ တစ်နိုင်ငံဖြစ်သည့်အလျောက် လယ်ယာစိုက်ပျိုးသူတောင်သူများ ခေတ်မီ စိုက်ပျိုးရေးနည်းစနစ်များကို တောင်သူများ သိရှိစိုက်ပျိုးရန်အတွက် နိုင်ငံတော်မှ ပြည်ပပညာရှင်များဖြင့် ပူးပေါင်း၍ သင်တန်းများ ပို့ချပေးလျက်ရှိသည်။

ထို့အပြင် ခေတ်မီစိုက်ပျိုးနည်းစနစ်များကို ပုဂ္ဂလိကကုမ္ပဏီများမှလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာစိုက်ပျိုးရေး ဦးစီးဌာနသို့ မျိုးစေ့မှတ်ပုံတင်၍ ပျိုးထောင်စိုက်ပျိုးလာကြကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာအုပ်စု မယင်းကျေးရွာတွင် အခြေစိုက်၍ Golden Sacha Inchi ကုမ္ပဏီမှ ကြယ်ပဲကို စမ်းသပ်၍ ပျိုးထောင်စိုက်ပျိုးလျက် ရှိကြောင်းသိရသည်။



"ကျွန်တော်တို့ ကုမ္ပဏီကို ဇန်နဝါရီလက ကုန်သွယ်မှုမှတ်ပုံတင်ပြီးလယ်ယာစိုက်ပျိုးရေးဦးစီးဌာနမှာ မျိုးစေ့မှတ်ပုံတင်ပြီး ကြယ်ပဲကိုစတင်ပျိုးထောင်စိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ ပျိုးထောင်တဲ့ရက်ကပျိုးသက် ၄၅ ရက်ကြာပါတယ်။ မျိုးစေ့ပင်ရင်းစိုက်ပျိုးတဲ့နိုင်ငံကတော့ တောင်အာဖရိက ပီရူးမှာဖြစ်ပါတယ်။ စိုက်ပျိုးချင်တဲ့ တောင်သူများကို ကျွန်တော်တို့က ပျိုးပင်ဖြန့်ချိတဲ့အခါမှာ စိတ်ချရအောင်လို့ ပျိုးသက်ရှိပြီးသားအပင်များကို ဖြန့်ဝေပေးမှာဖြစ်ပါတယ်" ဟု Golden Sa- cha Inchi ကုမ္ပဏီမှ ဒါရိုက်တာ အဖွဲ့ဝင်ဦးနေမျိုးထွန်းက ပြောပြသည်။

အဆိုပါ ကုမ္ပဏီတွင်ပျိုးပင်ပေါင်း တစ်သိန်းကျော်ကို ပျိုးထောင်စိုက်ပျိုးထားပြီး ပျိုးထောင်ပြီးအပင်များကို သဘာဝမြေသြဇာ ဘိုင်အိုဆူပရင်းနှင့် ပျိုးထောင်ရကြောင်း၊ မြေထွန်၊ မြေယက်၊ မြောင်းများဆွဲ၍ အော်ဂဲနစ်စနစ်ကို အခြေခံ၍စိုက်ပျိုးရကြောင်းနှင့် မြန်မာပြည်နေရာတော်တော်များများတွင် စိုက်ပျိုးနိုင်ကြောင်းသိရသည်။

"ကြယ်ပဲကို အရင်က ပီရူးနိုင်ငံမှာ ပင်လယ်ရေမျက်နှာထက်ပေ ၅၅၀၀ မှာ စိုက်ပျိုးတာဖြစ်ပါတယ်။ အခုအခါမှာ ကမ္ဘာ့ပညာရှင်တွေက နည်းပညာအသစ်စမ်းသပ်ခဲ့တဲ့အတွက် မြေပြန့်တွေမှာပါ စိုက်ပျိုးနိုင်ပြီဖြစ်ပါတယ်။ မြစ်သား၊ နေပြည်တော်၊ ပြင်ဦးလွင်၊ တောင်ကြီးဒေသတွေမှာ စိုက်ပျိုးနေပြီဖြစ်ပါ တယ်" ဟု ၎င်းကဆက်လက်ပြောကြားသည်။

အဆိုပါ ကြယ်ပဲမှာ နှစ်ရှည်ခံနွယ်ပင်အမျိုးအစားဖြစ်ပြီး နှစ်ပေါင်း ၃၀ ကြာ စိုက်ပျိုးထုတ်လုပ်နိုင်ကြောင်း သိရသည်။ ကြယ်ပဲကို ၄၅ ရက်သားတွင် စတင်စိုက်ပျိုးနိုင်ပြီး သဘာဝမြေသြဇာများဖြင့် အမြင့်ခြောက်ပေခွဲခန့် တိုင်ထောင် စိုက်ပျိုးနိုင်ကြောင်း၊ နွယ်ပင်အမျိုးအစားဖြစ်၍ အညွန့်ဖြတ်ပေးရပြီး ငါးလအကြာတွင် စတင်၍ ဖူးပွင့်ကာအသီးများသီးကြောင်း၊ ရှစ်လအကြာတွင် အသီးခြောက်များ ဆွတ်ခူးရောင်းချနိုင်ကြောင်း သိရသည်။

" စိုက်ပျိုးတဲ့အခါမှာ ရေကို ၇၀ ရာခိုင်နှုန်း၊ နေရောင်ခြည်ကို ၁၂ နာရီကြာထားရှိရပါမယ်။ ပထမစသီးတဲ့နှစ်မှာ သုံးကီလိုဂရမ်ကနေ ငါးကီလိုဂရမ်ထိ ပြုစုတဲ့အပေါ်မှာမူတည်ပြီး ထွက်ရှိပါတယ်။ စိုက်ပျိုးလို့ရတဲ့ ကြယ်ပဲတွေကို အဓိကအားဖြင့် ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကို တင်ပို့ရောင်းချနိုင်ပါတယ်။ ကြယ်ပဲမှာ Omiga 3,6,9 ပါတဲ့အတွက် ပြည်ပနိုင်ငံတွေက ငါးကြီးဆီတို့၊ အလှကုန်ပစ္စည်းတွေတို့ ထုတ်လုပ်ကြပြီး နည်းပညာအကူအညီနဲ့ တန်ဖိုးမြင့်ထုတ်ကုန်တွေ ထုတ်လုပ်နိုင်ကြပါတယ်။ နောက်ပြီး ကြယ်ပဲအရွက်ကို လက်ဖက်ခြောက်ပြုလုပ်ပြီး သုံးနိုင်တဲ့အပြင် အစေ့ကနေ ဆီလည်းထုတ်လို့ရပါတယ်။ ကြယ်ပဲအဆီကကိုလက်စရော ဇီးရိုးပဲရှိပါတယ်" ဟု ဦးနေမျိုးထွန်းက ပြောကြားသည်။

ကြယ်ပဲစိုက်ပျိုးရာတွင် တစ်ဧကစိုက်ပျိုးလျှင် စုစုပေါင်းကုန်ကျစရိတ် အနည်းဆုံး ငွေကျပ် ၁၀ သိန်းဝန်းကျင်ကုန်ကျပြီး အမြတ်ငွေကျပ် ငါးသိန်းခန့်ရရှိရန်ခန့်မှန်းထားကြောင်း ၎င်းကပင် ဆက်လက်ပြောကြားသည်။

စိုက်ပျိုးနည်းပညာနှင့်ကြယ်ပဲ၏ အသုံးဝင်ပုံများအကြောင်းကို မေ ၁ ရက်မှ ၅ ရက်ထိ ထိုင်းနိုင်ငံမှ ပညာရှင်များနှင့် Sacha Inchi ကုမ္ပဏီတို့မှ လေးမျက်နှာမြို့နယ်အိုင်သပြု ကျေးရွာအုပ်စု မယင်းကျေးရွာတွင် တောင်သူများနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

# တွေ့မြင်နေရသည်မှာ ရင်လေးမိတယ်

ယနေ့ကမ္ဘာတွင် အီလက်ထရောနစ်ပစ္စည်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံတွင် အဆိုပါ အီလက်ထရောနစ်ခေတ်မီပစ္စည်းများကို ယခင်ကထက် ပိုမိုသုံးစွဲလာကြသည်ကို တွေ့မြင်နေရသည်။ အိမ်အသုံးအဆောင်၊ လူအသုံးအဆောင် အီလက်ထရောနစ်လျှပ်စစ်ပစ္စည်းမျိုးစုံကို သူ့နေရာနှင့်သူ သုံးစွဲလာကြသည်။ ဤကဲ့သို့ လျှပ်စစ်ပစ္စည်းများကို သုံးစွဲခြင်းဖြင့် အေးသည်ကိုနွေးအောင်၊ ပူသည်ကိုအေးအောင် လူတို့ဖန်တီးနေထိုင်လာကြသည်။ အကောင်းဘက်ကတွေးလျှင် ကောင်းပါသည်။

တစ်ဖန် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြန်တော့လည်း ယခင်ကလက်လှည့်ဖုန်း၊ ခလုတ်ဖုန်း ယခုကြပြန်တော့ ဖန်သားမျက်နှာပြင်ကို ပွတ်ရွှေ့ရသည့် တာ့ချ်စကရင်ဖုန်း၊ အိုင်ဖုန်း၊ စမတ်ဖုန်း စသည်ဖြင့် နည်းပညာပေါင်းစုံမှ ဖုန်းဟန်းဆက်များ ပေါ်ပေါက်လာပြန်ရာ လူတိုင်းကိုယ်စီခေတ်နှင့်အညီ တန်ဖိုးတတ်နိုင်သလောက် ဝယ်ယူသုံးစွဲလာကြသည်။ ထိုအထဲတွင် လူကြီး၊ လူလတ်၊ လူငယ်၊ ကလေးများပါမကျန် သုံးစွဲနေကြသည်မှာ ဝမ်းသာစရာကောင်းလှပေသည်။ သို့သော် ကလေးငယ်များအတွက် အင်မတန်မှ ရင်လေးမိပါသည်။ အကြောင်းကား အခြားမဟုတ် ကလေးငယ်များကို ကြည့်လျှင် အဆိုပါ တာ့ချ်စကရင်ဖုန်းဟန်းဆက်၊ အိုင်ပက်(စ်)၊ နုတ်ဘုတ်(ခ်) ဆိုသည့် ဖန်သားမျက်နှာပြင်များကို အချိန်ရှိသရွေ့ ပွတ်ပြီး ဂိမ်းဆော့နေခြင်းပင် ဖြစ်သည်။

မိဘများကလည်း ကိုယ့်သားသမီး မျက်နှာမငယ်ရအောင် အသစ်ပေါ်သမျှ ဝယ်ပေးနေကြသည်ကိုလည်း မြင်တွေ့နေရသည်။ "ခေတ်မီတယ်၊ အသစ်ပေါ်သမျှ ဝယ်ပေးနိုင်တယ်၊ ပျက်ရင် အသစ်ဝယ်ပေးနိုင်မယ်" ဆိုသော စကားသံများသာ ကြားနေရသည်။ အမှန်တကယ် ကလေးငယ်များကို ချစ်ရာမရောက်၊ နှစ်ရာရောက်နေသည်ကို မည်သူကမျှ မတွေးမိကြပါ။ ကလေးငယ်များမှာလည်း ဤကဲ့သို့သော ဟန်းဆက်၊ အိုင်ပက်(စ်) များကို အချိန်ကြာမြင့်စွာ ဂိမ်းဆော့ကစားခြင်းဖြင့် အဓိက အသက်ငယ်ငယ်ရွယ်ရွယ်နှင့် မျက်စိအားနည်းလာပြီး အရွယ်မတိုင်မီ ပါဝါမျက်မှန် တပ်ဆင်လာရမည်။ ကျောင်းနေအရွယ်များ စာထဲတွင် စိတ်ဝင်စားမှုလျော့နည်းလာမည်။ စာကြည့်ချိန်များလည်း လျော့နည်းလာမည်။ ပညာရှင်များရဲ့ ပြောစကားအရ ကလေးတစ်ယောက် တစ်နေ့လျှင် လေးနာရီကြာ ဂိမ်းကစားခြင်းဖြင့် ဝက်ရူးပြန်ရောဂါ၊ အိပ်မပျော်ရောဂါ၊ အာရုံကြောနှင့် သက်ဆိုင်သောရောဂါများ ဖြစ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည်။ သို့ပါ၍ ကလေးများ ဟန်းဆက်၊ အိုင်ပက်(စ်) များဖြင့် ဂိမ်းဆော့နေသည်ကို မြင်တွေ့ရလျှင် ရင်လေးမိပါသည်။ ဝမ်းသာစရာတစ်ခုက ယခုခေတ်ကလေးများသည် နှစ်နှစ်သား၊ သုံးနှစ်သားအရွယ်မှစ၍ ဟန်းဖုန်းကိုင်တတ်နေသည်။ စာရေးသူတို့ငယ်စဉ်က ဤကဲ့သို့မဟုတ်ပေ၊ ဟန်းဖုန်းကို မြင်တောင် မမြင်ဘူးခဲ့ပေ။ အခြားတိုင်းပြည်များမှာတော့ ရှိနေလောက်ပေသည်။

ယခုတော့ ကလေးများပင် မဟုတ်ချေ။ ယနေ့လူငယ်ပိုင်းတွင်လည်း ဟန်းဆက်မျိုးစုံ၊ အိုင်ပက်(စ်)မျိုးစုံဖြင့် အင်တာနက်၊ ဖေ့စ်ဘုတ်ခ်များကို သုံးစွဲနေကြသည်။ အကောင်းဘက်ကကြည့်လျှင် သတင်းများ၊ လူမှုကွန်ရက်များ ဆက်သွယ်နေကြသည်မှာ အလွန်ကောင်းလှသည်။ တလွဲဆံပင်ကောင်း၊ အင်တာနက်မှ မဟုတ်သောလိုင်းများ၊ ဥပမာ လိုင်လိုင်းများကြည့်ရာမှ လူငယ်များ အကျင့်စာရိတ္တချို့ယွင်းမှုများ ဖြစ်ပေါ်လာနိုင်သည်။ မလိုလားအပ်သော မှုခင်းများကို လက်ရပ်ခေါ်နေသလိုဖြစ်နေသည်။ အင်တာနက်၊ ဖေ့စ်ဘုတ်သည်သုံးတတ်လျှင် ဗဟုသုတရှာဖွေရာ ဟင်းလေးအိုးကြီးဖြစ်သလို အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များကို သိရှိနိုင်မည်။ ဗဟုသုတ အချက်အလက်များကို ရှာဖွေဖတ်ရှုနိုင်သည်။ သိချင်သော အချက်အလက်များ ကို အင်တာနက်အသုံးပြု၍ ရှာဖွေနိုင်မည်။ ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံတကာတက္ကသိုလ်များရှိ ဘာသာရပ်၊ ပညာရပ်ဆိုင်ရာများကို ရှာဖွေလေ့လာနိုင်ပါမည်။

ထိုကဲ့သို့ အင်တာနက်ကဏ္ဍကို အကျိုးရှိစွာ အသုံးချတတ်လျှင် ဗဟုသုတများစွာ ရရှိနိုင်မည်ဖြစ်သည့်အပြင် ကျောင်းပညာအတွက် များစွာအကျိုးရှိမည်ဖြစ်သည်။ အင်တာနက်၊ အီးမေးလ်များမှာလည်း သုံးတတ်လျှင် ဆေးကောင်းတစ်လက်ဖြစ်သလို၊ မသုံးတတ်လျှင် ဘေးဖြစ်နိုင်သည်။ အဓိကအနေဖြင့် ယနေ့လူငယ်များမှာ ဖုန်းတစ်လုံးနှင့် အချိန်ကုန်ခြင်းသည် အကျိုးရှိရှိဖြင့် ကောင်းသော အချိန်ကုန်ခြင်းသာ ဖြစ်စေချင်ပါသည်။

**သန်းဦး(လေးမျက်နှာ)**



# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်တော့မည်

**မော်လမြိုင် ဧပြီ ၃၀**

မွန်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်မည့် လက်ထောက်ဆရာဝန်သစ်လွင် (၅၉)ဦးကို ပြည်နယ်ဝန်ကြီးချုပ်ထံမှ ဩဝါဒခံယူပွဲ အခမ်းအနားကို ဧပြီ ၂၈ ရက် နံနက် ၁၀နာရီက မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ဩဝါဒစကားပြောကြားရာတွင် ယခုလို လက်ထောက်ဆရာဝန် သစ်လွင်များအနေဖြင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) တွင် သင်တန်းတက်ရောက်ပြီးသည်နှင့် မွန်ပြည်နယ်အတွင်းရှိ နေရာလစ်လပ်မှုရှိသော ဒေသများတွင် လက်ထောက်ဆရာဝန်ရာထူးဖြင့် စီစစ်ခန့်အပ်သွားမှာဖြစ်၍ မွန်ပြည်နယ်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ယခင်ကထက် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နှစ်စဉ်ဘဏ္ဍာငွေများ တိုးမြှင့်ပေးလျက်ရှိပြီး ပြည်သူ ဗဟိုပြုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မောင်တို့မယ်တို့က ကြိုးစားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ သင်တန်းတက်ရောက်မည့် ဆရာဝန်သစ်လွင်များအနေဖြင့် သင်တန်းကပို့ချပေးမည့် စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု ဘာသာရပ်တို့ကို ကြိုးပမ်းလေ့လာကြရန်၊ အသင်းအဖွဲ့စိတ်ဓါတ်ဖြင့် ပြည်နယ်၏ဂုဏ်ကိုဆောင်ပြီး သင်တန်းတွင်စံနမူနာပြ ကြိုးစားသင်ယူကြရန် တိုက်တွန်းပါကြောင်း စသည်ဖြင့် ဩဝါဒစကားပြောကြားသည်။

အခမ်းအနားသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လက်ထောက်ဆရာဝန်သစ်လွင်များ တက်ရောက်ကြသည်။

မွန်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်မည့် လက်ထောက်ဆရာဝန်သစ်လွင် ၅၉ ဦးတွင် ရန်ကုန်တိုင်းဒေသကြီးမှ ခြောက်ဦး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ နှစ်ဦးစီ၊ ဧရာဝတီတိုင်းဒေသကြီးမှ တစ်ဦး စုစုပေါင်း ၁၁ ဦးနှင့် မွန်ပြည်နယ်အတွင်းမှ (၄၈) ဦးခန့်အပ်ခွင့်ရရှိပြီး ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) မှ သင်တန်းတက်ရောက်ပြီးသည်နှင့် မွန်ပြည်နယ်အတွင်း နေရာလစ်လပ်မှုရှိသော မြို့နယ်များအလိုက်စီစစ်၍ နေရာချထား ခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြတ်မွန်ထွေး(မြန်မာ့အလင်း)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

**နေပြည်တော် ဧပြီ ၃၀**

မိုးပွင့်အထူး စီမံချက်အရ ဇမ္ဗူသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးနေဝင်းနှင့် ဝန်ထမ်းများ သည် ဧပြီ ၂၈ ရက်က နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိအတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ထုတ်ပေးခြင်း၊ အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန့်မောင်(ပြန်/ဆက်)**



# ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေစာရင်းများ မှန်ကန်မှုရှိစေရေး ဆောင်ရွက်မှုပြီးစီး

**သီပေါ ဧပြီ ၃၀**

၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်စာရင်းများ တိကျမှုရှိစေရေးအတွက် ကွန်ပျူတာဖြင့် မဲစာရင်းပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများကို ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် မတ်လမှ စတင်၍ စာရင်းထည့်သွင်းရာ မြို့ပေါ် (၁၁)ရပ်ကွက်နှင့် ကျေးရွာ အုပ်စု ၆၇ အုပ်စုတို့၌ ဆန္ဒမဲပေးပိုင် ခွင့်ရှိသူ ၁၁၃၇၉၇ ဦးကို စာရင်းပြုစု ဆောင်ရွက် လျက်ရှိသည်။

ဆန္ဒမဲစာရင်းပြုစုခြင်းလုပ်ငန်းကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်နှင့်အတွင်းရေးမှူး ဦးမိုးထွေးဦးတို့က ကြီးကြပ်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး ဒုတိယဦးစီးမှူး ဦးမင်းလွင်ဦးဆောင်ကာ ကွန်ပျူတာ ၁၁ လုံး၊ ကျွမ်းကျင်ဝန်ထမ်း ၁၁ ဦးတို့ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးများက မဲစာရင်းများ အလှည့်ကျကူညီ ဖတ်ကြားပေးသည်။ အခြေခံမဲဆန္ဒရှင်စာရင်းများကို ကွန်ပျူတာအတွင်း ဖြည့်သွင်းခြင်းလုပ်ငန်းများကို ဧပြီ ၂၈ ရက်တွင် ပြီးစီးအောင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးဆင့်ပွားသင်တန်းဖွင့်

**မိတ္ထီလာ ဧပြီ ၃၀**

မိတ္ထီလာခရိုင်နှင့်မိတ္ထီလာမြို့နယ်မှ ကြီးကြပ်ဖွင့်လှစ်သည့် ၂၀၁၅ ခု ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးအသိပညာပေးဆင့်ပွားသင်တန်း အမှတ်စဉ် ၁/၂၀၁၅ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၇ ရက်က မိတ္ထီလာ မြို့မရဲစခန်း ရဲရိပ်သာအစည်းအဝေးခန်းမ၌ကျင်းပရာ မိတ္ထီလာမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး မောင်ရွှေနှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဝင်းတို့က အမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ဧပြီ ၂၇ ရက်မှ ၃၀ ရက်ထိ လေးရက်တိုင်တိုင် သင်တန်းပို့ချသွားမည်ဖြစ်ပြီး မြို့နယ်ရဲတပ်ဖွဲ့အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များကိုလည်း သင်တန်းများ ဆက်လက်ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်လှိုင် (မိတ္ထီလာ)**

# မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် သစ်ပင်ပြိုလဲရာမှ ကျောက်တုံးများ ပြိုကျလာပြီး ကျောက်တင်အလုပ်သမားတစ်ဦးသေဆုံး တစ်ဦးဒဏ်ရာရရှိ

**မြိတ် ဧပြီ ၃၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ကျောက်ဖြူတောင်ကျေးရွာ ကျောက်မိုင်းခွဲလုပ်ငန်းခွင်၌ ဧပြီ ၂၇ ရက် ညနေ ၄ နာရီက မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် သစ်ပင်များ ပြိုလဲကျရာမှ ကျောက်တုံးများပြိုကျလာ၍ ကျောက်တင်အလုပ်သမားတစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စန္ဒဝတ်ကျေးရွာအုပ်စု ကျောက်ဖြူတောင်ကျေးရွာ ကျောက်မိုင်းခွဲ လုပ်ငန်းခွင်တွင် ဧပြီ ၂၇ ရက် ညနေ ၄ နာရီတွင် မိုးများရွာသွန်းပြီး လေပြင်းများပါ တိုက်ခတ်မှုကြောင့် အမြင့်ပေ ၁၀၀ ခန့်ရှိ ကျောက်မိုင်းနံရံအပေါ်တည့်တည့်မှ လုံးပတ် ရှစ်လက်မခန့်ရှိ သစ်ပင်လဲကျရာတွင် ကျောက်တုံးများပါပြိုကျလာသောကြောင့် ကျောက်နံရံအနီး ကျောက်တင်ကားပေါ်သို့ ကျောက်များတင်ဆောင်နေသည့် ကျောက်တင်အလုပ် သမားတင်ဆန်း (၁၉ နှစ်) သုဝဏ္ဏာရပ်ကွက် ကျွဲကူးကျေးရွာ မြိတ်မြို့နေသူ နှင့် ကျောက်တင်အလုပ်သမား ဇင်ကိုထွေး (၂၀ နှစ်) ကျောက်ဖြူတောင်ကျေးရွာ မြိတ်မြို့နေသူမှာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယင်းသို့ဖြစ်ပွားမှုကြောင့် ဒဏ်ရာများရရှိခဲ့သော ကျောက်တင် အလုပ်သမားနှစ်ဦးကို မြိတ်မြို့အထွေထွေရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်၍ အတွင်းလူနာအဖြစ် တက်ရောက်ဆေးဝါးကုသခံယူနေစဉ် ဒဏ်ရာရရှိသူ ကျောက်တင်အလုပ်သမား တင်ဆန်းမှာ ရရှိသောဒဏ်ရာများဖြင့် ဧပြီ ၂၇ ရက် ညနေ ၅ နာရီခွဲက သေဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မြိတ်မြို့မရဲစခန်းက အမှုဖွင့်လှစ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

# မိုးသက်လေပြင်းနှင့်အတူ

ဝေယံ



မိုးဦးအကြိုကာလနှင့် မိုးနှောင်းကာလများတွင် လေပြင်းတိုက်ခတ်မှု၊ လေပွေ၊ လေဆင်နှာမောင်းများ ဖြစ်ပေါ်မှုနှင့်အတူ မြန်မာပြည်အနှံ့အပြား၌ အဆောက်အအုံများပျက်စီးမှု၊ သစ်ပင်သစ်ကိုင်းများ ပြိုလဲမှုများ ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါပျက်စီးမှုများတွင် ဓာတ်အားလိုင်းတိုင်များ ပျက်စီးမှုများသည် ပါဝင်လျက်ရှိပါသည်။ သဘာဝဘေးဒဏ်ကြောင့် ဓာတ်အားလိုင်းတိုင်များပျက်စီးမှုသည် နိုင်ငံတိုင်းကြုံတွေ့ရပေသည်။ အထူးသဖြင့် မြန်မာပြည် မြို့တွင်းဓာတ်အားဖြန့်ဖြူးရေး ဓာတ်အားလိုင်းများသည် သစ်ပင်ပေါများသော လမ်းများပေါ်တွင် စိုက်ထူထားရခြင်းကြောင့် သစ်ပင်သစ်ကိုင်းများလဲပြိုရာတွင် ဓာတ်အားလိုင်းကြိုးပေါ်ပိရာမှ ဓာတ်အားလိုင်းများပြိုလဲမှု၊ ပျက်စီးမှုများဖြစ်ပေါ်ပါသည်။ ဗို့အားမြင့် တာဝါတိုင်များသည်လည်း လေပွေ၊ လေဆင်နှာမောင်းများ တိုက်ခတ်သည့်အခါ ယိုင်လဲ၊ ကျိုးကျမှုများလည်း ဖြစ်တတ်ပေသည်။ မြို့တွင်းဓာတ်အားလိုင်း ပြိုလဲပျက်စီးသည့်အခါ သက်ဆိုင်ရာမြို့ ဓာတ်အားပေးမှု ရပ်တန့်သွားရသည်။ ၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီဗို့အားမြင့် ဓာတ်အားလိုင်းများ ပြိုလဲပျက်စီးပါက ဓာတ်အားစနစ်ပါထိခိုက်ပြီး ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ပါသည်။ ၁၃-၄-၂၀၁၅ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် လေပြင်းတိုက်ခတ်မှုကြောင့် ၁၃၂ ကေဗွီဗို့အားမြင့် တာဝါတိုင်လဲကျ၍ ဓာတ်အားစနစ်အတွင်း ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ခဲ့ရသည်။

၂၀၁၄ ခုနှစ်တွင် တစ်ပြည်လုံးတွင် လေဘေးဒဏ်ကြောင့် ဓာတ်အားလိုင်းတိုင်များ ပျက်စီးပြိုလဲမှု(၁၈)ကြိမ် ဖြစ်ပွားခဲ့ရာတွင် ဓာတ်အားလိုင်းတိုင် ၂၁၃ တိုင် ပြိုလဲပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ပေသည်။ ၂၀၁၅ ခုနှစ်၏ နွေဦးကာလ မတ်လနှင့်ဧပြီလများတွင်လည်း လေပြင်းတိုက်ခတ်မှုကြောင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်အားလိုင်းများ ပြိုလဲပျက်စီးမှု (၁၂)ကြိမ် ဖြစ်ပွားခဲ့ရာတွင် ဓာတ်အားလိုင်းတိုင် ၆၈ တိုင် ပြိုလဲမှုနှင့်အတူ ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ဓာတ်အား အမြန်ပေးနိုင်ရေးအတွက် ပြိုလဲကျိုးကျသွားသော သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်း၊ ဓာတ်အားလိုင်းသစ်များ ပြန်လည်စိုက်ထူခြင်း၊ ဓာတ်အားလိုင်းကြိုးများ ပြန်လည်ဆွဲရခြင်းများကို အမြန်ဆုံးပြီးရန် လျှပ်စစ်ဝန်ထမ်းများသည် နေ့ညမအား ဆောင်ရွက်ကြရသည်။ အချို့နေရာများသည် တောတောင်လျှိုမြောင်နေရာများ၊ ရေဝပ် ဧရိယာများတွင် အစားထိုးပစ္စည်းများသယ်ယူခြင်း ပြန်လည်တည်ဆောက်ခြင်းများလည်း ရှိပေသည်။ မည်သို့ပင်ခက်ခဲပါစေ လျှပ်စစ်ဝန်ထမ်းများက အများပြည်သူ ဓာတ်အားအမြန်ဆုံးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ လျှပ်စစ်ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုအချို့ကို ဖော်ပြရပါက-

- ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် ၁၃-၄-၂၀၁၅ ရက် ၁၈း၁၀ နာရီ၌ လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်အားလိုင်းတိုင် ၂၀ တိုင် ပြိုလဲပျက်စီးမှုဖြစ်ပေါ်ခဲ့ရာ လျှပ်စစ်ဝန်ထမ်းများမှ ၁၄-၄-၂၀၁၅ ရက်တွင် ဓာတ်အားပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါသည်။
- ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင်လည်း ၁၉-၄-၂၀၁၅ ရက် ၁၂း၂၀ နာရီတွင် လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်အားလိုင်းတိုင် ၁၀ တိုင် ပြိုလဲပျက်စီးမှု ဖြစ်ပေါ်ခဲ့ရာ လျှပ်စစ်ဝန်ထမ်းများမှ ၎င်းနေ့ ညပိုင်းတွင် ဓာတ်အားပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါသည်။
- စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့တွင် ၂၂-၄-၂၀၁၅ ရက် ၁၅း၀၀ နာရီတွင် လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်အားလိုင်းတိုင် ၂၉ တိုင် ပြိုလဲပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာတွင် လျှပ်စစ်ဝန်ထမ်းများမှ ၂၃-၄-၂၀၁၅ ရက်နေ့ညပိုင်းတွင် ဓာတ်အားပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများသည် အဆင့်မြှင့်တင်ရန် လိုအပ်နေခြင်း၊ သစ်ပင်သစ်ကိုင်းများတစ်လျှောက်တွင် Open Wire စနစ်များဖြင့် တည်ဆောက်ထားခြင်းကြောင့် လေကြီးမိုးကြီးချိန်ကာလများတွင် ဓာတ်အားလိုင်းချွတ်ယွင်းမှုများလည်း ဖြစ်ပေါ်လေ့ရှိသည်။ မှောင်မှောင်မည်းမည်း မိုးသဲသဲတွင် လျှပ်စစ်ဝန်ထမ်းများမှ မြွေ၊ ကင်းအန္တရာယ်ဂရုမစိုက်နိုင်ဘဲ လက်နှိပ်ဓာတ်မီးထိုးကာလိုင်း အပြစ်တွေ့အောင်ရှာဖွေ၍ ဓာတ်အားပြန်လည်ရရှိအောင် ပြင်ဆင်ဆောင်ရွက်နေကြရသည်။

ဓာတ်အားလိုင်းပြုပြင်ရာမှ တိုင်ပေါ်မှ ချော်ကျခြင်း၊ မြွေပါးကင်းပါးအကိုက်ခံရခြင်း၊ လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်ခြင်း၊ လျှပ်စစ်ဝန်ထမ်းများ အသက်ပေးခဲ့ရသည့်ဖြစ်စဉ်များရှိခဲ့သည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူများမှာ နေ့စဉ်တိုးတက်နေပါသည်။ လျှပ်စစ်ဝန်ထမ်းများသည် ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံအသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ တည်ဆောက်ပြီး ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံများ၏ ကြံ့ခိုင်ထိန်းသိမ်းမှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ သဘာဝဘေးဒဏ်အတွက် ပြန်လည် တည်ဆောက်မှုများ၏ တာဝန်များဆောင်ရွက်ရခြင်းနှင့် ဓာတ်အားသုံးစွဲသူများ၏ လိုအပ်ချက် (Complain)များကိုလည်း ထမ်းဆောင်နေကြရပါသည်။ လက်ရှိဖွဲ့စည်းထားသော ဝန်ထမ်းအင်အားဖြင့် များပြားလှသော တာဝန်များကိုထမ်းဆောင်ရာတွင် လူအင်အား၊ ပစ္စည်းလိုအပ်ချက်များအရ အချိန်မီမဆောင်ရွက်နိုင်မှုများလည်း ရှိပါသည်။

ရုံးပိတ်ချိန်၊ ကျောင်းပိတ်ချိန်၊ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်၊ သင်္ကြန်ပိတ်ရက် စသည့်ပိတ်ရက်များ ရှိသော်လည်း လျှပ်စစ်လုပ်သားများသည် ပိတ်ရက်မရှိကြပါ။ အများပြည်သူတို့အား ဓာတ်အားကောင်းမွန်စွာပေးနိုင်ရေးအတွက် ၂၄ နာရီ တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**မှောင်မှောင်မည်းမည်း မိုးသဲသဲတွင် လျှပ်စစ်ဝန်ထမ်းများမှ မြွေ၊ ကင်း အန္တရာယ်ဂရုမစိုက်နိုင်ဘဲ လက်နှိပ်ဓာတ်မီး ထိုးကာ လိုင်းအပြစ်တွေ့အောင်ရှာဖွေ၍ ဓာတ်အား ပြန်လည်ရရှိအောင် ပြင်ဆင်ဆောင်ရွက်နေကြရ**

## ကမ္ဘာ့ဘဏ်၏ကူညီမှုဖြင့် ပြည်သူဗဟိုပြုစီမံကိန်းများ ဆောင်ရွက်လျက်ရှိ

**မြိတ် ဧပြီ ၃၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကမ္ဘာ့ဘဏ်၏ကူညီထောက်ပံ့မှုငွေဖြင့် ပြည်သူဗဟိုပြုစီမံကိန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါစီမံကိန်းလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းသို့ ကမ္ဘာ့ဘဏ်မှထောက်ပံ့ငွေဖြင့် လူထုဗဟိုပြုစီမံကိန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးဆောင်မှုဖြင့် Mercy Corps အဖွဲ့မှ နည်းပညာအကြံပေးများ၏ပံ့ပိုးမှုဖြင့် ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၆၁ ရွာတွင် ကျေးလက်နေပြည်သူများ၏ အဓိကလိုအပ်လျက်ရှိသည့် လမ်း၊ တံတား၊ ဆိပ်ခံတံတား၊ ရေ၊ မီးများအပြင် ပညာရေးအတွက် စာသင်ကျောင်းများ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းများ၊ ကျန်းမာရေးအတွက် အဆောက်အအုံများ အသစ်တည်ဆောက်ခြင်းနှင့် အခြေခံအဆောက်အအုံများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၂၀၁၄-၂၀၁၅ ဒုတိယနှစ်စီမံကိန်းကာလတွင် ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာ ၁၆၁ ရွာတွင် ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေကြောင်း သိရသည်။

အဆိုပါ စီမံကိန်းကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပထမစီမံကိန်းကာလ၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဒုတိယစီမံကိန်းကာလ၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တတိယစီမံကိန်းကာလ၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စတုတ္ထစီမံကိန်းကာလ လေးနှစ်အတွင်းအပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ လူထုဗဟိုပြုစီမံကိန်းများကြောင့် ကျေးလက်နေပြည်သူများသည် ကိုယ်တိုင်ဝင်ရောက်စီမံခန့်ခွဲမှုများ လုပ်ကိုင်ရသည့်အတွက် အသိပညာ၊ အတတ်ပညာသာမက မိမိတို့ရပ်ရွာဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို မိမိတို့တစ်နိုင်တစ်ပိုင်လုပ်ကိုင်တတ်ပြီး ၂၀၁၄-၂၀၁၅ ဒုတိယနှစ်စီမံကိန်းတွင် ပြည်သူကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် စီမံကိန်းလုပ်ငန်း ၁၇၃ ခုကို ထပ်မံဆောင်ရွက်လျက်ရှိခြင်းနှင့်အတူ ကျေးရွာများရှိ ဒေသခံပြည်သူ ၇၅၂၅၉ ဦးခန့် အကျိုးခံစားခွင့်ရရှိနေပြီဖြစ်ကြောင်း ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**မြင့်ဦး(မြိတ်)**

## ပုဂံ၌ စက်ဘီးငှားသူများ ပိုမိုများပြားလာ

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-ဘော်ဂါသွေး

**ပုဂံ ဧပြီ ၃၀**

မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာ ပုဂံမြေသို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များ ဝင်ရောက်လာမှုမှာ ယခုအခါ ပိုမိုများပြားလျက်ရှိနေကြောင်း ပုဂံမြို့ဟောင်း သရပါဟိုတယ်အနီး ထနောင်းပင်ရိပ်အောက်၌ စက်ဘီးအငှားဆိုင် အမှတ်(၅)မှ ဦးဝင်းထွန်းကပြောသည်။

နိုင်ငံခြားသားခရီးသွား ဧည့်သည်များသည် ယခင်ကရထားလုံး (မြင်းလှည်း)လေးများဖြင့် ငှားရမ်း၍ ပုဂံမြို့အနှံ့ လည်ပတ်ကြသည်။ ထို့နောက် တစ်ယောက်တည်းလာသူများက ခြေနင်းစက်ဘီးငှားရမ်း၍ လေ့လာရေးထွက်ကြသည်။ ၂၀၁၃ ခုနှစ်အကုန် ၂၀၁၄ ခုနှစ်မှ အစပြု၍ ဝင်လာသောလျှပ်စစ်စက်ဘီး (E-BIKE Bicycle) များ ငှားရမ်း၍ ပြည်တွင်းဘုရား ဖူးဧည့်သည်များ အရောက်နည်းသော နေရာများသို့ သွားရောက်ကြသည်ကို တွေ့ရသည်။

စက်ဘီးငှားသူ ဦးဝင်းထွန်းက "အခုဆို ပုဂံမှာခြေနင်းစက်ဘီးထက် လျှပ်စစ်စက်ဘီးက ပိုငှားရတယ်။ ကျွန်တော်တို့ဆို ဒီအလုပ်လုပ်လာတာ နှစ်ပေါင်းအတော်ကြာပြီ။ ခြေနင်းစက်ဘီး ၂၅စီး၊ လျှပ်စစ်စက်ဘီး ၂၅ စီး ထောင်ထားတယ်"ဟု ဆိုသည်။

ပုဂံမြေ၌ ထနောင်းပင်ရိပ်တို့၌ အငှားဆိုင်များ ဖွင့်ထားကြသကဲ့သို့ အချို့စားသောက်ဆိုင်များတွင်လည်း



စက်ဘီးများ ငှားရမ်း၍ရသည်။ အချို့သီးခြားအခန်းများဖြင့် တခမ်းတနား အငှားဆိုင်များကိုလည်း တွေ့မိခဲ့သည်။ စက်ဘီးငှားသူ ဦးဝင်းထွန်း၏ဇနီးဖြစ်သူက "ဒီနှစ်ထဲမှာ ကျွန်မတို့လိုစက်ဘီးငှားတဲ့သူတွေပိုများလာတယ်။ စားသောက်ဆိုင်များကပါ သူတို့ဆိုင်လာစားတဲ့ ဧည့်သည်တွေအဆင်ပြေဖို့ စက်ဘီးပါတွဲငှားကြတယ်" ဟုဆိုသည်။

စက်ဘီး အငှားဆိုင်များကို သက်ဆိုင်ရာက အမှတ်စဉ်များဖြင့် မှတ်ပုံတင် ငှားရမ်းခွင့်ပြုထားသည်။ စက်ဘီးရှေ့တွင် ဆိုင်အမှတ်၊ ဆိုင်အမည်၊ ဆက်သွယ်ရန်ဖုန်းနံပါတ်များကိုကပ်ထားပေးသည်။ အကြောင်းတစ်စုံတစ်ရာရှိပါက အလွယ်တကူ ဆက်သွယ်နိုင်ရန်ဖြစ်သည်။

နိုင်ငံခြားသား ဧည့်သည်များ အနေဖြင့် များသောအားဖြင့် လျှပ်စစ်စက်ဘီးများကို အငှားများကြသည်။ ခြေနင်းစက်ဘီးကို နာရီပိုင်းငှားရမ်းကြသည်။ လျှပ်စစ်စက်ဘီးကို နေကုန်ငှားရမ်းကြသည်။ လျှပ်စစ်စက်ဘီး တစ်နေကုန်ငှားခမှာ ငွေကျပ် ၆၀၀၀ မှ ၈၀၀၀ အထိရှိပြီး ခြေနင်းစက်ဘီး ငှားခမှာ တစ်နာရီငွေကျပ် ၁၀၀၀ ဖြစ်သည်ဟု သိရသည်။

ညောင်ဦးမြို့နယ်တွင် လမ်းမတော်လမ်းမှ ရဲရဲစက်ဘီးအငှားဆိုင်မှ ကိုရဲမင်းနိုင်က "မနက်ဆို ၅ နာရီခွဲလောက်ကတည်းက ဆိုင်ဖွင့်ပေးထားရတယ်။ ည ၈နာရီလောက်အထိ သွားလာနေကြတုန်းပဲ။ တော်တော်နှံ့နှံ့စပ်စပ်သွားကြတယ်" ဟု ဆိုသည်။

နိုင်ငံခြားသားခရီးသွားဧည့်သည်များကို စက်ဘီးငှားရာ၌ မည်သည့်အာမခံ၊ စဘော်ငွေနှင့်ကတ်ပြားများ ယူထားခြင်း မရှိဟုဆိုသည်။ ၎င်းတို့၏ အမည်၊ တည်းခိုသည့် ဟိုတယ်အမည်နှင့် အခန်းနံပါတ်များကိုသာ မှတ်သားရယူထားသည်ဟု သိရသည်။

သရပါတံခါးအနီး ထနောင်းပင်ရိပ်အောက်မှ စက်ဘီးအငှားဆိုင်မှ အမျိုးသမီးတစ်ဦးက "ကျွန်မတို့ စက်ဘီးငှားစားလာတာ အနှစ် ၂၀ နီးပါးရှိလာပြီ၊ တစ်ခါမှ ပျောက်သွားတာ၊လာမအပ်တာမရှိခဲ့ဖူးဘူး၊ အခြားဆိုင်တွေကလည်း မကြားခဲ့ဖူးဘူး"ဟု ပြောသည်။

## သတ္တုတွင်းဝန်ကြီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာနရှိ ဝန်ကြီးရုံး/ဦးစီးဌာန/လုပ်ငန်း ခုနစ်ခုတွင် အသုံးပြုမည့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်-

(က) ရုံးသုံးစက်ပစ္စည်းကိရိယာများ၊
(ခ) ရုံးသုံးစာရေးကိရိယာပစ္စည်းများ၊
(ဂ) Toner,Catridge & Computer Accessories

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၅-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါပုံစံများကို သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံး/ဦးစီးဌာန၊ လုပ်ငန်းခုနစ်ခုတွင် သတင်းစာကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သတ္တုတွင်းဝန်ကြီးဌာန**
**ရုံးအမှတ်(၁၉)**
**ဖုန်း-၀၆၇-၄၀၉၃၇၂၊ ၀၆၇-၄၀၉၁၆၀**

# အဆိုပြုတင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တောင်ကြီးမြို့တွင် ပြည်သူ့ဝန်ထမ်း (အငှား)အိမ်ရာစီမံ ဆောက်လုပ်မည်ဖြစ်ပါသဖြင့် (၄)ခန်းတွဲ (၄)ထပ် အဆောက်အအုံတည်ဆောက်ရန်အတွက် ဆောင်ရွက်လိုသူများ လာရောက်လျှောက်ထားနိုင်ပါသည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၄-၅-၂၀၁၅ရက်မှ ၂၂-၅-၂၀၁၅ရက်အထိ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)
**တင်ဒါလျှောက်လွှာနောက်ဆုံးတင်ရမည့်ရက်** - ၂၂-၅-၂၀၁၅ ရက် (၁၆း၀၀)နာရီ
**တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့။
**ဆက်သွယ်ရန်** - ၀၈၁-၂၀၁၉၀၄ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)

အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနတွင် ရုံးဖွင့်ရက် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ပူတာအိုခရိုင်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အတွင်း ပြည်ထောင်စု/ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် ဘိလပ်မြေ၊ သံချောင်း၊ ကျောက်မျိုးစုံ၊ မြစ်သဲများအား ဝယ်ယူရန်နှင့် စက်သုံးဆီများအား မြစ်ကြီးနားမြို့မှ ပူတာအိုမြို့သို့ သယ်ယူပို့ဆောင်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

**တင်ဒါအမှတ်** (၁)/၂၀၁၅-၂၀၁၆
(က) **တင်ဒါလျှောက်လွှာဝယ်ယူနိုင်သည့်ရက်** - ၄-၅-၂၀၁၅ ရက်
(ခ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်** - ၂၈-၅-၂၀၁၅ ရက်
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ပူတာအိုခရိုင်၊ ပူတာအိုမြို့

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံကို ရုံးချိန်အတွင်း လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ပူတာအိုမြို့တွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**ဖုန်း-၀၉-၈၄၀၀၁၂၈**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သထုံခရိုင်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပြည်နယ်(ငွေလုံး)ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် သိမ်ဆိပ်-ဝီယော်-လေးကေလမ်း ၁၂ ပေအကျယ် ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ဖြူဘ-သဲအိမ်လမ်း မြေသားတာပေါင်လုပ်ငန်းတို့အား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် အတွက် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက သထုံခရိုင် အင်ဂျင်နီယာမှူးရုံး၊ (၀၅၇-၄၀၀၄၆)သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော် လည်းကောင်း မေးမြန်းနိုင်ပါသည်။ သို့ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်း ချက်များကို (၇-၅-၂၀၁၅)ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် လမ်းတည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သောအချက်အလက်ပုံစံ၊ တင်ဒါအာမခံကြေးပေးသွင်းမှုချလန်နှင့် ဈေးနှုန်းများ ပြည့်စုံစွာဖြင့် တင်ဒါစိစစ်ရေးကော်မတီ၊ သထုံခရိုင် အင်ဂျင်နီယာမှူးရုံးသို့ ၁၂-၅-၂၀၁၅ရက် နံနက် ၉း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါပေးသွင်းနိုင်ကြောင်းနှင့် တင်ဒါပုံစံများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သထုံခရိုင် အင်ဂျင်နီယာမှူးရုံးတွင် ထုတ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာဖွင့်မည့်ရက်** - ၁၂-၅-၂၀၁၅ ရက် (အင်္ဂါနေ့)၊ နံနက် ၁၀း၀၀ နာရီ
**နေ့ရက်/အချိန်/နေရာ** အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သထုံခရိုင်**

# ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဘုရင့်နောင်၊ ဦးပိုင်အမှတ်(၁၆/၁)၊ ဧရိယာ ၀ဒသမ ၀၆၅၈ဧကရှိ ဦးကျင်သန်း(ခ)ဦးကျင်သောင်း အမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဒေါ်ဝင်းကြည် ၉/တကန (နိုင်)၀၁၆၈၄၇ (ဘ) ဦးစံမြင့်မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ရန် မြေပုံရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်ခံ့စွာတင်ပြ၍ ၁၅ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ အောက်ဖော်ပြပါ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမျိုးအစား |
|---|---|---|
| (၁) | ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ကွက်သစ်ရပ် မြိတ်မြို့ | (၄)ခန်းတွဲသုံးထပ် သံကူကွန်ကရစ်ဝန်ထမ်းအိမ်ရာ အဆောက်အအုံ(၁)လုံး |
| (၂) | ထီးခီးနယ်စပ် ထားဝယ်မြို့ | ဝန်ထမ်း(၂)ခန်းတွဲနေအိမ်နှင့်ဓာတ်ခွဲခန်း |
| (၃) | တနင်္သာမြို့နယ်ရုံး | အရာရှိနေအိမ်(၁)လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနတွင် ၁-၅-၂၀၁၅ ရက်မှ ၁၅-၅-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၂၁၃၂၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ဝါးခယ်မမြို့၊ လှေကျင်း၊ မြသိန်းတန်၊ ရွာလယ်၊ ရေကျော်၊ စာရေးကုန်း၊ သံကြိုးတိုင်ရပ်ကွက်များတွင်
# မြေကွက်ရယူထားသူများအား အသိပေးကြော်ငြာခြင်း

ဝါးခယ်မမြို့၊ လှေကျင်း၊ မြသိန်းတန်၊ ရွာလယ်၊ ရေကျော်၊ စာရေးကုန်း၊ သံကြိုးတိုင် ရပ်ကွက်၊ ကွင်းအမှတ်(၉၄၁/က၊ ၉၄၁/ခ၊ ၉၄၅၊ ၉၄၆)၊ ဧရိယာ ၃၅၈ဧကရှိ မြေတွင် မြေကွက်(၂၃၇၆)ကွက် ဖော်ထုတ်၍ ၂၀၁၀ခုနှစ်တွင် မြေကွက်များချထားပေးခဲ့ရာ ယခု အချိန်ထိ (၂၀၇၈)ကွက်သာ အဆောက်အအုံများဆောက်လုပ်ထားပြီး (၂၉၈)ကွက်ကျန်ရှိ နေသေးကြောင်း စိစစ်တွေ့ရှိရ၍ လုပ်ငန်းဆောင်ရွက်မှုမရှိသော မြေကွက်ရယူထားသူများအနေဖြင့် ကြော်ငြာသည့်ရက်မှ ၃၁-၅-၂၀၁၅ရက် နောက်ဆုံးထားပြီး ခြံစည်းရိုးကာ၍ အဆောက်အအုံ များ ဆောက်လုပ်သွားရန်နှင့် နေအိမ်အဆောက်အအုံဆောက်လုပ်ခြင်းမရှိသော မြေကွက်များ အား မြို့မြေချထားရေးကော်မတီမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်သိမ်းယူဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**စုံစမ်းရန်**
**ဝါးခယ်မမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကမ်းနားလမ်း၊ မင်းပိုင်းရပ်ကွက်၊ ဝါးခယ်မမြို့**
**ဖုန်း-၀၄၂-၆၀၀၀၃၊ ၀၄၂-၆၀၀၁၁၊ ၀၄၂-၆၀၀၁၂**
**မြို့မြေနေရာချထားရေးကော်မတီ၊ ဝါးခယ်မမြို့**

## သတ္တုတွင်းဝန်ကြီးဌာန
## ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်း များကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက်တန်ဖိုး (DDP နေပြည်တော်/ ရန်ကုန်)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) ဘူမိဗေဒကွင်းဆင်းလုပ်ငန်းသုံးစက်ပစ္စည်း ၄ မျိုး
(ခ) မြေတိုင်းကွင်းဆင်းလုပ်ငန်းသုံးစက်ပစ္စည်း ၁ မျိုး
(ဂ) ဓာတုဗေဒဓာတ်ခွဲခန်းသုံးစက်ပစ္စည်း ၆ မျိုး
(ဃ) သေလဗေဒဓာတ်ခွဲခန်းသုံးစက်ပစ္စည်း ၂ မျိုး
(င) ဓာတုဗေဒဓာတ်ခွဲခန်းနှင့်သေလဗေဒဓာတ်ခွဲခန်းသုံး ဓာတ်ဆေးနှင့်လုပ်ငန်းသုံးပစ္စည်း ၆၆ မျိုး
(စ) လွန်တူးလုပ်ငန်းသုံးပစ္စည်း ၅၂ မျိုး

၂။ တင်ဒါတင်သွင်းခြင်းကို ၂၉-၄-၂၀၁၅ရက်မှ ၂၉-၅-၂၀၁၅ရက် ၁၆း၀၀နာရီအတွင်း မည်သူမဆို လွတ်လပ်စွာ တင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက် များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

**ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**
**ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနစု**
**မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၄၀၇၉**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရမည်းသင်း ခရိုင်မှ (၂၀၁၅-၂၀၁၆) ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား လမ်းပိုင်း အလိုက် (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါလျှောက်လွှာဝယ်ယူ လျှောက်ထားနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ်** - **အမှတ်(၁)၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်**
(က) ခွဲကျောက်အရွယ်စုံ (ဂ) သဲ
(ခ) ကန်ကားမြေ (ဃ) ဘိလပ်မြေ
(င) သံချောင်းလုံးရွယ်စုံ

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၄-၅-၂၀၁၅ ရက် (တနင်္လာနေ့)
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၅-၅-၂၀၁၅ ရက် (သောကြာနေ့)
၄။ **တင်ဒါဖွင့်မည့်ရက်** - ၁၈-၅-၂၀၁၅ ရက် (တနင်္လာနေ့)
၅။ **တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့် နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ရမည်းသင်းခရိုင်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း-၀၆၄-၄၀၃၀၉

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ရမည်းသင်းခရိုင်ရုံး ဖုန်း-၀၆၄-၄၀၃၀၉ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လက်ထောက်ညွှန်ကြားရေးမှူးရုံး**
**လမ်းဦးစီးဌာန၊ ရမည်းသင်းခရိုင်**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပင်မ ဓာတ်အားခွဲရုံများအတွက် လိုအပ်သော Testing Equipment များကို မြန်မာ ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန် အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၄-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၈-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
## မဟာဝိဇ္ဇာသင်တန်းအတွက်
# သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် မဟာဝိဇ္ဇာ(အင်္ဂလိပ်ဘာသာကို နိုင်ငံခြားဘာသာအဖြစ် သင်ကြားခြင်း) ပထမနှစ်သင်တန်းကို ၂၀၁၅ခုနှစ် ဇွန်လတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းတက်ရောက်လိုသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) မဟာဝိဇ္ဇာ (အင်္ဂလိပ်ဘာသာကို နိုင်ငံခြားဘာသာအဖြစ် သင်ကြားခြင်း) ပထမနှစ်သင်တန်းတက်ရောက်ရန် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

၃။ ၂၀၁၅ခုနှစ် မေ ၂၂ရက် နောက်ဆုံးထား၍ လျှောက်လွှာ တင်သွင်းကြရမည်။ သင်တန်းဝင်ခွင့်ကြေညာချက် အပြည့်အစုံကို ရုံးချိန်အတွင်း မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်၊ ကျောင်းသား ရေးရာဌာနတွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဖုန်း-၀၂-၆၁၄၀၂**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီး ဌာန အုပ်ချုပ်မှုအောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများတွင်ဆောင်ရွက်မည့် အောက် ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့်လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

| စဉ် | လုပ်ငန်းအမည် | လုပ်ငန်းပမာဏ |
|---|---|---|
| ၁ | 01/DHPI (P&W) 2015-2016<br>ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း၊ရေလွှဲရေထုတ်ပြွန် သံကူကွန်ကရစ် | ၂၅၀၈ ကျင်း |
| ၂ | 02/DHPI (P&W) 2015-2016<br>အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းလျှပ်စစ်နှင့် စက်ပစ္စည်းသိုလှောင်ရုံ ပေ(၁၂၀×၆၀)ဆောက်လုပ်ခြင်း | (၁) လုံး |
| ၃ | 03/DHPI (P&W) 2015-2016<br>အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း CVC ကွန်ကရစ်ဖျော်စပ် ထုတ်လုပ်သယ်ပို့သွန်းလောင်းခြင်းလုပ်ငန်း | ၁၅၀၀၀၀ ကုဗမီတာ |
| ၄ | 04/DHPI (P&W) 2015-2016<br>သူငွေးရေအားလျှပ်စစ်စီမံကိန်း၊ ရေပိုလွှဲမြေကြီးကျောက်သားတူးဖော်ခြင်း | ၂၅၀၀၀ ကျင်း |
| ၅ | 05/DHPI (P&W) 2015-2016<br>သူငွေးရေအားလျှပ်စစ်စီမံကိန်းရေယူအဆောက်အအုံ ကွန်ကရစ်လုပ်ငန်း | ၃၀၀ ကျင်း |
| ၆ | 06/DHPI (P&W) 2015-2016<br>သူငွေးရေအားလျှပ်စစ်စီမံကိန်းရေပိုလွှဲခိုင်ခန့်မှုလုပ်ငန်းများ | လုပ်ငန်းတစ်ရပ် |

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်၊ အချိန်** - ၂၇-၄-၂၀၁၅ ရက် ၉း၃၀နာရီ
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊ အချိန်** - ၁၈-၅-၂၀၁၅ ရက် ၁၅း၀၀ နာရီ
**Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်ရက်၊ အချိန်** - ၁၈-၅-၂၀၁၅ ရက် ၁၅း၃၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံ တစ်စောင်လျှင် ၁၀၀၀၀ ကျပ်နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၄၃၁၊ ၄၁၀၂၅၇၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**

## ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
# အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## တောင်ကြီးမြို့နယ်တရားရုံး
## ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၆၃ နှင့်ဆက်သွယ်သည့်
## ၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၁၂

ဦးဘသက်နောင် **နှင့်** ၁။ ဦးသိန်းတန်(ခ)ဦးသိန်းနိုင်
၂။ ဒေါ်ပေါ်လင်းရိစ့်ဦး
၃။ ဒေါ်သဇင်ဦး(ခ)ဒေါ်သဇင်

**တရားနိုင်** **တရားရှုံးများ**

၁။ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၃) အကွက်ကြီး(၅၈) အမှတ် ၄၃ နေ ဦးသိန်းတန်(ခ)ဦးသိန်းနိုင်
၂။ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၃) အကွက်ကြီး(၅၈) အမှတ် ၄၃ နေ ဒေါ်ပေါ်လင်းရိစ့်ဦး
၃။ အေးသာယာမြို့၊ နယ်မြေ(၄)၊ အကွက်ကြီး(၁၆)၊ ကျောင်းအရှေ့၊ အမှတ် ၁၁၉ နေ ဒေါ်သဇင်ဦး(ခ)ဒေါ်သဇင်

(ယခုနေရပ်လိပ်စာမသိသူများ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တောင်ကြီးမြို့၊ မြို့နယ်တရားရုံး၏ ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၆၃ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဘသက်နောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီအတည်ပြုလုပ်စေရန် အမိန့် မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုစေရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် မေ ၂၇ရက် (၁၃၇၇ခုနှစ် နယုန်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဧပြီ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေး လိုက်သည်။

**(ဌွန်ဂျာအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး၊ တောင်ကြီးမြို့နယ်တရားရုံး**

# အထူးကျေးဇူးတင်လွှာ

## ၂၀၁၅ခုနှစ် ဧပြီ ၃၀ရက်တွင် ကျင်းပပြုလုပ်ခဲ့သော

## HINO Service Station (Myanmar)

## ဖွင့်ပွဲအခမ်းအနား

သို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တာဝန်ရှိ လူကြီးမင်းများ၊ ဂျပန်နိုင်ငံ HINO Motors မှ ဧည့်သည်တော်ကြီးများ၊ Serge Pun and Associates Ltd နှင့် Yoma Strategic Holding Ltd မှ ဥက္ကဋ္ဌကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဂျပန်နိုင်ငံ Sumitomo Corporation ရုံးချုပ်နှင့် မြန်မာနိုင်ငံရုံးခွဲမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်နှင့် လှည်းကူးမြို့နယ် ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ၊ ဝယ်ယူအားပေးကြသော Customer များ၊ မိတ်ဖက်လုပ်ငန်းရှင်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မေတ္တာလက်ဆောင်နှင့် ပန်းခြင်းများ ပေးပို့ဂုဏ်ပြုပေးကြသည့် မိတ်သင်္ဂဟများနှင့် ဖွင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ပုဂ္ဂိုလ်များအားလုံးကို လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**HINO Service Station**
**Summit SPA Motors Ltd**

## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်

## (ကျောက်မျက်ပညာသင်တန်း/စာတင်ခွဲခန်းကော်မတီ)

## အခြေခံကျောက်မျက်ပညာသင်တန်း(အပတ်စဉ်-၂၁)

* စိန်၊ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ ပုလဲနှင့်အခြားကျောက်မျက်များ
* ကျောက်မျက်တို့၏ အမျိုးအစားခွဲခြားခြင်း၊ အတုအစစ်ခွဲခြားခြင်း
* စာတွေ့-လက်တွေ့-သင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားမည်။
* ၁၁-၅-၂၀၁၅ ရက်တွင် စတင်မည်။ သင်တန်းချိန် နံနက် ၇း၃၀နာရီမှ ၉း၃၀နာရီအထိ
* သင်တန်းကာလ(၅)ပတ်ခန့်၊ အပတ်စဉ်(တနင်္လာနေ့မှစနေနေ့အထိ)
* ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ကိုးလွှာ၊ အခန်း(၉၀၂)၊ အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း-၀၉-၂၅၃၃၅၂၁၆၇၊ ၀၉-၈၆၁၁၂၃၉၊ ၀၁-၆၆၃၁၁၉၊ ၀၁-၆၆၃၀၈၀**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၅၄**

ဦးသန့်ဇင်မြင့် **နှင့်** ၁။ ဒေါ်စန်းစန်းမြင့်
၂။ ဒေါ်တင်တင်အေး

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၁)ရပ်ကွက်၊ သပြေလမ်း၊ အမှတ်(၄၇၀/က)နေ တရားပြိုင် (၁) ဒေါ်စန်းစန်းမြင့်၊ (၂) ဒေါ်တင်တင်အေး (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက **နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ် ပဋိညာဉ်အတိုင်း ဆောင်ရွက်ရန် ပျက်ကွက်သည့်အတွက် ပေးအပ်ထားသည့် စရန်ငွေ(၂) လျော်ကြေးငွေရလိုမှု** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ခုနှစ် မေ ၈ရက် (၁၃၇၇ခုနှစ် ကဆုန်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဧပြီ ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရွှေမောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၃၅**

ဒေါ်အုန်းကြည် **နှင့်** ၁။ ဒေါ်အုန်းခင်၊ ၂။ မမြတ်မြတ်မော်၊
၃။ မဆွေနွယ်ဝင်း၊ ၄။ မသွယ်သွယ်ငြိမ်း၊
၅။ ကိုစည်သူရ၊ ၆။ ကိုလှိုင်ကျော်ထွေး၊
၇။ ဒေါ်အေးသန်း၊ ၈။ ဒေါ်ရင်ရင်သန်း၊
၉။ ဒေါ်ဇင်မာသန်း၊ ၁၀။ ဒေါ်ညိုညိုသန်း

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ဆယ်ရွာစံပြကျေးရွာ၊ (မြောက်ဘက်ရွာအဖျားပိုင်း) စက်ပိုင်းနေ (၁၀) တရားပြိုင် ဒေါ်ညိုညိုသန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အုန်းကြည်က အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေရန်ဖြစ်စေ ၂၀၁၅ခုနှစ် မေ ၂၂ရက် (၁၃၇၇ခုနှစ် နယုန်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဧပြီ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်အုန်းတင့်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကြာအင်းကျေးရွာ၊ ကွင်းအမှတ် ၁၉၊ ကွင်းအမည် ဖာကတူးတပ်ကွင်း၊ ဦးပိုင်အမှတ် N/34/1၊ ဧရိယာ ၁၄ဧကခန့် အကျယ်အဝန်းရှိ မြေကွက်နှင့် အကျိုးခံစားခွင့်ကို မူလအမည်ပေါက် ဦးကျော်မြထံမှ ကျွန်ုပ်၏မိတ်ဆွေက ၂၀၁၄ခုနှစ်က ဝယ်ယူပြီး ဦးသန်းဦးအား နှစ်ရှည်စားပင်များစိုက်ပျိုးရန် တာဝန်ပေးအပ်ထားရာ ဦးသန်းဦးက အဆိုပါမြေ ၁၄ဧကရှိ မြေအား ခြံစည်းရိုးသတ်မှတ်ကာရံကာ လက်ရှိထား၍ နှစ်ရှည်သီးနှံများကို စိုက်ပျိုးဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါတွင် အခင်းဖြစ်မြေအား ဝယ်ယူသူ အမည်ပေါက်ပိုင်ဆိုင်ရေးအတွက် လှည်းကူးမြို့နယ် မြေစာရင်းဦးစီးဌာနတွင် လျှောက်ထားဆောင်ရွက်ဆဲဖြစ်ပါသည်။

သို့ပါ၍ အချင်းဖြစ်မြေဧရိယာ ၁၄ဧကခန့်ကို လက်ရှိထားပြီး ခြံစည်းရိုးသတ်မှတ်ကာရံခြင်း ခြံစည်းရိုးအတွင်းသို့ မည်သူမဆို ကျူးကျော်ဝင်ရောက်ခြင်း၊ ခြံစည်းရိုးများကို ဖျက်ဆီးခြင်းပြုလုပ်လျှင်သော်လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေ သဘောမတူဘဲ လွှဲပြောင်းရောင်းချလျှင်သော်လည်းကောင်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသိန်းရွှေ (B.A, H.G.P, R.L)** | **ဦးကျော်စွာဝင်း (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၄၅၀၉၁)** |

**အမှတ် ၄၅၂၊ သုတ ၂ လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၁၈၄၈၉၃၊ ၀၉-၄၂၁၁၂၇၇၂၃**

## IGCSE Mathematics

Home သင်သည်၊ ဝိုင်းရှိသည်။ (စမ်းချောင်း၊ လှိုင်)

**ဖုန်း-၀၉-၇၃၁၅၉၅၁၆၊ ၀၉-၇၃၁၀၉၅၇၀**

## မြေကွက်ရောင်းရန်ရှိသည်

ပန်းလှိုင်ဂေါက်ကွင်း၊ အိမ်ရာအတွင်း မြေအကျယ် စတုရန်းပေ ၂၆၀၀၀ ကျော်၊ ရေကန်နှင့် ဂေါက်ကွင်း View ပါဝင်ပါသည်။ ဂရန်ပေါက်ပြီး ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၂၈၆၀၀၈၆၊**
**၀၉-၇၉၅၅၅၉၈၈၈**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တာမွေမြို့နယ်တရားရုံးတော်၌**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁၉**

ဒေါ်ဝင်းကြည် (၄င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်မို့မို့သင်း) **နှင့်** ဒေါ်မြိုင်

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း(အထက်)ရပ်ကွက်၊ ရွှေဘိုလမ်း၊ အမှတ်(၂၀)တွင် နေထိုင်သော တရားပြိုင် ဒေါ်မြိုင်(ယခုနေရပ် လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဝင်းကြည်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ခုနှစ် မေ ၈ရက် (၁၃၇၇ခုနှစ် ကဆုန်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဧပြီ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ကေသီလှိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တာမွေမြို့နယ်တရားရုံး**

# (၃၈)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဗိုလ်မှူးကြီးသန်းညိန်း(ငြိမ်း)-ချစ်မေမေ ဒေါ်ခင်သွယ်သွယ်မြင့် ညွှန်ကြားရေးမှူး(ငြိမ်း)တို့၏ ၁-၅-၂၀၁၅ ရက်တွင် ကျရောက်သော(၃၈) နှစ်မြောက်မင်္ဂလာနှစ်ပတ်လည်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးများကို ချစ်သားသမီး မြေးများနှင့်အတူ ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သားကြီး** - ဗိုလ်မှူးနိုင်ညိန်း M.B.,B.S (DSMA), M.Med Sc (Ophth), MRCS (Edinburgh) - ဒေါက်တာခိုင်သူဇာဝင်း M.B.,B.S (Ygn), M.Med Sc (Ophth), MRCS (Edinburgh)

**ချစ်သားငယ်** - ဗိုလ်ကြီးချမ်းညိန်း M.B.,B.S (DSMA), M.PHM (Mehidol) - နန်းဇာနည်ကျော် B.E (Electronics), KBZ Bank Ltd.

**ချစ်မြေးများ** - ခန့်ကိုကိုနိုင် (တုန်တုန်)၊ လင်းလဲ့ငြိမ်းအေး (လုံးတုံး)

## အမည်မှန်

ကျောက်တံခါးမြို့နယ်၊ အထက(ဖဒို) နဝမတန်း(A)မှ မောင်ထွန်းဇော်အောင်၏ အမည်မှန်မှာ မောင်ထွန်းအောင်ဇော်ဖြစ်ပါကြောင်း။

မောင်ထွန်းအောင်ဇော်

## ပျောက်ဆုံးကြောင်း

ကျွန်မ မသွင်နဒီ ၁၃/တကန(နိုင်) ၂၄၉၆၁၅ ၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၂၄၂၆၉၈

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းဆိုင်စင် ၁၃/မကန(နိုင်) ၀၀၀၉၁၉ ၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၂၂၆၅၄၈

# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်ဂုဏ်ပြုလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်ခွဲ၊ ရွှေနှင်းဆီလမ်းနေ ဒုတိယဗိုလ်မှူးကြီးသောင်းမြင့်(ငြိမ်း) Managing Director,Jupiter & Venus International Company Limited + ဒေါ်တင်နွယ်အေး(ခ)ခင်ခင် "ခင်ခင်ရတနာရွှေဆိုင်" တို့၏တူ

မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နေ (ဦးစန်းညွန့်)-ဒေါ်အေးငြိမ်းတို့၏ သားကြီး

**ဗိုလ်မှူးကျော်စွာလင်း(ဒု-တပ်ရင်းမှူး) B.A(Psychology)**

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (၁၀)မိုင်၊ ရာဇသင်္ကြန်လမ်း အမှတ်(၉၆၇/ဂ)နေ ဦးကြည်ဝင်း-ဒေါ်ကြည်ကြည်မြ(ခ)ဒေါ်ခင်မာပြည့်တို့၏သမီးကြီး

**ဒေါက်တာထိုက်ထိုက်လင်း M.B.,B.S(Ygn)**

**(Diploma in Global English)**

**လက်ထောက်ဆရာဝန်(အနောက်ပိုင်းဆေးရုံကြီး)**

တို့၏ ၂၅-၄-၂၀၁၅ ရက်(စနေနေ့)တွင် ရန်ကုန်မြို့၊Western Part Royal(Royal Hall) မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဦးသန်းလှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)နှင့်ဇနီးဒုတိယဗိုလ်မှူးကြီးဒေါ်အေးမြင့်(ငြိမ်း)တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဦးမောင်မောင်လွင်(ဧယျာရွှေမြေအေဂျင်စီ)နှင့် ဇနီးသီဟသုဓမ္မသီဂီ ဒေါက်တာဒေါ်နီလာသိန်း တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ လူကိုယ်တိုင်မကြွရောက်နိုင်ပါသော်လည်း မေတ္တာဖြင့် လက်ဖွဲ့များပေးပို့ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်နှင့်ဇနီး ဒေါ်ချယ်ရီ၊ တိုင်းမှူးဗိုလ်ချုပ်လှူအေး နှင့်ဇနီး ဒေါ်ခင်လှညွန့် တို့အားလည်းကောင်း၊ လူကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော(ဗိုလ်မှူးချုပ်ကောင်းမြတ်)၏ဇနီး ဒေါ်ခင်ခင်ထွေး၊ ဗိုလ်မှူးချုပ်မျိုးဇော်သိန်း နှင့်ဇနီးဒေါ်ရွှေဝါတင်အုန်း၊ စစ်တက္ကသိုလ်အပတ်စဉ်(၂၈)နှင့် သတို့သား၏အပတ်စဉ်မှ မိတ်ဆွေသူငယ်ချင်းများ အားလည်းကောင်း၊ မိဘဆရာသမားများ၊ စစ်ဘက်နယ်ဘက်မှဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မေတ္တာဖြင့်မင်္ဂလာလက်ဖွဲ့ပစ္စည်းများ ပေးပို့ချီးမြှင့်ပေးပါသော မိဘဆရာသမား၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဖန်းကိုင်ဆောင်ပေးပါသော မအိဖြူဖြူမိုး၊ မင်္ဂလာလက်စွပ်ဖန်းကိုင်ဆောင်ပေးပါသော ဒေါက်တာမေသဥ္ဇာဖူး၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ဒေါ်ခင်စိန်ဝင်း၊ ဒေါ်ဥမ္မာ၊ ဗိုလ်မှူးထွန်းထွန်းဝင်း(ငြိမ်း)၊ ဦးအောင်ဇော်ထွေး၊ ဗိုလ်မှူးသက်နောင်စိုးတို့အားလည်းကောင်း မင်္ဂလာအခမ်းအနားသို့ မတက်ရောက်နိုင်သော်လည်း ဖုန်းဖြင့်နှုတ်ကဆက်အားပေးကြပါသော ဆရာသမား၊ ဆွေမျိုးများနှင့် မိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**နှစ်ဖက်မိဘများနှင့်**
**ဗိုလ်မှူးကျော်စွာလင်း-ဒေါက်တာထိုက်ထိုက်လင်း**




## ပျောက်ဆုံးကြောင်း

စိုင်းမျိုးမြင့်ဟန်(ဘ)ဦးစိုင်းမြင့်သိန်း ၁၃/လရန(နိုင်)၁၂၉၁၆၉၏ ပတ်စ်စပို့ နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၉၆၀၁၅၅၃

## ပျောက်ဆုံးကြောင်း

နန်းလှယဉ် (ဘ)ဦးစိုင်းတစ် ၁၃/တခလ(နိုင်)၀၄၁၁၅၅၏ ပတ်စ်ပို့ နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၂၅၂၅၇၃

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရန်-မန်လမ်းနှင့် ယောမင်းကြီးလမ်းထောင့်၊ စက်မှုဇုန် (၁)၊ (ဈ)ရပ်ကွက်ရှိ Aung Kanbo Trading Co.,Ltd၊ ကားအရောင်းပြခန်း၊ မန္တလေးရုံးခွဲမှ ယဉ်အမှတ် 4G/2157 ၏ ကုန်းလမ်းပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနသို့ လျှောက်ထားသော ကနဦးယာဉ်စစ်ဆေးခွင့် စာရွက်စာတမ်းများ (သွင်းကုန်စာရွက် M Q IL-13146100 2/12/2013၊ အကောက်ခွန်စာရွက် ID No.A46665၊ CUSTOMS STATEMENT စာရွက်မူရင်း၊ ယာဉ်ခေတ်ပုံမူရင်းများ) ပျောက်ဆုံးသွားပါသည်။ ၎င်းယာဉ် 4G/2157 ၏ ရုံးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများနှင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Aung Kanbo Trading Co.,Ltd**
ဖုန်း-၀၉-၄၃၁၃၃၃၁၃၊ ၀၉-၄၃၁၃၃၃၂၂

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးမာ ၁၄/နေဖ(နိုင်)၀၀၉၆၁၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၁၉/ရပ်ကွက်၊ ရွှေသဇင်လမ်းမကြီး၊ မြေအမှတ် (၈၃)၊ ဇရိယာအကျယ်အဝန်း(၃)ဧက၊ (ယခင်)ကွင်းအမှတ်(၂၉၁)၊ ဦးပိုင်အမှတ်(၄၇/၄)၊ သစ်ချောက်ကွင်းမြေကွက်နှင့် ဆက်စပ်ဆက်နွယ်သူများရှိပါက အဆိုပါ မြေကွက်ပိုင်ရှင်ဖြစ်သူ ဒေါ်အေးအေးမာထံသို့ဖြစ်စေ ကျွန်ုပ်ထံသို့ဖြစ်စေ ဤကြော်ငြာ ပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ဆွေးနွေးနိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေလင်းအောင် အထက်တန်းရှေ့နေ**
ဖုန်း-၀၉-၄၂၀၀၇၄၆၇၉
အမှတ်(၅၅)၊ အခန်း(၄)၊ မဟာဗန္ဓုလပန်းခြံလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လိုင်စင်အင်ဂျင်နီယာ [illegible]

[illegible]

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# တော်ဝင်မိသားစုကုမ္ပဏီ စတုဒိသာအလှူ

TAW WIN CENTRE

တော်ဝင်မိသားစုကုမ္ပဏီမှ မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ တဆွန်လပြည့် ( ၂၅၊ ၂၀၁၅ )

နံနက်( ၁၀း၀၀ )တွင် တော်ဝင်စင်တာ၌ စတုဒိသာ ကြာဆန်ချက် နှင့် အအေးတိုက်ကျွေးခြင်း၊

ညနေ( ၆း၀၀ )တွင် ရွှေတိဂုံဘုရား မြောက်ဘက်မုခ်၌ အအေးများ ကုသိုလ်ယူတိုက်ကျွေး လှူဒါန်းမည်ဖြစ်ပါသဖြင့်

မည်သူမဆို ကြွရောက်ကုသိုလ်ယူ သုံးဆောင်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

တော်ဝင်မိသားစုကုမ္ပဏီ၊ တော်ဝင်စင်တာမိသားစု၊ တော်ဝင်ဂါးဒင်းတိုက်တာမိသားစု



# ပညာရေးရှင်းလင်းပွဲဖိတ်ကြားလွှာ

ပြောင်းလဲတိုးတက်နေပြီဖြစ်သော အနာဂတ်မြန်မာနိုင်ငံမှ ရင်သွေးငယ်လေးများ၏ ဘဝခိုင်မာမှုအတွက် ဂျပန်နိုင်ငံသို့ ပညာသင်သွားရောက်နိုင်ရန် ပညာရေးရှင်းလင်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

နေ့ရက် ■ ၂-၅-၂၀၁၅ (စနေနေ့)
အချိန် ■ နံနက် (၉း၀၀) နာရီမှစတင်၍
နေရာ ■ Mingalar Garden Hotel
ပြည်မြို့

နေ့ရက် ■ ၃-၅-၂၀၁၅ (တနင်္ဂနွေနေ့)
အချိန် ■ နေ့လည် (၁း၀၀) နာရီမှစတင်၍
နေရာ ■ တိုက် (A-3-2)၊ အခန်း (၁၀၂)
မြန်မာ့ဂုဏ်ရည်အိမ်ယာ
အထက်ပန်းဆိုးတန်းလမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

နေ့ရက် ■ ၄-၅-၂၀၁၅ (တနင်္လာနေ့)
အချိန် ■ နေ့လည် (၁း၀၀) နာရီမှစတင်၍
နေရာ ■ ပဒ္မမြားခန်းမ
Park Royal Hotel
ရန်ကုန်မြို့

စုံစမ်းရန် - (၀၁) ၃၉၃၃၇၀၊ ၀၉ - ၄၂၁၁၄၇၀၇၀ Email : tokyo.fukushi.myanmar@gmail.com


## ရောင်းမည်

ရန်ကုန်မြို့လယ်၊ နေရာကောင်း၊ မြေကွက်ကျယ်၊ ၅၀'×၆၀'၊ နှစ်၉၀ဂရန် အမည်ပေါက်ကိုယ်တိုင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံအဆင်သင့်ရှိပြီး။

**ဆက်သွယ်ရန်-ဖုန်း-၀၉-၂၅၄၃၇၇၅၆၀**

## ဒေါက်တာဥမ္မာ ဦးစီးသင်ကြားပြသမည့်

မြန်မာ့ရိုးရာ ဆန်းပညာသင်တန်းအမှတ်စဉ် ၁/၁၅
၂၀၁၅ မေလ ၃ ရက်တွင် စတင်ဖွင့်လှစ်ပါမည်။
စုံစမ်းရန်-၀၉-၇၃၁၂၇၈၂၆၊ ၀၉-၉၇၇၃၉၇၅၄၃
လိပ်စာ- အမှတ် ၃၉ F4၊ မဟာမြိုင်အိမ်ရာ၊ ၄၁ တိုးချဲ့၊ ဒဂုံမြောက်၊ ရန်ကုန်
(အဆောင်နေလိုသူများစီစဉ်ပေးပါသည်။)

## တစ်ဦးတည်းဖြစ်ပါကြောင်း

သံဖြူဇရပ်မြို့နယ်၊ ကရင်သောင်ကျေးရွာ၊ အထက(ခွဲ)၊ န၀မတန်းမှ မဇူဇူသင်း၏ဖခင် အမည်မှန်မှာ ဦးတင်ညွန့်(ခ)ဦးတင်ထွန်း ၁၀/မလမ(နိုင်)၁၁၉၂၉၂ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတင်ညွန့်(ခ)ဦးတင်ထွန်း**

## အမည်မှန်

ဦးနေမင်းထိုက်-ဒေါ်အေးအေးမွန်တို့၏သား အင်းစိန်မြို့နယ်၊ အမက (၁) ဗဟို၊ ဒုတိယတန်း(ဃ)မှ မောင်ရှိုင်းနေခန့်၏ အမည်မှန်မှာ မောင်ကောင်းခန့်ကိုကို ဖြစ်ပါသည်။

## ဖခင်အမည်မှန်

နမ့်စန်မြို့၊ အထက (၁)၊ သတ္တမတန်း(ခ)မှ မလွဲလွဲလင်းထက်၏ဖခင် အမည်မှန်မှာ ဦးကျာဆော ၁၃/မနန(နိုင်)၀၁၀၉၂၀ ဖြစ်ပါကြောင်း။

**ဦးကျာဆော**


# ဆရာ ဦးမောင်မောင်တိုး

ဂျူဒို၁၀တန်း ပုံမှန်သင်္ချာအထူးသင်တန်းများ

2013,2014,2015 (၃)နှစ်တာအတွက်ဆုံပညာထူးချွန်တပည့်ရင်း(၁၀)ဦး၏
ဂုဏ်ရှိန်ထည်ဝါ ပုံရိပ်လွှာ



မောင်ကျော်ဇင်ဝင်း 2013ဘတ်ရဲ့,Top 8
မနှင်းဦးဖတ်ရည် 2013,2014-Top 6
မောင်သရော်ဦး 2013ဘတ်ရဲ့ 2014-Top 5
မောင်ထက်ငြိမ်း 2013ဘတ်ရဲ့
2014ဘတ်ရဲ့
မောင်မြတ်ကောင်းသန့် 2014ဘတ်ရဲ့
2014ဘတ်ရဲ့
2014ဘတ်ရဲ့
2014,2015
2015ဘတ်ရဲ့

၂၈၄၊ ဗညားဒလလမ်း၊ မြို့ကျောက်မြောင်းတာမွေမြို့နယ်။
ဖုန်း - 552054,095186637,0973006451,09254012675


## ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဝိုင်းမော်မြို့နယ် တရားမရုံးတော်၌
၂၀၁၄ ခုနှစ် တရားမကြီးအမှုအမှတ်-၂

ဒေါ်အေးမြင့် နှင့် ဦးသန်းဝင်းကျော်
တရားလို တရားပြိုင်

ဦးသန်းဝင်းကျော် တစ်ဆင့်/ဦးအောင်ရွှေ-ဒေါ်မြင့်ရီ (မိဘ)၊ အမှတ်(၇၂)၊ ခတ်ချိုကျေးရွာအလယ်ပိုင်း၊ ဝိုင်းမော်မြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်အေးမြင့်က လင်မယားကွာရှင်းပေးစေလိုမှု စွဲဆိုလျှောက်ထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မေ ၈ရက် (၁၃၇၇ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရန်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဧပြီ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**ဇော်ဝင်းထွန်း (တ/၂၆၈၂)**
**မြို့နယ်တရားသူကြီး၊ ဝိုင်းမော်မြို့နယ်တရားရုံး**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၄-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာမှ လက်ထပ်ပြီးစီးခြင်းကြော်ငြာပါ မောင်ဇင်သူကိုကိုအစား မောင်သူဇင်ကိုကို(ခ)ကိုသူ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**မောင်သူဇင်ကိုကို(ခ)ကိုသူ-မခင်ထားကြည်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ အမှတ် (၁၈) ပလရ ရပ်ကွက်၊ တိုးချဲ့(၁)လမ်းနေ ဦးမောင်ကျော် ၁၂/မဂဒ(နိုင်)၀၄၃၈၁၂ နှင့် ဦးကျော့တို့မှာ တစ်ဦးတည်း ဖြစ်ပါသည်။

**ဦးမောင်ကျော်(ခ)ဦးကျော့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးပွ ၉/မနတ(နိုင်)၀၆၂၁၁၅ ၏ သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ် အမှတ် မန်း-၀၂၂၄ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကပြန်လည်ပေးပို့ပေးပါရန်။ **ဦးပွ**

**ဖုန်း-၀၉-၉၇၃၀၄၁၀၅၅**

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးတင်ငွေ ၅/ဆလက(နိုင်)၀၁၁၄၀၀ ၏ သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ်အမှတ် မုံ ၉၃/၈၉ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်။ **ဦးတင်ငွေ**

**ဖုန်း-၀၉-၉၇၃၀၄၁၀၅၅**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဝင်းနားအမည်ဖြင့် ဂျပန်နိုင်ငံမှတင်သွင်းသော ကားပါမစ်နှင့် ID - 817882 - 18-12-14 စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ဖုန်း-၀၉-၅၅၀၄၂၀၂ သို့ ဆက်သွယ်ပါရန်။

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဗိုလ်မှူးမင်းမြတ်ဇော် (ငြိမ်း)

**စစ်တက္ကသိုလ်အပတ်စဉ်(၃၆)**

**ကြည်း-၂၅၉၉၇**

ဒေါ်စိုးမိုးလတ်၏ခင်ပွန်းဖြစ်သူ ဗိုလ်မှူးမင်းမြတ်ဇော်(ငြိမ်း) အသက်(၄၄) နှစ်သည် ၂၇-၄-၂၀၁၅ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်မှူးကြီးမောင်မောင်မြင့် မိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း၊ ဇရပ် ဒါယိကာမကြီး**

## ဒေါ်ခင်ရွှေ (ဒါးပိန်မြို့)

**အသက်(၆၉)နှစ်**

ချစ်သူငယ်ချင်း အောင်မျိုးသူ၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်ရွှေသည် ၂၇-၄-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၀၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Oo tsu ka မြို့မှ ချစ်သူငယ်ချင်းများ (ခေတ္တ-ဂျပန်)**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါက်တာခင်ငြိမ်းလင်း

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ မျက်စိဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာခင်ငြိမ်းလင်း (မျက်စိအထူးကုဆရာဝန်ကြီး)သည် ၂၁-၄-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**IBTC Group of Companies**

---

# အပူဒဏ်ကြောင့် ငါးသေဆုံးမှု နှိုးဆော်ချက်

နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများထောင်လျက်ကူးခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ကန်အတွင်းသို့ ရေသွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ လေ့လှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင် အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်၊

ရေငွေ့ပျံခြင်းကြောင့် ကန်ထဲတွင်ရေလျော့နည်းကျဆင်းလာခြင်း၊ ကန်ထဲရှိ ငါးများ၏ စွန့်ပစ်အညစ်အကြေးများနှင့် စာကြွင်းစာကျန်များကြောင့် အမိုးနီးယားပါဝင်မှုနှုန်း မြင့်တက်လာစေနိုင်သဖြင့် ရေလျော့နည်းခြင်းကို ဂရုစိုက်ရမည်ဖြစ်ပြီး ရေလျော့နည်းခြင်းကြောင့် ကန်ထဲရှိငါးများတွင် ရောဂါကျရောက်တတ်ပါသဖြင့် ဩဇာခတ်ထည့်သွင်းခြင်းနှင့် ငါးထည့်သွင်းမွေးမြူနှုန်းကိုလည်း လျှော့ချထားရန်၊

ငါးမွေးမြူရေးကန်များ အပူချိန်ကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များဖြည့်သွင်းပေးရန်၊

ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်၊

အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်း မပြုလုပ်ရန်၊

ကန်ရေအရောင်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန်၊ (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိမည် ဖြစ်ပါသည်။)

ကန်ရေမြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေမည့် ကဇော်ဖတ်၊ ဝါစေ့ဖတ်များ ကျွေးခြင်းကိုရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ကျွေးမွေးရန်၊

အစာကျွေးပြီးပါက အစာကျန်များရှိ /မရှိ ပုံမှန်စစ်ဆေးရန်၊

မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်ရန်အတွက် ရေသိုလှောင်သည့် အရံကန်များ ထားရှိရန်၊

ရေလုံလောက်မှုမရှိပါက ငါးကန်များကို ငါးများပေါင်းထည့်ပြီးရေများဖြည့်တင်းပေးရန်နှင့် အခြားကန်များကို အခြောက်ခံခြင်းများ ပြုလုပ်သွားရန်၊

ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှု အခြေအနေများကို နေ့စဉ်နံနက်ပိုင်း (၆ နာရီ) တွင် ပုံမှန်စစ်ဆေးရန်၊

ငါးမွေးကန်၌ အပူဒဏ်ကြောင့် ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

---

# သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ပါမောက္ခ ဒေါက်တာဦးသာလှိုင်

**မနနလ၊ ဆေးရုံအုပ်ကြီး(ငြိမ်း)**
**အငြိမ်းစားသံအမတ်ကြီး၊ မော်ကွန်းဝင်(ဒုတိယဆင့်)**
**အသက်(၉၁)နှစ်**

ဦးကျော်မြင့်လှိုင် (ညွှန်ကြားရေးမှူးချုပ်၊ ဆည်မြောင်းဦးစီးဌာန)နှင့် ဇနီး ဒေါ်စန္ဒာခင် (ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)တို့၏ဘကြီး ပါမောက္ခ ဒေါက်တာဦးသာလှိုင် (မနနလ၊ ဆေးရုံအုပ်ကြီး၊ ငြိမ်း)၊ အငြိမ်းစားသံအမတ်ကြီး၊ မော်ကွန်းဝင်(ဒုတိယဆင့်)သည် ၂၇-၄-၂၀၁၅ရက် ညနေ ၆နာရီတွင် ရန်ကုန်မြို့ (SSC) ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**စက်မှုတိုင်(၁)၊ ဆည်မြောင်းဦးစီးဌာန**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ပါမောက္ခ ဒေါက်တာဦးသာလှိုင်

**မနနလ၊ ဆေးရုံအုပ်ကြီး(ငြိမ်း)**
**အငြိမ်းစားသံအမတ်ကြီး၊ မော်ကွန်းဝင်(ဒုတိယဆင့်)**
**အသက်(၉၁)နှစ်**

ဦးကျော်မြင့်လှိုင် (ညွှန်ကြားရေးမှူးချုပ်၊ ဆည်မြောင်းဦးစီးဌာန)နှင့် ဇနီး ဒေါ်စန္ဒာခင် (ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)တို့၏ဘကြီး ပါမောက္ခ ဒေါက်တာဦးသာလှိုင် (မနနလ၊ ဆေးရုံအုပ်ကြီး၊ ငြိမ်း)၊ အငြိမ်းစားသံအမတ်ကြီး၊ မော်ကွန်းဝင်(ဒုတိယဆင့်)သည် ၂၇-၄-၂၀၁၅ရက် ညနေ ၆နာရီတွင် ရန်ကုန်မြို့(SSC)ဆေးရုံကြီးတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာချုပ်(စက်မှု)နှင့် ဝန်ထမ်းမိသားစုများ**
**ဆည်မြောင်းဦးစီးဌာန၊ နေပြည်တော်**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## Capt. မျိုးညွန့်

**ရေကြောင်းအရာရှိချုပ်(ငြိမ်း)**
**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း**
**အသက်(၈၅)နှစ်**

ဆရာဦးမျိုးညွန့်သည် ၂၉-၄-၂၀၁၅ရက် နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်း**
**[CD(10), CE(8), CF(2)]**
**ကျောင်းဆင်းအရာရှိများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## Capt. မျိုးညွန့်

**ရေကြောင်းအရာရှိချုပ်(ငြိမ်း)**
**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း**
**အသက်(၈၅)နှစ်**

ဆရာဦးမျိုးညွန့်သည် ၂၉-၄-၂၀၁၅ရက် နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်းအပတ်စဉ်-၁(၁/၆၃)**
**ကျောင်းဆင်းအရာရှိများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## Captain မျိုးညွန့် (Director)

**Myanmar Marine Co.,Ltd.**

**အသက်(၈၅)နှစ်**

ဒေါ်စုစုလွင် (Mariner Shipping Enterprises Ltd.)၏ ခင်ပွန်း၊ ဒေါက်တာမေသူမျိုးညွန့်၏ဖခင်၊ Michelle ၏အဘိုး Captain မျိုးညွန့်သည် ၂၉-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Myanmar Marine Co.,Ltd.**
**မိသားစု**

---

## ဒေါ်တင်တင်အေး

**အသက်(၇၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ကန်ရိပ်မွန်ကွန်ဒို၊ အမှတ် ၈၀၄နေ (ဦးကြင်တွမ်-ဒေါ်တင်မြ)တို့၏တစ်ဦးတည်းသောသမီး၊ ဦးသော်ဇင်၏ချစ်လှစွာသောဇနီး၊ ဒေါ်သဇင်အေး၊ ဦးသက်ဇင်-ဒေါ်စောသီတာအေး၊ ဦးမျိုးသန့်ဇင်-ဒေါ်ယဉ်ယဉ်မြင့်၊ ဦးတင်ကိုကိုဇင်-ဒေါ်သွယ်မီမီစိုး၊ မမိုးစံပယ်အေး၊ ကိုစိုးမိုးအောင်-မခင်သူသူလွင်၊ ကိုမင်းမင်းအောင်-မလွင်မာထွဋ်၊ ကိုမင်းသန့်-မမိုးနှင်းဖြူတို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၂ယောက်တို့၏အဘွားသည် ၃၀-၄-၂၀၁၅ရက် ကြာသပတေးနေ့) နံနက် ၁း၃၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်ဘိကင်း (ဒိုက်ဦးမြို့)

**အသက်(၆၉)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ ဈေးပိုင်းရပ်ကွက်၊ ရေကျော်လမ်းနေ ဦးဟန့်စိန်၏ဇနီး၊ ဒေါ်ရော်လွမ်း(ခ)ကော်ကော်ကြီး၏အစ်မ၊ ကိုရင်မောင်ဦး-မသင်းသင်းကြွယ် (ရွှေဟင်္သာ လျှပ်စစ်စတိုး)၊ ကိုရင်မောင်အေး-မမြမြသက်၊ ကိုရင်မောင်ထွန်း-မစိုးလေး(ရွှေဟင်္သာ အိမ်ဆောက်ပစ္စည်း)၊ ကိုသန်းလင်းထိုက် (ဒီဇင်ဘာဖုန်းနှင့်ကွန်ပျူတာ)၊ ကိုရင်မောင်လင်း-မအေးမြသီတာ၊ မကေသီဟန်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၃၀-၄-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရွာတန်းရှည်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးခင်စိန်(ခ) ဦးကျော်ညွန့် (ငြိမ်း)

**အလုပ်ရုံစုမှူး(စီမံရေးဌာန)**
**ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း)**
**စက်မှုဝန်ထမ်းဟောင်းများအသင်း၊**
**အသင်းဝင်အမှတ်(၃၂၂၁)**
**အသက်(၉၃)နှစ်**

အင်းစိန်မြို့နယ်နေ (တပ်ကြပ်ကြီးအောင်ဇင်-ဒေါ်ခင်ဆန်းယဉ်)၊ ဦးဇော်မြင့် - ဒေါ်ခင်သန်းဝင်း (မူလတန်းကျောင်းအုပ်၊ လှည်းကူး)၊ ဦးထွန်းအေးလှ (ဦးစီးအရာရှိ၊ ဆည်မြောင်း)-ဒေါ်နီနီလွင်(အလက-၈၊ အင်းစိန်)၊ ဦးဇော်လွင်(M.M.B Co.,Ltd.)-ဒေါ်ဌေးဌေးမြင့်၊ ဦးဝင်းဇော် - ဒေါ်ခင်ဦးမြင့်၊ ဦးအောင်ဇော်မိုး (လ/ထ မန်နေဂျာ၊ EFI-အာမခံကုမ္ပဏီ)-ဒေါ်သက်သက်မူ၊ ဒေါ်ဝါဝါလွင် [ကာကွယ်ရေးဦးစီးချုပ်ရုံး၊ (ကြည်း)၊ ငွေစာရင်းဌာန]တို့၏ဖခင်၊ မသဥ္ဇာထွန်း(နည်းပြ၊ ထားဝယ်ကွန်ပျူတာ တက္ကသိုလ်)၏အဘိုး၊ မြေး ၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး၊ အင်းစိန်မြို့နယ်၊ ကွက်သစ် ၃လမ်း၊ အမှတ် ၉နေ (ဒေါ်စိုးတင်)၏ချစ်လှစွာသောခင်ပွန်းသည် ၃၀-၄-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**
**သက်ကြီးကန်တော့ခံ**

## ဦးဖေသက် (မြိတ်)

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၆လမ်း၊ အမှတ် ၂/Aနေ ဒေါ်ခင်မြင့်၏ ခင်ပွန်းသည် ၂၉-၄-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၅ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့

---

## ဦးမျိုးသန့် (စလင်း)

**ရုံးအဖွဲ့ခွဲမှူး(ငြိမ်း)**
**ကျန်းမာရေးဝန်ကြီးဌာန၊ဝန်ကြီးရုံး**
**အသက်(၇၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ မြသီရိလမ်း၊ အမှတ် ၃၅နေ(ဦးလှဘူး-ဒေါ်ကျင်ထွေး)တို့၏သား၊ (ဦးအောင်ခင်-ဒေါ်အေးအေးတင့်)၊ (ဒေါ်ခင်သန်းမြင့်)၊ ဦးခင်မောင်အေး၊ (ဦးတင်ဝင်းလတ်)-ဒေါ်အေးအေးကြည်တို့၏ ညီ/မောင်၊ ဒေါ်ဖြူဖြူအောင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဖြိုးသက်ကျော်-မချောချောလင်းတို့၏ ချစ်လှစွာသောဖခင်သည် ၂၉-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၅ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ကိုဝဏ္ဏထွန်း

**အသက်(၄၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ရွှေဝါလမ်းသွယ်၊ အမှုထမ်းရပ်ကွက်၊ အမှတ် ၂နေ ဦးထွန်းမြင့်-(ဒေါ်မာလာထင်)တို့၏သားကြီး၊ သာသနာပိုင်ကြီး ဂျေသန်းဖေ-ဒေါ်လေးကြိုင်တို့၏သားသမက်၊ မေရီနှင့်အယ်စတာတို့၏ဖခင်၊ အဲလစ်ဇဘက်ကြည်ကြည်သန်း၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၉-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁-၅-၂၀၁၅ရက် (သောကြာနေ့)ညနေ ၃နာရီတွင် သန်လျင်မြို့ ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော် (အမိုးနီသုသာန်)၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရားဒါယကာကြီး**

## ဦးခင်မောင်

**စာရေးဆရာ၊ သတင်းထောက်**
**မောင်ပွင့်စော (ပခုက္ကူ)**
**အသက်(၇၇)နှစ်**

ပခုက္ကူမြို့၊ (၄)ရပ်ကွက်၊ နေပြည်တော်လမ်းနေ ဒေါ်အမာ(ပွင့်ဦး-မြန်မာဆေးမျိုးစုံဆိုင်နှင့်သတင်းစာမျိုးစုံဖြန့်ချိရေးကိုယ်စားလှယ်)၏ခင်ပွန်း၊ ဦးမောင်မောင်ခင်(မြို့နယ်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ကွမ်းလုံမြို့)-ဒေါ်မျိုးသီရိထွန်း၊ ဦးစိုးမြင့်ဝင်း(သန်မြန်သူ အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး)-ဒေါ်ခင်မာမြင့်(မူလွန်-ဆုံကုန်း)၊ ဒေါ်သန္တာခင်၊ ဦးမောင်မောင်ထွေး(ချယ်ရီမြန်မာ၊ အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေး)-ဒေါ်စီစီမာ(ဓာတ်မှန်ဌာန၊ပခုက္ကူဆေးရုံကြီး)တို့၏ဖခင်ကြီး၊ မြေးငါးယောက်တို့၏အဘိုးသည် ၃၀-၄-၂၀၁၅ရက် နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၅ရက် ညနေ ၅နာရီတွင် ပခုက္ကူသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးမြင့်သောင်း (ငြိမ်း)

**(အိမ်မဲ/ရန်ကင်း)**
**OTS(43)**
**အသက်(၆၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၆)၊ အမှတ် ၂၇၂၊ အခန်း ၃နေ (ဦးမောင်နိုင်-ဒေါ်ခင်အေး)တို့၏သား၊ (ဦးမြင့်ဦး-ဒေါ်တင်တင်သန်း)၊ (ဒေါ်စန်းစန်းမြင့်)၊ (ဒေါ်ချိုချိုနိုင်)တို့၏ညီ/အစ်ကို၊ ဒေါ်အေးအေးသွင်(ထက်ပြ၊ ငြိမ်း၊ အထက-၁၊ ရန်ကင်း)၏ခင်ပွန်း၊ ဦးဝင်းကိုကို-ဒေါက်တာနှင်းသီတာမြင့်(ကျောင်းအုပ်၊ အထက ပျဉ်ပုံကြီး၊ ပဲခူး(ရှေ့)]၊ ဒုရဲအုပ်ထွန်းသော်တာမြင့်(ချောက်မြို့မရဲစခန်း၊ မကွေးတိုင်းဒေသကြီး)၊ ဗိုလ်မှူးထွန်းသူရိန်(လေကြောင်းရန်ကာကွယ်ရေးတပ်ရင်း၊ နမ့်စန်မြို့)-ဒေါ်မျိုးသီတာ [ကမ္ဘောဇဘဏ် (ရေနံချောင်း)]တို့၏ဖခင်သည် ၂၉-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၅ရက် ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးခင်ငွေ(ခ)ဦးတိုးမောင် (ခရမ်းမြို့)

**အသက်(၆၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ အမှတ် ၂၂၁၊ ကြာသပတေးလမ်းနေ (ဦးခဲကြည်-ဒေါ်ရင်လှ)တို့၏သား၊ ခရမ်းမြို့နေ (ဦးသိန်း-ဒေါ်ကျင်မြ)တို့၏သားသမက်၊ မောင်ဝေသော်လင်း၊ မောင်ဝေယံထက်(G.T.C 3rd year)၊ မောင်ကောင်းခန့်ဆွေ(နဝမတန်း၊ အထက-၅၊ ဗိုလ်တထောင်)တို့၏ဖခင်၊ ဒေါ်ငွေကြည်၏ခင်ပွန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ အမှတ် ၂၈၊ ၂လမ်းနေ ဦးခင်ငွေ(ခ)ဦးတိုးမောင်သည် ၂၉-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၅ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးစစ်လွင်(ခ) ဦးစစ်လွင်ဦး (မြောင်းမြ)

**B.E (Mechanical)**
**စက်ရုံမှူး(ငြိမ်း)**
**ဒေါပုံကော်ဇောစက်ရုံ**
**အသက်(၇၅)နှစ်**

မြောင်းမြမြို့နေ (ဦးကျင်ဟုံ-ဒေါ်စောမယ်)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပုသိမ်လမ်း၊အမှတ် ၂၄နေ (ဦးလှဖေ-ဒေါ်တင်ညွန့်)တို့၏သားသမက်၊ဒေါ်မိမိ(ညွှန်ကြားရေးမှူး၊ငြိမ်း၊ ဗဟိုဘဏ်)၏ခင်ပွန်း၊ (ဦးပတ္တမြားဦး - ဒေါ်ခင်ထွေးမြင့်)၊ ဦးသရဖူဦး (PCML) - ဒေါ်ယဉ်သီတာထက် (PCML) တို့၏ဖခင်၊ မောင်စည်သူကောင်းဆက်၊ မောင်သော်ဘုန်းထက်တို့၏အဘိုးသည် ၃၀-၄-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၀း၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၅ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးကြည်ညွန့်

**Electrical နည်းပြဆရာ(I.T.C)**
**အသက်(၆၀)**

ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့နေ (ဦးတင်ဦး) - ဒေါ်နွယ်မြင့်တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ သန္ဓေပင်ကျေးရွာနေ (ဦးထွန်းခင်-ဒေါ်တင်အေး)တို့၏သားသမက်၊ မှော်ဘီမြို့၊ သန္ဓေပင်ကျေးရွာ၊ ပြည်လမ်းနေ ဒေါ်ရင်ရွှေ၏ခင်ပွန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ မောင်ရန်နိုင်-မစန်းသီတာဝင်း၊ မှော်ဘီမြို့၊ သန္ဓေပင်ကျေးရွာနေ မစုရည်လှိုင်၊ မခင်ဆွေမွန် (နည်းပြ၊ ဗိသုကာဌာန၊ ရ န်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်)တို့၏ ဖခင်၊ မောင်ရန်ပိုင်ဦး၊ မဆုမြတ်ကာရန်တို့၏အဘိုးသည် ၂၉-၄-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၅ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင်မှော်ဘီမြို့ ကိုးနဝင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးတင်ဝင်း

**B.A, R.A Japaness Dip;**
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့နေ (ဒေါက်တာဦးအောင်ခင် - ဒေါ်ခင်ကြည်)တို့၏ သားကြီး၊ (ဦးမင်းနိုင် - ဒေါ်တင်မေ-ဒေါ်ခင်ခင်ညို)တို့၏သားသမက်၊ ဒေါက်တာဒေါ်မေဝင်းအောင်(သူနာပြုတက္ကသိုလ်ပါမောက္ခချုပ်၊ ငြိမ်း)၊ ဒေါက်တာဦးမျိုးအောင်ခင်၊ ဒေါက်တာဦးမြင့်အောင်ခင်-ဒေါက်တာဒေါ်လှလှချစ်၊ ဦးတင်ထွဋ် (ဒုညွှန်မှူး၊ နိုင်ငံခြားရေး၊ ငြိမ်း)-ဒေါ်ကြည်ကြည်အောင်ခင်၊ (ဦးမျိုးမြင့်အောင်ခင်)၊ ဦးသိန်းအောင် (Singapore) - ဒေါ်မေမြင့်အောင်ခင် (အငြိမ်းစားအရာရှိ၊ ကစလ-၂၊မလွန်)၊ ဦးသိန်းထွန်း (Australia) - ဒေါ် Marilynn အောင်ခင်(Legal Adviser ဦးပိုင်လီမိတက်)တို့၏အစ်ကိုကြီး၊တူ/တူမ ၁၈ယောက်တို့၏ဘကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၂)တိုးချဲ့၊ ငွေပြည်သာ ၄လမ်း၊ အမှတ် ၁၁၃၇နေ ဦးမျိုးသူရထွန်း-ဒေါ်သက်မွန်အောင်၊ ဦးကျော်သူရထွန်း(San Francisco, U.S.A)-Mrs.Peem Sathienthirakulတို့၏ဖခင်၊ မောင်မျိုးသက်မင်း(2nd B.D.S)၊ Pithiyapa Lillian Khin,Sinvipa Vivian Khin, Kavaweik Bvent Khin တို့၏အဘိုး၊ ဒေါ်ခင်ခင်နိုင်၏ခင်ပွန်းသည် ၂၉-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

# ဒေသခံလူငယ်များ၊ ရော်ဘာစိုက်ပျိုးသူများအတွက် မြန်မာနိုင်ငံ၌ ပထမဆုံးရော်ဘာစေးသန့်စင်စက်ရုံ



သတင်း-မောင်မောင်မြင့်ဆွေ ➤ ဓာတ်ပုံ-တင်စိုး(မြန်/လင်း)

**ရန်ကုန်  ဧပြီ  ၃၀**

စိမ်းညို့နေသော ရော်ဘာစိုက်ခင်းများကို တနင်္သာရီတိုင်းဒေသကြီးတွင် ကားလမ်းဘေးဝဲယာတစ်လျှောက်နှင့် တောင်ကုန်းတောင်ကြောများ၌ မြင်တွေ့ရသည်။ မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးမှုဒုတိယအများဆုံးမှာ တနင်္သာရီတိုင်းဒေသကြီးဖြစ်ပြီး ပထမအများဆုံးစိုက်ပျိုးမှုမှာ မွန်ပြည်နယ်ဖြစ်သည်။ ယခု တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်တွင် မြန်မာနိုင်ငံ၌ ပထမဆုံးဖြစ်သော ရော်ဘာစေးသန့်စင်စက်ရုံကိုတည်ဆောက်ထားပြီဖြစ်ရာ မကြာမီကာလအတွင်း ပြီးစီးတော့မည်ဖြစ်သည်။

"အခုလို ရော်ဘာစေးသန့်စင်စက်ရုံ ကျွန်တော်တို့ဆီမှာလာတည်ဆောက်တာ အလွန်ဝမ်းသာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်အပါအဝင် ရော်ဘာစိုက်ပျိုးသူတွေဟာ ရော်ဘာထုတ်လုပ်ရောင်းချတဲ့အခါ အခက်အခဲအများကြီး ကြုံတွေ့ရပါတယ်။ အခုဒီစက်ရုံကြောင့် ရော်ဘာစေးကို ထုတ်ယူပြီး တိုက်ရိုက်ရောင်းချလို့ရသွားတာကြောင့် ဖြစ်ပါတယ်"ဟု ဒေသခံ ရော်ဘာစိုက်ပျိုးသူ ဦးသန်းမြင့်က ပြောသည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ❍

# မြိုင်ကလေး သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိ

*စာမျက်နှာ-၁၂*



မြန်မာနှင့်ဟန်ဂေရီအသင်းတို့ ခြေစမ်းနေစဉ်။

# ဥရောပခြေစမ်း ခရီးစဉ်နောက်ဆုံးပွဲတွင် မြန်မာ ယူ-၂၀ အသင်းရှုံးနိမ့်

**ရန်ကုန်  ဧပြီ  ၃၀**

နယူးဇီလန်နိုင်ငံတွင် ကျင်းပမည့် ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာယူ-၂၀ အသင်းနှင့် ဟန်ဂေရီယူ-၂၀ အသင်းတို့သည် ဧပြီ ၂၉ ရက် ညပိုင်းက ဟန်ဂေရီနိုင်ငံတွင် ခြေစမ်းကစားရာ မြန်မာအသင်းမှာ သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။

မြန်မာယူ-၂၀ အသင်းသည် အမာခံအားကစားသမားများဖြစ်သည့် ကျော်မင်းဦး၊ ငြိမ်းချမ်းအောင်၊ သီဟထက်အောင်၊ မျိုးမင်းလတ်တို့ကို ပွဲထွက်လူစာရင်း၌ အသုံးမပြုဘဲ

*စာမျက်နှာ ၅ ကော်လံ ၆* ✳

# မြန်မာယူ-၂၃ အသင်း ဆီးဂိမ်းနှင့် နိုင်ငံတကာခြေစမ်းပွဲများအတွက် အပြီးသတ်လူရွေး

**ရန်ကုန်  ဧပြီ  ၃၀**

(၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲနှင့်မေလအတွင်းယှဉ်ပြိုင်ရမည့် နိုင်ငံတကာ ခြေစမ်းပွဲများအတွက် မြန်မာယူ-၂၃ အသင်းသည် အပြီးသတ်ကစားသမား ၂၃ ဦးကို ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာယူ-၂၃ အသင်းတွင် အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ နည်းပြချုပ်ဦးကြည်လွင်၊ လက်ထောက်နည်းပြ ဦးကျော်လွင်နှင့်ဦးမြင့်ကို၊ ဂိုးနည်းပြ ဦးအောင်သက်၊ ကစားသမားများအဖြစ် ဂိုးသမား-ကျော်ဇင်ဖြိုး၊ ချမ်းငြိမ်းကျော်၊ အောင်ဝေဖြိုး၊ နောက်တန်း-ရဲဝင်းအောင်၊ ကျော်ဇင်လွင်၊ သောင်လပ်ထန်၊ ကိုကိုဟိန်း၊ ဖြိုးကိုကိုသိန်း၊ စည်သူအောင်၊ ဟိန်းသီဟဇော်၊ သိန်းနိုင်ဦး၊ အလယ်တန်း-နေလင်းထွန်း၊ ချစ်စုမိုး၊ လှိုင်းဘိုဘို၊ အောင်ရှိုးသာမောင်၊ ရဲကိုဦး၊ ဇွန်မိုးအောင်၊ သီဟဇော်၊ အောင်ကျော်နိုင်၊ ဝင်းဇင်ဦး၊ ရှေ့တန်း-ကောင်းဆက်နိုင်၊ ရှိုင်းသူရနှင့်သန်းထက်အောင်တို့ပါဝင်ကြသည်။

*စာမျက်နှာ ၁၂ ကော်လံ ၄* ❖

ယနေ့ မာတိကာ

ဂျပန်-အမေရိကန် မဟာမိတ်မျှော်လင့်ချက် အာဘေး အလေးထားဖော်ဆောင် စာမျက်နှာ ၄
တရားမဝင် လောင်စာဆီဆိုင်နှစ်ဆိုင် ဖမ်းဆီး စာမျက်နှာ ၅
ဆက်ကြေးကောက်ခံနေသော TNLA အဖွဲ့နှင့် တပ်မတော်စစ်ကြောင်းများ ထိတွေ့တိုက်ခိုက်မှု ဖြစ်ပွား စာမျက်နှာ ၁၃


ဒေဝယက္ခမန်းဆေးနဲ့တွေ့ရင် အဖုအကျိတ်ဆို ပေါင်ဒါဘူးထဲ ထည့်လို့ရအောင်မှုန့်သွားမယ်
ဒေဝယက္ခ အကျိတ်ကြေ အကာမြှုမန်းဆေး
ဒေဝယက္ခ
Design - Myint Soe (Lin)

R/488
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

မြန်မာ့အလင်း

၂၀၁၅ခုနှစ်၊ မေ ၁ ရက်၊ သောကြာနေ့။




ခရီးသွား

**ကဒူး၊ ကနန်းဒေသ အရောက်သွားလို့ ဇလုံတောင်ဘုရားဖူးစို့ကွယ်**

စာ - ၃



ပြည်တွင်းရေးရာ

**အလှမ်းမဝေးတော့ပြီ ...**

စာ - ၄



ပြည်တွင်းရေးရာ

**အသွင်ဆန်း၊အမြင်ဆန်း၊ အံ့မခန်း မြန်မာ့ရိုးရာ စဉ့်ထည်လုပ်ငန်း**

စာ - ၆





# ဂွာဒီယိုလာရဲ့ ရင်ခွင်အောက်မှာအစွမ်းကုန် ခြေစွမ်းပြနေတဲ့ အယ်ကန်တာရာ

စာ - ၇

လက်ရှိအချိန်မှာ အယ်ကန်တာရာရဲ့ ဘောလုံး ပေးပို့နိုင်မှုတွေဟာ အမြင့်ဆုံး ရှိနေတာကြောင့် တစ်ချိန်က ကွင်းလယ် ပိုင်းမှာ နာမည်ကြီးခဲ့တဲ့မန်ယူကွင်းလယ် ကစားသမား ပေါလ်စခိုးလ်နဲ့တောင် နှိုင်းယှဉ်။

## ပရီမီယာလိဂ်ပွဲစဉ်(၃၊)

| | | | | |
|---|---|---|---|---|
| **စနေနေ့ (၂-၅-၁၅)** | | | | |
| ည ၆း၁၅ | လက်စတာ | ☐ - ☐ | ကာဆယ် | |
| ည ၈း၃၀ | ဗီလာ | ☐ - ☐ | အဲဗာတန် | |
| ည ၈း၃၀ | လီဗာပူး | ☐ - ☐ | ကျူပီအာ | |
| ည ၈း၃၀ | ဆန်းဒါးလန်း | ☐ - ☐ | ဆောက်သမ်တန် | |
| ည ၈း၃၀ | ဆွမ်ဆီး | ☐ - ☐ | စတုတ် | |
| ည ၈း၃၀ | ဝက်စ်ဟမ်း | ☐ - ☐ | ဘန်လေ | |
| ည ၁၁း၀၀ | မန်ယူ | ☐ - ☐ | ဝက်စ်ဘရွန်း | |
| **တနင်္ဂနွေနေ့ (၃-၅-၁၅)** | | | | |
| ည ၇း၀၀ | ချယ်လ်ဆီး | ☐ - ☐ | ပဲလေ့စ် | |
| ည ၉း၃၀ | စပါး | ☐ - ☐ | မန်စီးတီး | |
| **တနင်္လာနေ့ (၄-၅-၁၅)** | | | | |
| နံနက် ၁း၃၀ | ဟားလ် | ☐ - ☐ | အာဆင်နယ် | |

## ဘွန်ဒက်စ်လီဂါပွဲစဉ်(၃၁)

| | | | |
|---|---|---|---|
| **စနေနေ့ (၂-၅-၁၅)** | | | |
| ည ၈း၀၀ | ရှော်လ်ကေး | ☐ - ☐ | စတုဂတ် |
| ည ၈း၀၀ | ဝုဖ်ဘတ် | ☐ - ☐ | ဟန်နိုဗာ |
| ည ၈း၀၀ | အော့စ်ဘတ် | ☐ - ☐ | ကိုလုံး |
| ည ၈း၀၀ | ဟော့ဖန်ဟိန်း | ☐ - ☐ | ဒေါ့မွန် |
| ည ၈း၀၀ | ဝါဒါဘရီမင် | ☐ - ☐ | ဖရန့်ဖတ် |
| ည ၈း၀၀ | ဖရိုင်းဘတ် | ☐ - ☐ | ပါဒါဘွန် |
| ည ၁၁း၀၀ | လေဗာကူဆင် | ☐ - ☐ | ဘိုင်ယန် |
| **တနင်္ဂနွေနေ့ (၃-၅-၁၅)** | | | |
| ည ၈း၀၀ | မိန့်ဇ် | ☐ - ☐ | ဟမ်းဘတ် |
| ည ၁၀း၀၀ | ဟာသာဘာလင် | ☐ - ☐ | ဂလာဘတ် |

## စပိန်လာလီဂါပွဲစဉ်(၃၅)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁-၅-၁၅)** | | | |
| နံနက် ၁း၁၅ | ဆိုစီဒက် | ☐ - ☐ | လီဗန်တေး |
| **စနေနေ့ (၂-၅-၁၅)** | | | |
| ည ၈း၃၀ | ကော်ဒိုဘာ | ☐ - ☐ | ဘာစီလိုနာ |
| ည ၁၀း၃၀ | အက်သလက် | ☐ - ☐ | ဘီဘာအို |
| နံနက် ၀၀း၃၀ | ဆီဗီလာ | ☐ - ☐ | ရီးရဲ |
| နံနက် ၂း၃၀ | ဒီပို့တီဗို | ☐ - ☐ | ဗီလာရီးရဲ |
| **တနင်္ဂနွေနေ့ (၃-၅-၁၅)** | | | |
| ညနေ ၄း၃၀ | အက်စ်ပန်ညို | ☐ - ☐ | ဗယ်လက်ကာနို |
| ည ၉း၃၀ | ဂီတာဖေး | ☐ - ☐ | ဂရန်နာဒါ |
| ည ၁၁း၃၀ | ဗလင်စီယာ | ☐ - ☐ | အီဘား |
| နံနက် ၁း၃၀ | မာလာဂါ | ☐ - ☐ | အယ်လ်ချီ |
| **တနင်္လာနေ့ (၄-၅-၁၅)** | | | |
| နံနက် ၁း၁၅ | အယ်မာရီးယား | ☐ - ☐ | ဆယ်တာဗီဂို |

UEFA
CHAMPIONS
LEAGUE

## ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ပထမအကျော့

| | | | |
|---|---|---|---|
| **အင်္ဂါနေ့ (၅-၅-၁၅)** | | | |
| နံနက် ၁း၁၅ | ဂျူဗင်တပ်စ် | ☐ - ☐ | ရီးရဲ |
| **ဗုဒ္ဓဟူးနေ့ (၆-၅-၁၅)** | | | |
| နံနက် ၁း၁၅ | ဘာစီလိုနာ | ☐ - ☐ | ဘိုင်ယန် |

# ချီးကျူးရမယ့် ပေါ်တို

ဝေမိုးဆက်

**ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ဒုတိယအကျော့မှာ ပေါ်တိုဟာ ဘိုင်ယန်ကို ၆-၁ နဲ့ ဂိုးပြတ်ရှုံးတယ်။ အဲ့ဒီအရှုံးကြောင့် သူတို့ဟာ နှစ်ကျော့ပေါင်းရလဒ် ၇-၄ နဲ့ အရေးနိမ့်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲကို လက်ပြနှုတ်ဆက်ရမှုနဲ့အတူ ၂၀၀၃-၀၄ ရာသီနောက်ပိုင်း ချန်ပီယံလိဂ်ပြိုင်ပွဲအတွင်း ပထမဆုံးအကြိမ်အဖြစ် ဆီမီးဖိုင်နယ်အထိ တက်လှမ်းနိုင်မယ့်အခြေအနေကိုပါ စွန့်လွှတ်လိုက်ရတော့ သူတို့အပေါ် ကရုဏာသက်ကုန်ကြတယ်။ ပြောရရင် သူတို့ဟာ ဒုတိယအကျော့မှာ ၆-၁ ဆိုတဲ့ရလဒ်နဲ့ ပြတ်ပြတ်သားသားရှုံးခဲ့လို့သာ ဒီလိုပြိုင်ပွဲကထွက်ခဲ့ရတာဖြစ်ပြီး ပထမအကျော့မှာတုန်းကဆိုရင် ဘယ်သူမှမထင်မှတ်တဲ့ကြားက ဘိုင်ယန်ကို ၃-၁ နဲ့ အနိုင်ယူပြထားတဲ့အသင်းဖြစ်တော့။ သူတို့ရဲ့ ဆီမီးဖိုင်နယ်တက်လှမ်းနိုင်ခွင့်ပျောက်ဆုံးခြင်းအပေါ် ကရုဏာထားကုန်ကြတဲ့အပြင် အဲ့ဒီလိုဆီမီးမတက်နိုင်သော်ငြား သူတို့အပေါ် အသိအမှတ်ပြုချီးကျူးကုန်ကြတယ်။**



### ရင်ပေါင်မတန်းနိုင်တဲ့သူ

အထူးသဖြင့်ပေါ့။ သူတို့ဟာ ဥရောပရဲ့ အထင်ကရအသင်းမဟုတ်ဘူး။ ဥရောပချန်ပီယံလိဂ်မှာ အစဉ်အလာရှိတဲ့ အသင်းတစ်သင်းဖြစ်သော်ငြား သူတို့မှာ ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်၊ ဘိုင်ယန်မြူးနစ်တို့လို ကမ္ဘာကျော်အသင်းကြီးတွေနဲ့ ပခုံးချင်းယှဉ်နိုင်လောက်တဲ့ ငွေအင်အား ကျောထောက်နောက်ခံနဲ့ ကစားသမားအရင်းအမြစ် ပေါကြွယ်ဝမှုမရှိဘူး။ အရှင်းဆုံးပြောရရင် သူတို့ကျင်လည်နေတဲ့ ပေါ်တူဂီအမှတ်ပေးပြိုင်ပွဲကိုက ပရိသတ်ကို ဆွဲဆောင်နိုင်အားနဲ့ ဈေးကွက်အရ ချဲ့ထွင်နိုင်စွမ်းမရှိဘူး။ အဲ့ဒီအကျိုးဆက်အဖြစ် သူတို့ဟာ ဝင်ငွေအရ နိမ့်နိမ့်ပါးပါးရှိသလို ဈေးကွက်အတွင်းမှာလည်း ထိပ်တန်းအသင်းကြီးတွေနဲ့အပြိုင် ငွေပုံသုံးပြီး ကစားသမားကောင်းတွေကို မခေါ်ယူနိုင်တဲ့ကြားက အခုလို ဆီမီးရောက်လုလု အခြေအနေဖြစ်ပြီးမှ မရောက်တဲ့အပေါ် အပြစ်မမြင်ကြတဲ့အပြင် သူတို့ရဲ့ လုပ်နိုင်အားအပေါ် အသိအမှတ်ပြုပြီး ချီးကျူးကုန်ကြတာပဲဖြစ်တယ်။

ပြောမယ်ဆိုရင်။ သူတို့ဟာ သူတို့ထက် ငွေအင်အားအရရော၊ ကစားသမားအရင်းအမြစ်အရပါ တောင့်တင်းပါတယ်ဆိုတဲ့ ချယ်လ်ဆီး၊ မန်စီးတီးတို့မရောက်နိုင်တဲ့ ကွာတားအဆင့်ကို တက်ပြတယ်။ အဲ့ဒီကတည်းကကိုက သူတို့ရဲ့လုပ်နိုင်အားအပေါ် အသိအမှတ်မပြုလို့ကို မရတော့ဘူး။ အထူးသဖြင့် သူတို့ဟာ ကစားသမားရှာဖွေခေါ်ယူရာမှာ သိပ်ကိုထိမိကောင်းမွန်တယ်။ ပြီးတော့ အဲ့ဒီကစားသမားတွေကို အရောင်မြှင့်ဆွဲတင်ရာမှာလည်း ထက်ထက်မြက်မြက်ရှိတယ်။ ပြောရရင် အဲဒီနည်းနဲ့ပဲ သူတို့ဟာ ဥရောပဘောလုံးလောကမှာ ကာလရှည်ရပ်တည်ခဲ့တာ။

### နှစ်ဖက်လှလုပ်ရပ်

အထူးသဖြင့်ပေါ့။ သူတို့ဟာ ပြောခဲ့ပြီးသလို ငွေအင်အားကျောထောက်နောက်ခံ တောင့်တင်းမှုမရှိတဲ့အတွက် ဈေးကွက်အတွင်း အသင်းကြီးတွေနဲ့ ရင်ပေါင်တန်းတိုးဝင်နိုင်စွမ်းမရှိဘူး။ အဲဒီအတွက် ထိပ်တန်းကစားသမားတွေကိုလည်း ခေါ်ယူ နိုင်စွမ်းမရှိဘူး။ ဒါပေမယ့် သူတို့ရဲ့ ကစားသမားခေါ်ယူရေးကင်းထောက်တွေဟာ ထက်မြက်တယ်။ ထဲထဲဝင်ဝင်ရှာဖွေနိုင်စွမ်းရှိတယ်။

ပြောရမယ်ဆိုရင်။ ကာဗယ်ဟို၊ ဒေကို၊ ဖာရာယာ၊ ပီပီ၊ ဘိုဆင်ဝါ၊ လူချိုဂွန်ဇာလက်စ်၊ ဖယ်ကာအို၊ မီရာလက်စ်၊ ဟက်ခ်၊ မော်တင်ဟို၊ ဂျိမ်းရိုဒရီကွက်ဇ်၊ ဖာနန်ဒို၊ မန်ဂါလာ၊ ဖာဘီယာနို စတဲ့ ယနေ့ဥရောပ ဘောလုံးလောကမှာ နာမည်ရနေသူတွေနဲ့ နာမည်ရခဲ့သူတွေကို သူတို့စတွေ့ခဲ့တယ်။ ပြီးတော့ အဲဒီကစားသမားတွေကို စနစ်တကျပျိုးထောင်ပြီး အဲဒီကစားသမားတွေရဲ့အားနဲ့ပဲ ကွင်းအတွင်း တူတူတန်တန်ရပ်တည်ခဲ့တာဖြစ်သလို အဲဒီကစားသမားတွေ ပြန်လည်ရောင်းချမှုကနေပါ ငွေကြေးအကျိုးအမြတ်ရယူခဲ့တဲ့ သူတို့ရဲ့ လုပ်နည်းလုပ်ဟန်ဟာ အသိအမှတ်ပြုကို ပြုရမယ့်အနေအထားဖြစ်တယ်။

အရှင်းဆုံးပြောရရင်။ ပြီးခဲ့တဲ့ ၁၁ နှစ်အတွင်း သူတို့ဟာ ပေါင်သန်း ၄၄၀ အထိ အကျိုးအမြတ်ရခဲ့သလို အဲ့ဒီကာလအတွင်း သူတို့ဟာ ပေါ်တူဂီအမှတ်ပေးချန်ပီယံ (၇)ကြိမ်၊ ပေါ်တူဂီ ရှုံးထွက်ချန်ပီယံ (၄) ကြိမ်၊ ပေါ်တူဂီစူပါဖလား (၆) ကြိမ်ရတဲ့အထိ ပြည်တွင်းမှာ အောင်ပွဲယူနိုင်သလို ယူရိုပါလိဂ်ဆုဖလား တစ်ကြိမ်ကိုပါ ရယူနိုင်တဲ့အထိ ဥရောပမှာလည်း ထိုးခွဲထွက်နိုင်တဲ့အခါ။ သူတို့ရဲ့ မျှခြေရှိတဲ့လုပ်ကွက်ဟာ အသိအမှတ်ပြုကို ပြုရမယ်။

### အစားထိုးနိုင်အား

အခု ရီးရဲကို နောက်ဆုံးအနေနဲ့ရောင်းထားတဲ့ ဒါနီလိုကို သူတို့ခေါ်တုန်းကဆိုရင် ယူရို ၁၈ သန်းလောက် သာပေးရတယ်။ အခုထုတ်ရောင်းတဲ့ ပြောင်းရွှေ့ဈေးက ယူရို ၃၁ ဒသမ ၅ သန်း။ အဲ့ဒီမှာ သူတို့ဟာ ယူရို ၁၄ သန်းလောက် အမြတ်ထွက်သလို ဒါနီလိုကို ဘောလုံးရာသီ လေးရာသီလောက် အကောင်းဆုံးအသုံးပြုပြီး ကွင်းအတွင်းမှာပါ အကျိုးအမြတ်ယူခဲ့တာ။ ပြီးခဲ့တဲ့နွေတုန်းကလည်း မန်ဂါလာနဲ့ ဖာနန်ဒိုနှစ်ဦးကို ယူရို ၄၂ ဒသမ ၅ သန်းနဲ့ ရောင်းချခဲ့ရာမှာလည်း အကျိုးအမြတ်တွေရတယ်။ ဖာနန်ဒိုကို ယူရို ၁၂ သန်းနဲ့ရောင်းရာမှာ ၈၀ ရာခိုင်နှုန်းအထိ အကျိုးအမြတ်ရခဲ့ပြီး မန်ဂါလာကို ယူရို ၃၀ ဒသမ ၅ သန်းနဲ့ ရောင်းခဲ့ရာမှာလည်း ၅၅ ရာခိုင်နှုန်းလောက်အထိ အကျိုးအမြတ်ရခဲ့တယ်။ ပြီးတော့ အဲ့ဒီနှစ်ဦးကို ထုတ်ရောင်းခဲ့ပေမယ့် အသင်းကလည်း အထိုင်ပျက်မသွားခဲ့တဲ့အပြင် ဒီနှစ်မှာ ချန်ပီယံလိဂ်ပြိုင်ပွဲအတွင်း ဆီမီးအဆင့်အထိ ရောက်လုနီးနီးဖြစ်ခဲ့တာဆိုတော့။ သူတို့ကို ဘယ်လိုမှမချီးကျူးလို့မရဘူး။

အရှင်းဆုံးပြောရရင်။ သူတို့ဟာ ၂၀၁၁ မှာ ဖယ်ကာအိုကို ယူရိုသန်း ၄၀ နဲ့ ထုတ်ရောင်းခဲ့ဖူးတယ်။ အဲ့ဒီ မတိုင်ခင်မှာ ဂျိမ်းရိုဒရီကွက်ဇ်ကို ယူရို ၅ သန်းတည်းနဲ့ ကြိုခေါ်ထားခဲ့ပြီး ရှိရင်းစွဲ ဟက်ခ်နဲ့ပေါင်းဖက်တည်ဆောက်လိုက်တဲ့အခါ။ ဖယ်ကာအိုကို ရောင်းပြီးတဲ့နောက်မှာ အသင်းရဲ့ထိုးစစ်ဟာ ကျမသွားဘူး။ ဂျိမ်းရိုဒရီဂွတ်ဇ်ရဲ့ ခြေစွမ်းပြမှုနဲ့အတူ ထက်မြက်ခဲ့သလို အဲ့ဒီဂျိမ်းရိုဒရီဂွက်ဇ်ကို ပြန်ရောင်းတော့လည်း ယူရိုသန်း ၄၀ အထိရသွားတယ်။ ဂျိမ်းရိုဒရီဂွက်ဇ်နဲ့ ဟက်ခ်တို့ မရှိတဲ့နောက်မှာလည်း အခု ဂျက်ဆန်မာတီးနက်ဇ်နဲ့ ချက်ချင်းအစားထိုးထားနိုင်တော့။ သူတို့ရဲ့ တိုက်စစ်အားဟာ ဆက်လက်တောင့်တင်းနေဆဲပဲဖြစ်တယ်။

### ချီးကျူးရမယ့်ပေါ်တို

ပြောရမယ်ဆိုရင်။ အဲ့ဒီ ဂျက်ဆန်မာတီးနက်ဇ်ကို ခေါ်ယူတုန်းကဆိုရင် အမေရိကန်ဒေါ်လာ ၁၁ သန်းသာပေးခဲ့ရတာ။ အခု သူရဲ့ ခြေစွမ်းပြမှုနဲ့အတူ တကယ်လို့သာ ထုတ်ရောင်းမယ်ဆိုရင် ပေါင်သန်း ၂၀ နဲ့ ၃၀ ကြားမှာရှိနေတယ်။ အရှင်းဆုံးပြောမယ် အဲ့ဒီ ဂျက်ဆန်မာတီးနက်ဇ်ကိုလည်း ဂျိမ်းရိုဒရီဂွက်ဇ်ကို မရောင်းခင်ကလေးတင်ကမှ ကပ်ပြီးခေါ်ခဲ့တာဆိုတော့။ သူတို့ရဲ့ အမြော်အမြင်ရှိမှုဟာလည်း ချီးကျူးရမယ့်အချက်တစ်ခုလို ဖြစ်လာတယ်။

ပြောချင်တာက သူတို့ဟာ ပြောခဲ့ပြီးသလို ကစားသမားကောင်းမြောက်မြားစွာကို ဈေးကောင်းကောင်းနဲ့ ရောင်းချခဲ့တာမှန်တယ်။ ဒါပေမယ့် လက်လွှတ်စပယ် ရောင်းချမှုမျိုးမဟုတ်ဘူး။ သူတို့ဟာ အရန်သင့် အစားထိုးနိုင်ဖို့အတွက် အဆက်မပြတ်ဖန်တီးထားကြတယ်။ အစားထိုးနိုင်ချိန်ရောက်မှ ရောင်းသင့်သူကိုရောင်းပြီး ငွေရှာတယ်။ ဒါကြောင့် သူတို့ဟာ ငွေကြေးအကျိုးအမြတ် သိသိသာသာရသလို မျိုးဆက်ပြတ်မသွားဘဲ အစဉ်အဆက်တန်းမီတဲ့ အသင်းတစ်သင်းအဖြစ် ရပ်တည်နိုင်ခဲ့တာပါလို့ လက်ခံယုံကြည်ကြတယ်။

ပြောရမယ်ဆိုရင် သူတို့ဟာ ဒေကို၊ ကာဗယ်ဟို၊ ဖာရာယာ၊ ပီပီ၊ ဘိုဆင်ဝါ၊ လူချိုဂွန်ဇာလက်စ်၊ ဖယ်ကာအို၊ မီရာလက်စ်၊ ဟက်ခ်၊ မော်တင်ဟို၊ ဂျိမ်းရိုဒရီဂွက်ဇ်၊ ဖာနန်ဒို၊ မန်ဂါလာ၊ ဖာဘီယာနိုစတဲ့ ထိပ်တန်းကစားသမားအတော်များများကို ရောင်းချခဲ့ဖူးသော်ငြား။ ပြောခဲ့ပြီးတဲ့ အောင်မြင်မှုတွေကိုရတယ်။ ပြီးတော့ အဲ့ဒီ ၁၁ နှစ်အတွင်းမှာ ချန်ပီယံလိဂ် ပြိုင်ပွဲအတွင်း အုပ်စုအဆင့်ကထွက်ရတာ သုံးကြိမ်သာရှိတယ်။ မနှစ်ကလည်း ယူရိုပါလိဂ်မှာ ကွာတားရောက်တယ်။ ဒီနှစ်လည်း ချန်ပီယံလိဂ်မှာ ကွာတားအဆင့်အထိရောက်ပြီး ဆီမီးတက်လုနီးနီး လုပ်ဆောင်နိုင်တယ်ဆိုတော့။

သေချာတယ်။ သူတို့ဟာ ဒီရာသီမှာ ၂၀၀၃-၀၄ ဘောလုံးရာသီနောက်ပိုင်း ချန်ပီယံလိဂ်မှာ ပထမဆုံးအကြိမ် ဆီမီးတက်နိုင်ခွင့်နဲ့ လွဲချော်ခဲ့သော်ငြား။ သူတို့အပေါ် အသိအမှတ်မပြု မချီးကျူးလို့ကိုမရတော့ဘူး။


## ရာသီလက်ကျန်ပွဲများတွင် လီဗာပူးတိုက်စစ်မှူး စတာရစ် ပါဝင်နိုင်ရန်မသေချာ

**လီဗာပူးအသင်းတိုက်စစ်မှူး ဒန်နီစတာရစ်သည် ယခုနှစ်ဘောလုံးရာသီ၏ လက်ကျန်ပွဲစဉ်များတွင် ပါဝင်ကစားနိုင်ဖွယ်မရှိတော့ကြောင်း လီဗာပူးအသင်းမန်နေဂျာ ဘရီဒန်ရော်ဂျာစ်က အတည်ပြုပြောဆိုလိုက်သည်။ အသက် ၂၅ နှစ်အရွယ်ရှိ အင်္ဂလန်တိုက်စစ်မှူး စတာရစ်သည် ပြီးခဲ့သည့် ဧပြီ ၉ ရက်တွင် လီဗာပူးက ဘလက်ဘန်းအသင်းအား ၁-၀ ဖြင့် အနိုင်ရရှိခဲ့သော အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲတွင် ပါဝင်ကစားခဲ့ပြီးနောက်ပိုင်း လီဗာပူးအသင်းကစားခဲ့သည့်ပွဲများတွင် ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ တိုက်စစ်မှူးစတာရစ်သည် လက်ရှိအချိန်တွင် တင်ပါးနှင့်ပေါင်ဒဏ်ရာများခံစားနေရကြောင်း သတင်းများတွင် ဆက်လက်ဖော်ပြထားသည်။**

**ယခုနှစ် ဘောလုံးရာသီအစပိုင်းတွင်လည်း ဒဏ်ရာပြဿနာများကြောင့် လအတန်ကြာအနားယူခဲ့ရသူ စတာရစ်သည် ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်းအတွက် စုစုပေါင်း ၁၇ ပွဲသာ ပါဝင်ကစားထားနိုင်သေးကာ ငါးဂိုးသွင်းယူထားသူဖြစ်သည်။ ''တိုက်စစ်မှူးစတာရစ်ဟာ ရာသီလက်ကျန်ပွဲတွေမှာ ပြန်လည်ပါဝင်ကစားနိုင်မလား ဒါမှမဟုတ် ရာသီကြိုအစီအစဉ်တွေမှသာ ပြန်လည်ပါဝင်နိုင်မလားဆိုတာကို ကျွန်တော်တို့စောင့်ကြည့်ရမှာပါ။**

**ဒီရာသီက စတာရစ်အတွက် ကံမကောင်းတဲ့ရာသီတစ်ခုပါပဲ။ စတာရစ်ဟာ အသင်းအတွက် အကူအညီပေးချင်တဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ ကြံ့ခိုင်မှုပြည့်ဝနေချိန်တွေမှာ စတာရစ်ရဲ့စွမ်းဆောင်မှုဟာ အသင်းအတွက် အလွန်အထောက်အကူဖြစ်စေပါတယ်။ လီဗာပူးအသင်းအတွက် စတာရစ်ကြံ့ခိုင်မှုပြန်လည်ပြည့်ဝလာပြီး ပုံမှန်ပွဲ ကစားနိုင်ဖို့လိုပါတယ်''ဟု မန်နေဂျာ ရော်ဂျာစ်က ပြောသွားသည်။**

**တိုက်စစ်မှူး စတာရစ်ချ်သည် ၂၀၁၃ ခုနှစ် ဇန်နဝါရီအစောပိုင်းတွင် ချယ်လ်ဆီးမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၁၂ သန်းဝန်းကျင်ဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် မျှော်လင့်နေသည့် လီဗာပူးအသင်းသည် ယခုနှစ် ပရီမီယာလိဂ်လက်ကျန်ပွဲများအဖြစ် ကျူပီအာ၊ ချယ်လ်ဆီး၊ ခရစ္စတယ်ပဲလေ့စ်၊ စတုတ်အသင်းတို့နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။**




—— အောင်က ——

စစ်ကိုင်းတိုင်းဒေသကြီး

# ကဒူး၊ ကနန်းဒေသ အရောက်သွားလို့ ဇလုံတောင်ဘုရားဖူးစို့ကွယ်



သမိုင်းဝင် ဂေါဒေါပလ္လင်၊ ဇလုံတောင်တော် ကစ္စာသယချမ်းသာကြီးဘုရားသည် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင်တည်ရှိပြီး ဗန်းမောက်မြို့၏ မြောက်ဘက် ၁၅ မိုင်ခန့်အကွာ ပင်လယ်ရေ မျက်နှာပြင်အထက် အမြင့်ပေ ၃၀၉၀ မြင့်သော ဇလုံတောင်ပေါ်တွင် တင့်တယ်သပ္ပာယ်စွာ စံနေတော်မူလျက်ရှိသည်။ သက္ကရာဇ် ၄၉၂ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်၍ နှစ်ပေါင်း၉၀၀ခန့် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ဘုရားသမိုင်းစာအုပ်များအဆိုအရ ဤကျောက်တောင်ကို ဘုရားပွင့်မည့် သလွန်တော်တောင်ဟု ခေါ်ဝေါ်ခဲ့ကြပြီး နောင်တွင် ဒေသခံများက ဇလုံမှောက်ထားသည်နှင့်တူ၍ဇလုံတောင်ဟုခေါ်ခဲ့ကြကြောင်း သိရသည်။ အရိမေတ္တယျ မြတ်စွာဘုရားသခင် တရားဦးဟောကြားမည့်နေရာဖြစ်၍ "ဇလုံတောင်အရှင်စာရင်းမဝင်လျှင် မေတ္တာရှင်နှင့်လွဲရမည်"ဟု စာဆိုရှိကြောင်းလည်း သိရသည်။

ကျောက်တောင်ကြီး၏ ပုံသဏ္ဌာန်မှာ ခမည်းတော်တောင်နှင့် မယ်တော်တောင် ကျောက်လုံးကြီးနှစ်ခုပူးတွဲတည်ရှိနေပြီး ဘေးအနည်းငယ်နိမ့်သော နှစ်ဖက်၌ သားတော်တောင်နှင့် သမီးတော်တောင်များ ရှိနေသည်။ ကျောက်တောင်ထိပ်သို့ တက်သည့်အခါတွင် ခမည်းတော်တောင်နှင့် မယ်တော်တောင်တောင်ကြီးနှစ်လုံးကြားမှ အင်္ဂတေလှေကားထစ်ကလေးများအတိုင်းကွေ့ဝိုက်၍ တက်ရပြီး အတန်ငယ်ကျဉ်းကျပ်သော ကျောက်တံခါးဝတစ်ခုကိုလည်း ကျော်ဖြတ်ရမည်ဖြစ်သည်။ ကုသိုလ်တရားနည်း၍ အကုသိုလ်များသူများ ယင်းတံခါးဝကိုပင် မကျော်နိုင်မဝင်နိုင်ဟု ဒေသခံများက ဆိုကြ၏။

ဇလုံတောင်ဘုရားသို့ သွားရာလမ်းသည် ခမိုးချောင်းနှင့် ပင်းမနချောင်းအတိုင်း ယှဉ်၍သွားရသည့်နေရာများရှိသကဲ့သို့ ချောင်းလက်တက်ငယ်များကို ထပ်ခါထပ်ခါ ဖြတ်ကျော်သွားလာရသည့် နေရာများလည်းရှိသည်။ မြင့်မားသောတောင်နံရံကြီးများကို တွေ့ရမည်ဖြစ်သည့်အပြင် လှိုဏ်မြောင်းများဆီသို့လည်း ဦးတည်သွားရတာမျိုးလည်းရှိသည်။ သစ်မျိုးစုံနှင့် ဝါးရုံတောများတွေ့နိုင်မည်။ ကျောက်စိုင်ကျောက်သားများကြားမှ ထိုးထွက်ပေါက်ရောက်နေသော တရုတ်စကားပန်းရနံ့များကလည်း တောင်လုံးအနှံ့ သင်းပျံ့ကြိုင်လှိုင်နေပေသည်။ ဤကဲ့သို့တည်ရှိနေသော ပထဝီအနေအထားကြောင့် ဗန်းမောက်မှ ဇလုံတောင်ခရီးသည် သဘာဝသစ်တောအခြေခံ ခရီးသွားလုပ်ငန်းကိုလည်း အထောက်အကူပြုနေမည်ဖြစ်သည်။ နိုင်ငံခြားသားခရီးသွားများလည်း စိတ်ဝင်စားကြ၏။

အခြားသောထူးခြားချက်များမှာ ဇလုံတောင်တော်၏ တောင်ဘက်နှစ်မိုင်ခန့်အကွာတွင် ကျောက်မဏ္ဍပ်ဘုရားရှိသည်။ တောင်ထိပ်တွင် အလျားပေ ၈၀၊ အနံပေ ၇၀ ခန့် ကျောက်ဖျာကြီးပေါ်၌ တည်ထားခြင်းဖြစ်သည်။ ကျောက်ဖျာသည် ကြီးမားလွန်း၍ နှစ်ဖက်နှစ်ခြမ်း ကျောက်အမိုးမဏ္ဍပ်ကြီးကဲ့သို့ သဘာဝအတိုင်းဖြစ်တည်လျက်ရှိသည်။ ဇလုံတောင်ဘုရားဖူးများအနေဖြင့် ကျောက်မဏ္ဍပ်ဘုရားသို့လည်း သွားရောက်ဖူးမြော်နိုင်သည်။ ကျောက်လှေ၊ ကျောက်မောင်းဆုံ၊ ကျောက်ပန်းကန်နှင့် ဆန်အိတ်ပုံသဏ္ဌာန်ကျောက်ဆန်အိတ်များကိုလည်း တွေ့မြင်နိုင်မည်ဖြစ်သည်။ သဘာဝကျောက်တံတားကိုလည်း ဖြတ်၍လျှောက်ရမည်။ ဇလုံတောင်တော်ခြေရင်းတွင် ဆယ့်နှစ်ရာသီ ရေမပြတ်သည့် သဘာဝနတ်ရေကန်လည်းတည်ရှိနေသည်။

ဘုရားဖူး မိဘပြည်သူများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့သို့



မီးရထား၊ မော်တော်ကားများဖြင့်လည်းကောင်း၊ ထိုမှ ဗန်းမောက်မြို့သို့ မော်တော်ကားများ၊ မော်တော်ဆိုင်ကယ်များဖြင့် လည်းကောင်း သွားရောက်ပြီး ဇလုံတောင်ဘုရားဆီသို့ သွားရောက်ဖူးမြော်နိုင်သည်။ ထိုသို့ သွားရောက်ရာတွင် မော်တော်ကားလမ်းကြမ်းပေါက်နေပြီဖြစ်၍ ယာဉ်ငယ်များ၊ မော်တော်ဆိုင်ကယ်များဖြင့် သွားရောက်နိုင်သလို ကျိုက်ထီးရိုးဆံတော်ရှင်ဘုရား ဖူးမြော်သကဲ့သို့ တောလမ်းခရီးမှလည်း တက်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။ သက္ကရာဇ် ၁၃၅၄ ခုနှစ်တွင် ဗန်းမောက်မြို့ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ မြို့မကျောင်းဆရာတော်ဘုရားကြီးက ဇလုံတောင်တော်၌ သာသနာပြုလုပ်ငန်းကြီးသုံးရပ်ဆောင်ရွက်ရန် အကြံပြုလျှောက်ထားချက်အရ ဗန်းမောက်မြို့ဇာတိဖွား မန္တလေးတိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ ဘဒ္ဒန္တဝိဇယ ဆရာတော်ကြီးဦးဆောင်၍ ဂေါပကအဖွဲ့များဖွဲ့လျက် စတင်ဆောင်ရွက်တော်မူခဲ့သည်။ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး (ယခု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး)လက်ထက်တွင် ကုသိုလ်ရှင်အလှူရှင်များက ဇလုံတောင်ဘုရား၏ သာသနာပြုလုပ်ငန်းသုံးရပ်အတွက် ဝိုင်းဝန်းကူညီလှူဒါန်းဆောင်ရွက်ခဲ့ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ဗန်းမောက်-ဇလုံတောင်မြေလမ်း ၁၄ မိုင် ခြောက်ဖာလုံအဆင့် မြှင့်တင်ဖောက်လုပ်ခြင်းနှင့် ယင်းလမ်းပေါ်တွင် ၁၀ ပေတံတား သုံးစင်း၊ ၁၂ ပေတံတား သုံးစင်း၊ ပေ ၂၀ တံတား လေးစင်း၊ ပေ ၃၀ သံကူကွန်ကရစ်တံတား တစ်စင်း၊ ပေ ၆၀ ဘေလီတံတား တစ်စင်း၊ပေ ၈၀ ဘေလီတံတားတစ်စင်း စုစုပေါင်း ၁၃ စင်း တည်ဆောက်ခြင်းတို့အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်သန်းပေါင်း ၄၃၉ ဒသမ ၈၆ သန်း လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ပင်လည်ဘူး၊ ဗန်းမောက်ဒေသသည် ကဒူး၊ ကနန်း တိုင်းရင်းသားသွေးချင်းများ နေထိုင်ရာဒေသဖြစ်သကဲ့သို့ တစ်ချိန်က စိမ့်ဝင်ထိုးဖောက်ဝင်ရောက်လာသော ဗကပများကို တပ်မတော်နှင့်လက်တွဲ၍ တွန်းလှန်တိုက်ခိုက်ချေမှုန်းခဲ့သော ဒေသဖြစ်သည်။ ထိုဒေသများသည် စစ်ကိုင်းတိုင်းဒေသကြီးနယ်မြေတွင် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသော ဒေသများဖြစ်သည်။ သို့ဖြစ်၍ နယ်စပ်ရေးရာဝန်ကြီးဌာနသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဗန်းမောက်မြို့နယ်၌ လုံကင်းရွာ၊ ညောင်ပင်သာရွာ၊ တုံချောင်းရွာတို့၌ ကွန်ကရစ်တံတား သုံးစင်း၊ ကန်တော်ရွာအမက၊ လေးသီအမက၊ ဒယူးကျန်းမာရေးဌာနခွဲ၊ ခေါင်တုံးကျန်းမာရေးဌာနခွဲများတည်ဆောက်ပေးခြင်း၊ ကြောင်လည်ရွာနှင့် မန်စီကျေးရွာတို့တွင် ရေအားလျှပ်စစ်လုပ်ငန်းများ၊ မန်ကင်းဘုန်းတော်ကြီးကျောင်း တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ အလားတူ ပင်လည်ဘူးမြို့နယ်၌ ပလပတောင်ရွာ အမက၊ မံစီလေးတိုက်နယ်ဆေးရုံ၊ ကျော်ရွာကြီးစာကြည့်တိုက်တို့ကို တည်ဆောက်ပေးခဲ့ပြီး သောက်သုံးရေရရှိရေးအတွက် မံစီလေးကျေးရွာတွင် ပေ ၃၀၀ အဝီစိတွင်းတစ်တွင်း၊ ကြာအင်းခုံကျေးရွာ၌ ပေ ၃၀၀ အဝီစိတွင်း တစ်တွင်း၊ အထက်ပစ်ဆိုင်ကျေးရွာ၌ ပေ ၆၀၀ အဝီစိတွင်းတစ်တွင်း၊ တောင်မော်ကျေးရွာနှင့် ကွန်းတောင်းကျေးရွာတို့တွင် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပေးခဲ့သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ ဗန်းမောက်မြို့နယ် ကနန်း-မူးသားအုပ်စု လယ်ပတုံးအထိ ၄၁ မိုင် ခုနစ်ဖာလုံကို ခွင့်ပြုငွေကျပ်သန်းပေါင်း ၁၈၄၂ ဒသမ ၅၀ သန်းဖြင့် ကျောက်ခင်းလမ်း ဆောင်ရွက်ပေးခဲ့သည်။ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ပင်လည်ဘူး-ဗန်းမောက်လမ်း ငါးမိုင်ကျောက်ခင်းခြင်းလုပ်ငန်းနှင့် ဗန်းမောက်-မန်းတော-မန်ထုံလမ်း ငါးမိုင်ကျောက်ခင်းခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အချုပ်အားဖြင့်တင်ပြရလျှင် ကဒူး၊ ကနန်း တိုင်းရင်းသားသွေးချင်းများ မှီတင်းနေထိုင်ရာဒေသများကို အခြားဒေသများနည်းတူ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးလျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးကွန်ရက်များ ကောင်းမွန်လာခြင်းဖြင့် ဇလုံတောင်ဘုရားကို အင်းတော်ဒေသမှသာမက ပင်လည်ဘူးမြို့နယ်အတွင်းရှိ မော်တော်ကားလမ်းများမှလည်း သွားရောက်ဖူးမြော်နိုင်မည်ဖြစ်သည်။ ဗန်းမောက်ဒေသ၏ အထင်ကရ အံ့ဖွယ်ဂုဏ်ဆောင် ဇလုံတောင်(သလွန်တောင်တော်)ဘုရားအား နှလုံးစိတ်ဝမ်းချမ်းမြေ့ကြည်ဖြူစွာဖြင့် သွားရောက်ဖူးမြော် ကုသိုလ်တော်ယူနိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားဖော်ပြအပ်ပါသည်။

မြင့်စိုး(နတလ)

မြန်မာ့အလင်း
၁-၅-၂၀၁၅ (သောကြာနေ့)

တနင်္သာရီတိုင်းဒေသကြီး

# ရေဖြူမြို့နယ် ညင်းထွေးကျေးရွာ အထကကျောင်းဆောင်သစ်ဖွင့်

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ညင်းထွေးကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်လှစ်ခြင်းနှင့် အခြေခံပညာ အထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဧပြီ ၂၉ ရက်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ကျောင်းဆောင် သစ်ဖွင့်လှစ်ခြင်းနှင့် အခြေခံပညာ အထက်တန်းကျောင်း အဆင့်တိုးမြှင့်ခြင်းအခမ်းအနား မှတ်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်က ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများက အမွှေးနံ့သာရည်ပက်ဖျန်း၍ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ကြည့်ရှုအားပေးသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းသား ကျောင်းသူများက ရွှေ့သို့လှမ်းချီမြန်မာပြည် သီချင်းဖြင့် သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး ဝန်ကြီးချုပ်က ဩဝါဒစကားပြောကြားရာတွင် ယနေ့ ကျောင်းသားလူငယ်များသည် အနာဂတ်နိုင်ငံတော်၏ မျိုးဆက်သစ်များဖြစ်သည့်အတွက် နိုင်ငံ့တာဝန်ကို နောင်တစ်ချိန်မှာ ပခုံးပြောင်းတာဝန်ယူရမည့်နိုင်ငံတော်က အားထားရသော နိုင်ငံ့သားကောင်းရတနာများဖြစ်ကြောင်း၊ မိမိဒေသမှ ကျောင်းများ အဆင့်တိုးမြှင့်ပေးခြင်းဖြင့် ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် သက်ကြားသင်ယူနိုင်ပြီးဖြစ်ကြောင်း၊ "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့" ဆိုသော ဆောင်ပုဒ်နှင့်အညီ အမျိုးသားပညာရည်မြင့်မားရေးအကောင်အထည်ဖော်ဆောင်ရွက်ကြရန် ဌာနဆိုင်ရာများ၊ မိဘပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်အလှူရှင်များက ပူးပေါင်းပါဝင်ပြီး မျက်မှောက်ကာလပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူး ဦးထွန်းရီက ကျောင်းဆောင်သစ်ဖွင့်လှစ်ခြင်းနှင့် အခြေခံပညာအထက်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အဆောက်အအုံသည် ဂျပန်နိုင်ငံအသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ညင်းထွေး အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရေးကော်မတီနှင့် ညီညီမောင် (Winner Construction) မြိတ်မြို့တို့ ချုပ်ဆိုသော သံကူကွန်ကရစ်နှစ်ထပ် အဆောက်အအုံဖြစ်သည်။ အဆောက်အအုံမှာ အလျား ပေ ၁၄၀၊ အနံ ပေ ၃၀၊ အမြင့် ၂၆ ပေ တန်ဖိုး(အမေရိကန်ဒေါ်လာတစ်သိန်းခြောက်သောင်းသုံးထောင်ငါးရာသုံးဆယ်ခြောက်)ဒေါ်လာရှိပြီး ၂၅ -၂-၂၀၁၄ ရက်တွင်စတင်ဆောက်လုပ်၍ ၁၀-၂-၂၀၁၅ ရက်၌ တည်ဆောက်ပြီးစီးခဲ့ကြောင်းသိရသည်။



(တိုင်းဒေသကြီး ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး

# အလှမ်းမဝေးတော့ပြီ . . .

မြန်မာနိုင်ငံတွင် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာအရေးပါသော လုပ်ငန်းစဉ်အဖြစ်ခံယူ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်သည်။ သို့မှသာ နိုင်ငံတော်ကြီးတိုးတက်မှု ရေရှည်တည်တံ့ရေးနှင့် ခေတ်စနစ်ကောင်းတစ်ခုထာဝစဉ် ရှင်သန်နိုင်ရေးအတွက် ရတက်အေးရလိမ့်မည်ဟု ထင်မြင်မိသည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်၏ အခြေခံဖြစ်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးမှုအားနည်းလျက်ရှိသော နယ်စပ်ဒေသများ ပါမကျန် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများအမှန်ရရှိစေဖို့ ကြိုးပမ်းအားထုတ်နေသည်များကိုလည်း ဝမ်းမြောက်ဖွယ် တွေ့မြင်နေရပါပြီ။ ဤနေရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လှုပ်ရှားမှု အခန်းကဏ္ဍကိုလည်း သတိပြုမိ၊ အားရကျေနပ်မိပါသည်။ ထိုဦးစီးဌာနသည် နိုင်ငံတော်အစိုးရ၏ မူဝါဒဖြစ်သော ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးစနစ်ကိုအခြေခံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးစသည့် ကဏ္ဍကြီး(၈)ရပ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရသကဲ့သို့ ၄င်းဌာန၏ မျှော်မှန်းချက် ဖြစ်သည့် ထောင်စုနှစ်၏ ရည်မှန်းချက်နှင့်အညီ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးမှု ကွာဟချက်များ ကျဉ်းမြောင်း လာစေရန်ဟူသော လုပ်ငန်းစဉ်များကိုလည်း စနစ်တကျဆောင်ရွက်ပေးလျက်ရှိနေသည်ကို တွေ့မြင်နေရသည်။

ထိုကဲ့သို့ပင် မိမိတို့၏ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ဆောင်ရွက်မှုလုပ်ငန်းစဉ်များထဲမှ မျက်မြင်လုပ်ငန်းလုပ်ဆောင်နေမှု တစ်ခုကို ကောက်နုတ်တင်ပြလိုပါသည်။ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၄၊ ၂၅၊ ၂၆ ရက်များအတွင်း နိုင်ငံတော်သမ္မတကြီး၏ ပုသိမ် ငပုတော ခရီးစဉ်၌ ဒေသဖွံ့ဖြိုးရေး လမ်းညွှန်ချက်အရ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ စီစဉ်ကြီးကြပ်မှုဖြင့် ငပုတောမြို့ တစ်ဖက်ကမ်းရှိ အုတ်ရှစ်ကွင်းကျေးရွာမှ ပုသိမ်မော်တင်ကားလမ်းသို့ ဆက်သွယ်သည့် မြေသားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းပင်ဖြစ်သည်။ အဆိုပါ ကားလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မဟာ ရွှေမင်းသားကြီးကုမ္ပဏီမှ ၅-၁၂-၂၀၁၄ ရက်တွင် စတင်ဖောက်လုပ်ခဲ့သည်။ အတိုင်းအတာအားဖြင့် ၁၂ မိုင် ၁၈ပေ ၄ပေ ရှိပြီး ငပုတောမြို့နယ်၊ ဟိုင်းကြီး၊ ငရုပ်ကောင်းနှင့် ဆက်စပ်ကျေးရွာအုပ်စုခြောက်အုပ်စု၊ ကျေးရွာပေါင်း ၄၁ ရွာမှ ဒေသခံပြည်သူ ၂၈၆၁၇ ဦးအား အကျိုးပြုနိုင်မည် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုဒေသသားများ ယခင် ငပုတောမြို့သို့ သွားရောက်ရာတွင် ပုသိမ်မြို့မှတစ်ဆင့်ကွေ့ပတ်၍ မိုင် ၆၀ခန့် သွားနေရာမှ ယခုအခါ ဖော်ပြပါ အတိုင်း ၁၂ မိုင်ဖြင့်သာ လွယ်ကူလျင်မြန်ချောမွေ့စွာဖြင့် သွားလာနိုင်တော့မည် ဖြစ်ပါသည်။ ယခု ဘဏ္ဍာရေးနှစ်တွင် မြေသားလမ်းအဖြစ် ၁၀၀ ရာခိုင်နှုန်းဖောက်လုပ်နိုင်ဦးမည်ဖြစ်ပြီး ရာသီမရွေးသွားလာနိုင်မည့် လမ်းအဆင့်သို့ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဟုလည်း တာဝန်ရှိသူများထံမှတစ်ဆင့်သိရှိရသည်။



အုတ်ရှစ်ကွင်းကျေးရွာမှ ပုသိမ်မော်တင်ကားလမ်းသို့ ဆက်သွယ်သည့် မြေသားလမ်းဖောက်လုပ်ပြီးစီးမှုကို တွေ့ရစဉ်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်လမ်း ၄၆၅၁/၇မိုင်နှင့် ကျေးလက်တံတား ၈၁၀၆၃ စင်း တည်ဆောက်ခြင်းအတွက် ငွေကျပ်သန်းပေါင်း ၂၁၁၂၆၇ ဒသမ ၅၃၁၊ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် လုပ်ငန်းပေါင်း ၃၆၂၉ ခုအတွက် ငွေကျပ်သန်း ပေါင်း ၄၁၂၁၇ ဒသမ ၅၄၈နှင့် ကျေးလက်ဒေသ မီးလင်းရေးအတွက် လုပ်ငန်းပေါင်း ၁၇၇၇၈၂ ခုအတွက် ငွေကျပ်သန်းပေါင်း ၄၀၅၉၉ ဒသမ ၉၇၄သန်း အကုန်အကျခံ၍ တည်ဆောက်ပြုပြင်ပေးလျက်ရှိသည်ကို ကျေနပ်အားရဖွယ် သိရှိရသည်။

အထူးသဖြင့် နှစ်စဉ်တပေါင်းလဆန်း ၁ ရက်နေ့မှ လပြည့်နေ့တိုင် ၁၅ ရက်တာ ကျင်းပမြဲဖြစ်သော မိမိတို့ဧရာဝတီတိုင်းဒေသကြီး၏ ကျက်သရေဆောင် သမိုင်းဝင် ဆံတော်ရှင် မြတ်မော်တင်စေတီတော်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကြီးနှင့်လည်း ကြုံကြိုက်နေပြီး ယခုနှစ်ဆိုလျှင် ပွဲတော်ရက်ကို ယခင်ကျင်းပမြဲဖြစ်သော ၁၅ ရက်အစား တစ်လတိတိတိုးမြှင့်ကျင်းပပူဇော်မည့် အစီအစဉ်နှင့်လည်း တိုက်ဆိုင်နေသည့်အတွက် အလွန်ကြည်နူးဝမ်းမြောက်ရပါသည်။ ယခင် ငပုတောမှ မော်တင်သို့ ၁၀၃ မိုင် ခရီးသွားနေရရာမှ ယခုဆိုလျှင် ၇၇ မိုင်မျှလောက်သွားရုံဖြင့် ရောက်ရှိရတော့မည့်အတွက်လည်း လွန်စွာဝမ်းသာပီတိ ဖြစ်ရပြန်သည်။ ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး၏ ဂုဏ်ဆောင်ဖြစ်သော ဆံတော်ရှင်မော်တင်ဘုရားကြီးအား အနယ်နယ်အရပ်ရပ်ရှိ ဘုရားဖူးပြည်သူများမှာ ၁၂ ရာသီပတ်လုံး သွားရောက်ဖူးမြော် ကြည်ညိုနိုင်ရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် လိုအပ်သောလေ့လာ ဆန်းစစ်မှုများ ပြုလုပ်စီမံနေပြီဟု သိရသောကြောင့် ဘုရားဖူးလာရောက်မည့် ပြည်သူများမှာ ဝမ်းမြောက်ပီတိဖြစ်နေကြကြောင်း သိရှိရသည်။ ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လုပ်ငန်းစဉ် ၁၂ ရပ်ထဲမှ ကျေးရွာချင်းဆက်၊ ကျေးလက်နှင့်မြို့ပြဆက်၊ ခရိုင်ချင်းဆက်လမ်းတံတားများတည်ဆောက်ခြင်းဟူသော လုပ်ငန်းစဉ်ပါ အကျိုးတရားကို ဒေသခံများ၊ ဘုရားဖူးပြည်သူများ လက်တွေ့ခံစားရတော့မည်မှာ မလွဲဧကန် ဖြစ်သည်။

ဤသို့ဖြင့် နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီးအစိုးရတို့၏ အစီအမံ၊ ခွင့်ပြုရန်ပုံငွေများဖြင့် ကျေးလက်ဦးစီးဌာန၊ ဒေသအထောက်အကူပြုအဆင့်ဆင့်သော ကော်မတီများ၊ အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ကြလျက် ဒေသခံပြည်သူများ၏ နေ့စဉ်ရင်ဆိုင်နေရသော လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကို ကျော်လွှားနိုင်အောင် ဖြည့်ဆည်းဆောင်ရွက်ကြခြင်းဖြင့် ကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးမှု ကွာဟချက်များ ကျဉ်းမြောင်းလာစေရန်ဟူသော မျှော်မှန်းချက်နှင့်အညီ မကြာသောကာလများ၌ ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှု အလုံးစုံကို ရှုမြင်ရတော့မည်ဟု ယုံကြည်မိပါသည်။

နိုင်သစ်

# ကံ့ကော်တစ်ထောင်၌ ကဆုန်ညောင်ရေသွန်းပွဲ စည်ကားသိုက်မြိုက်စွာကျင်းပမည်

ဧရာဝတီတိုင်းဒေသကြီး



ကဆုန်လပြည့် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကံ့ကော်တစ်ထောင် သာသနာ့အောင်မြေစခန်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကဆုန်လပြည့်နေ့တွင် ကံ့ကော်တစ်ထောင်ဆရာတော် ဘဒ္ဒန္တကေလာသ (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) အရှင်သူမြတ်ကကြီးမှူးလျက် ကံ့ကော်တစ်ထောင် သာသနာ့အောင်မြေရှိ မဟာဗောဓိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို အနေကဇာတင်ခြင်း၊ ဗောဓိညောင်ပင်ကို ရေစင်သွန်းလောင်းခြင်း၊ ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ခြင်းနှင့် ကြွရောက်လာကြသည့် ဧည့်ပရိသတ်များအား တစ်နေ့တာ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းများဖြင့် ကုသိုလ်ပြုသွားမည် ဖြစ်ပေသည်။

ကံ့ကော်တစ်ထောင် သာသနာ့အောင်မြေစခန်းသည် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ပေချောင်းကြီးကျေးရွာ၌ ကံ့ကော်တစ်ထောင် ဆရာတော်ကြီးက အောက်မြန်မာပြည်တွင် သာသနာပြန့်ပွားစေရန် ရည်ရွယ်လျက် ဗုဒ္ဓရုပ်ပွားဆင်းတုတော် တစ်ထောင်၊ ပလ္လင်တော်တစ်ထောင်၊ စေတီတော်တစ်ထောင်၊ ကံ့ကော်ပင်တစ်ထောင်၊ မုနိတော်တစ်ထောင်စသော တစ်ထောင်ငါးမျိုးဖြင့် တည်ထားသည့် အောက်မြန်မာပြည်၏ ထင်ရှားသည့် သာသနာအောင်မြေတစ်ခုဖြစ်ပြီး ရန်ကုန်-ဖျာပုံ-ဘိုကလေး ကားလမ်းမှတစ်ဆင့် ကံ့ကော်တစ်ထောင်အရောက် နေ့ချင်းပြန် ဖူးမြော်နိုင်ကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

ကယားပြည်နယ်

# လှပသောအနာဂတ်များနှင့် ငြိမ်းချမ်းသော ကယားပြည်နယ်

မြန်မာနိုင်ငံ၏ ပြည်နယ်များအနက် ဧရိယာအားဖြင့် အသေးငယ်ဆုံး၊ လူဦးရေအားဖြင့် အနည်းဆုံးဖြစ်သော ကယားပြည်နယ်သည် ယခင်နှစ် အဆက်ဆက် ကစေ့စပ်ညှိနှိုင်းမှု နည်းပါးပြီး ဒေသစွဲ အယူဝါဒများစွဲကိုင်မှုကြောင့် လက်နက်ကိုင်ကာ တော်လှန်ပုန်ကန်မှုများနှင့် ကာလအတန်ကြာ မငြိမ်းချမ်းသောနယ်မြေအဖြစ် တည်ရှိခဲ့ပါသည်။ မငြိမ်းချမ်းခြင်း၏ လက်တွေ့အကျိုးရလဒ်မှာ မဖွံ့ဖြိုး မတိုးတက်ဘဲ နောက်ကျကျန်ရစ်ခဲ့ခြင်းဖြစ်သည်။

ယခု ပြည်သူ့ကိုယ်စားလှယ်များနှင့် အုပ်ချုပ်သော ပြည်သူ့အစိုးရလက်ထက်တွင် နှစ်ဦးနှစ်ဖက်မတူညီမှုများကို ဘေးအသာချပြီး စားပွဲပေါ်တွင် ငြိမ်းချမ်းရေးစကားများဆိုနိုင်ခဲ့သဖြင့် ယနေ့ကာလများတွင် ယခင်ကနှင့် လားလားမှမတူသည့် ကယားပြည်နယ်ကို မြင်တွေ့ကြားသိနေရပြီဖြစ်သည်။

ငြိမ်းချမ်းပြီဆိုသည်နှင့် တစ်ပြိုင်နက် ပြည်နယ်သူပြည်နယ်သားတို့မှာ မိမိတို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ရင်သွေးငယ်များ၏ ပညာရေးများကို တစိုက်မတ်မတ် တိုးတက်အောင် ဆောင်ရွက်နေနိုင်ပြီဖြစ်သည်။ ယခင်ကကဲ့သို့ စိုးရိမ်ထိတ်လန့်မှုများ၊ မယုံကြည်ရမှုများ၊ အလျှင်းမရှိတော့သဖြင့် ပြည်နယ်အတွင်း တစ်ရက်တွင် ၂၄ နာရီ၊ တစ်ပတ်တွင် ခုနစ်ရက်လုံးလုံးသွားလိုရာသွား၊ လာလိုရာလာနှင့် ခရီးလမ်းပန်းများနှင့် ပွင့်လန်းနေပြီဖြစ်သည်။

ပြည်နယ်အတွင်းရှိ လမ်းတံတားများမှာလည်း ယခင်ကာလများကဲ့သို့ ကျောက်ကြမ်းလမ်း၊ မြေသားလမ်း အမည်ခံလမ်းများ မဟုတ်တော့ဘဲ အများအားဖြင့် ကတ္တရာလမ်းများအဖြစ် တိုးတက်လာပြီး အိုဟောင်းဆွေးမြည့်နေသော သစ်သားတံတားများနေရာတွင် သံကူကွန်ကရစ်အခိုင်အမာ တံတားများက နေရာယူပြီးဖြစ်ကြောင်း တွေ့ရသည်။

ကယားပြည်နယ်တွင်ငြိမ်းချမ်းရေးရရှိပြီးနောက် သေနတ်သံများစဲသွားပြီးသုံးနှစ်အတွင်းမှာပင် ပြည်နယ်၏ စီးပွားရေး၊ ကူးသန်းသွားလာရေး၊ ရောင်းဝယ်ဖောက်ကားရေး၊ မြို့ပြကျေးလက်စည်ပင်သာယာရေးတို့မှာ ပြည်နယ်ဇာတိသားများပင် ကိုယ့်မြို့ကိုယ့်ရွာကို မမှတ်မိနိုင်လောက်အောင်ပင် တိုးတက်နေသည်ကို တွေ့ရသည်။

ပုဂ္ဂိုလ်တစ်ဦးချင်း သော်လည်းကောင်း၊ မိသားစုတစ်စုချင်းတွင်သော်လည်းကောင်း၊ အဖွဲ့အစည်းငယ်များကအစ၊ အဖွဲ့အစည်းအစုအဖွဲ့ကြီးဖြစ်သည့် တိုင်းပြည်နိုင်ငံများတွင်လည်းကောင်း ခေတ်နှင့်အညီ နိုင်ငံတကာနှင့်အညီ ရင်ပေါင်တန်းနိုင်အောင် လူတန်းစေ့နေနိုင်ရေးအတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သည်။ ယင်းသို့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်မှာလည်း ငြိမ်းချမ်းရေးတည်ငြိမ်အေးချမ်းသာယာရေးသည် အဓိကပင်မအကြောင်းအချက် ဖြစ်နေသည်။ ငြင်းခုံခြင်း၊ စစ်မက်ဖြစ်ပွားခြင်း၊ ရန်စောင်ခြင်းတို့ဖြင့် လက်နက်၊ လူသူစုဆောင်းရခြင်း၊ ခုခံရခြင်း၊ ကာကွယ်ရခြင်းတို့ တစိုက်မတ်မတ် လုပ်ဆောင်နေရသဖြင့် နိုင်ငံတိုးတက်မှုရှိအောင် လုံးဝဆောင်ရွက်နိုင်မည် မဟုတ်ပါ။

ယင်းသို့နေရင်းနှင့်အခြားငြိမ်းချမ်းသော တိုင်းနိုင်ငံတို့ကအရှိန်အဟုန်နှင့်ရှေ့သို့ ဖွံ့ဖြိုးတိုးတက်သွားပြီးမငြိမ်းချမ်းသောဒေသတိုင်းနိုင်ငံအဝန်းအဝိုင်းမှာသာ ခေတ်နောက်ကျကျန်ရစ်ကာ ငုတ်တုတ်ထိုင်နေကြသည်ကို ကိုယ်တွေ့မျက်မြင် တွေ့ကြုံနေကြပြီဖြစ်သည်။

ဆိုခဲ့သော ကယားပြည်နယ်မှာလည်း ယခင်ကအတွေ့အကြုံများကို သင်ခန်းစာရယူပြီး အချိန်မီပြုပြင်ပြောင်းလဲပြင်ဆင်နိုင်သဖြင့် ငြိမ်းချမ်းရေး အသီးအပွင့်များကို ခံစားပြီး ဆေးမစားမီကပုံနှင့် ဆေးစားပြီးပုံကွာခြားသကဲ့သို့ ကွာချင်တိုင်းကွာခြားလျက်ရှိသည်။

ဒါတင်ပဲလားဆိုလျှင်မကသေးပါဟုပြောရမည်ပင်၊ ကယားပြည်နယ်ဘော်လခဲခရိုင် ဖားဆောင်းမြို့တွင် သံလွင်မြစ်ကို ကူးဖြတ်သည့် တံတားကြီးမှာလည်း ပြီးစီးနေပြီဖြစ်သည်။ တံတားကြီး၏အရှည်မှာ ၁၂၆၀ ပေရှိပြီး၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း သုံးပေ၊ ခံနိုင်ဝန် တန် ၆၀ ဖြစ်သည်။ အဆိုပါတံတားကြီးမှာ ဖားဆောင်း- မယ်ဆည်နမ်- မယ်စဲ့လမ်းကြောင်းပေါ်တွင်တည်ရှိသည်။ ဒါကလည်း ကယားပြည်နယ်အတွက် တည်ငြိမ်ငြိမ်းချမ်းခြင်း၏ အသီးအပွင့်ရလဒ်တစ်ခုပင်။

ဧပြီ ၂၄ ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်ဦးဆောင်လျက်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးညွှန့်အောင်နှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်စိုးတို့ လိုက်ပါသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ဖားဆောင်း သံလွင်တံတားကြီးပေါ်မှ ဖြတ်သန်းလျက်မယ်စဲ့မြို့တွင် တည်ဆောက်ပြီးသည့် နယ်စပ်ကုန်သွယ်ရေးစခန်းရုံးသစ်ကို သွားရောက်စစ်ဆေးခဲ့ကြသည်။ ဆက်လက်၍ ကုန်စည်နှင့် ပြည်တွင်းပြည်ပခရီးသည်များ အဓိကဝင်ထွက်သွားလာနိုင်မည့် ထိုင်း၊ မြန်မာ နယ်စပ်မှတ်တိုင်အမှတ် BP-၁၃ သို့လည်း သွားရောက်စစ်ဆေးကြည့်ရှုခဲ့သည်။

မကြာသော ကာလများတွင် ဖားဆောင်းသံလွင်တံတားနှင့်အတူ မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းလည်းဖွင့်လှစ်ကာ ကုန်စည်စီးဆင်းမှုများအပြင်ပြည်တွင်း၊ ပြည်ပကမ္ဘာလှည့်ခရီးသည်များ ဝင်ထွက်သွားလာပြီး ကုန်သွယ်မှုပမာဏများ တိုးတက်လာမည်မှာ အမှန်ဖြစ်သည်။

အေးချမ်းတည်ငြိမ်နေသော ကယားပြည်နယ်အတွင်း ခရီးသွားလာရေးဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်မှစီမံထားမှုကိုလည်းချန်လှပ်ထား၍မရပါ၊ အမျိုးသားပို့ကုန်မဟာဗျူဟာ (NES)၏ အဓိကရည်ရွယ်ချက်ပါ ပြည်ပပို့ကုန်များကလည်း နိုင်ငံခြားဝင်ငွေရနိုင်သကဲ့သို့ ဝန်ဆောင်မှုလုပ်ငန်းဖြစ်သောပြည်ပမှ ခရီးသည်များ ပြည်တွင်းလာရောက်လည်ပတ် စားသောက် ဝယ်ခြမ်းခြင်းမှလည်း ပြည်ပဝင်ငွေများရရှိနိုင်ပေသည်၊ ယင်းအတွက် နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာန (ITC) ၏အကူအညီဖြင့် နယ်သာလန်နိုင်ငံ(NTF III )ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁ဒသမ ၉၀ သန်းကို ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ သုံးနှစ် စီမံကိန်းဖြင့်၊ ပွင့်လင်းခါစ၊ ဖူးပွင့်ခါစ၊ ကယားပြည်နယ်သို့ ပြည်ပခရီးသွားဧည့်သည်များ ဥဒဟိုဝင်ထွက်သွားလာ လည်ပတ်နိုင်စေရန် စီမံချက်ချ၍ ကွင်းဆင်းဆောင်ရွက်နေပြီဖြစ်သည်။ ပြည်နယ်အတွင်းရှိ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ ဧည့်လမ်းညွှန်အသင်းနှင့်ခရီးသွား လုပ်ငန်းရှင်များအသင်းများကိုလည်း အသိပညာအတတ်ပညာများ မျှဝေပေးလျက်ရှိသည်။

ဧပြီ ၂၅ ရက် နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လွိုင်ကော်မြို့ ရှမ်းစုရပ်ရှိ (ITC) ရုံးခန်းသို့ ဝင်ရောက်ပြီး ပြည်တွင်း ပြည်ပပညာရှင်များနှင့် ဆွေးနွေးကာ ကယားပြည်နယ်ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မှာကြားခဲ့သည်။ ကယားပြည်နယ်အစိုးရအဖွဲ့မှလည်းလိုအပ်သော အကူအညီများပေးပြီး ကယားပြည်နယ်ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဦးစီးဌာနနှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တို့မှလည်း ဝိုင်းဝန်းပေါင်းစပ်ညှိနှိုင်းအကောင်အထည်ဖော်နေကြကြောင်း တွေ့ရသည်။

(NES )နှင့် (ITC)၏ ကျေးဇူးဖြင့် ယခင်က ကန့်သတ်နယ်မြေဖြစ်ခဲ့သော ကယားပြည်နယ်ရှိလူမျိုးစုများ၏ ရိုးရာဓလေ့ထုံးတမ်းများ၊ လူနေမှုပုံစံများ ယဉ်ကျေးမှုများ၊ ရိုးရာဂီတ၊ ဝတ်စားဆင်ယင်မှု အစားအသောက်များ၊ သဘာဝအတိုင်း မပျက်မယွင်းတည်ရှိနေဆဲဖြစ်သော ရေမြေ တောတောင်သဘာဝရှုမျှော်ခင်းများကို ကမ္ဘာလှည့်ခရီးသွားများ မြင်တွေ့ရတော့မည်ဖြစ်သည်။

ယခင်က မငြိမ်းချမ်းခဲ့သော ကယားပြည်နယ်နှင့် ယနေ့တည်ငြိမ် အေးချမ်းတိုးတက်နေသော ကယားပြည်နယ်တို့၏ ထူးခြားချက် အကျိုးကျေးဇူးများမှာ တစ်ထောင့်တစ်ညပုံပြင်များကဲ့သို့ ဆုံးနိုင်အံ့မထင်ပါ။

တည်ငြိမ်အေးချမ်းသာယာပြီဖြစ်သော ကယားပြည်နယ်အပေါ် နိုင်ငံတော်မှ စေတနာထားဆောင်ရွက်ပေးသည့် တည်ဆောက်ပြုပြင်မှုများ၏ အကျိုးကျေးဇူးဖြင့် နယ်စပ်ကုန်သွယ်ရေးစခန်းများဖွင့်လှစ်ခြင်း ကယားပြည်နယ်အတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် နိုင်ငံတော်အတွက် ပြည်ပဝင်ငွေများ ရှာဖွေပေးရင်း ကုန်သွယ်မှုပမာဏများ မြင့်တက်လာမည်မှာသေချာနေပါကြောင်း တင်ပြလိုက်ရပါသည်။

မောင်မောင်အေး

**ကယားပြည်နယ်တွင် ငြိမ်းချမ်းရေးရရှိပြီးနောက် သေနတ်သံများစဲသွားပြီးသုံးနှစ်အတွင်းမှာပင် ပြည်နယ်၏ စီးပွားရေး၊ ကူးသန်းသွားလာရေး၊ ရောင်းဝယ်ဖောက်ကားရေး၊ မြို့ပြကျေးလက် စည်ပင်သာယာရေးတို့မှာ ပြည်နယ်ဇာတိသားများပင် ကိုယ့်မြို့ကိုယ့်ရွာကို မမှတ်မိနိုင်လောက်အောင်ပင် တိုးတက်နေသည်ကိုတွေ့ရ။**

# အသွင်ဆန်း၊ အမြင်ဆန်း၊ အံ့မခန်း မြန်မာ့ရိုးရာ စဉ့်ထည်လုပ်ငန်း



ရွှေဘိုမြို့နယ် နွယ်ငြိမ်းကျေးရွာ၌ ထုတ်လုပ်သည့် စဉ့်အိုးများကို မြန်မာပြည်အရပ်ရပ် သို့တင်ပို့ရန် ဧရာဝတီမြစ်ကမ်းဘေးတွင် စုပုံထားစဉ်။

မြန်မာနိုင်ငံ၌ မြေထည်ပစ္စည်းအမျိုးမျိုး အသုံးပြုမှုကို ကမ္ဘာ့အမွေအနှစ်ရှေးဟောင်း စာရင်းဝင် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ပျူမြို့ပြနိုင်ငံများခေတ် အေဒီ ၄ ရာစုမှ ၉ ရာစုအတွင်း စတင်အသုံးပြုခဲ့ကြကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိခဲ့ရပြီး စဉ့်ထည်ပစ္စည်းအမျိုးမျိုးအသုံးပြုမှုကို တတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ အောက်မြန်မာနိုင်ငံကိုစစ်နိုင်ပြီး မွန်လူမျိုး အတတ်ပညာရှင်များကို ခေါ်ဆောင်လာကာ ယခု ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲ ရွှံ့ကောင်း၊ မြေကောင်းသော မအူရှေးဟောင်းရွာ၌ စတင်လုပ်ကိုင်စေခဲ့သည်မှ အစပြုခဲ့ကြသည်ဟု ဆိုကြသည်။

ထိုအချိန်မှစ၍ မြေထည်၊ စဉ့်ထည်လုပ်ငန်းများကို ဧရာဝတီမြစ်ကမ်းတစ်လျှောက် ရွှေဘိုမြို့နယ်ရှိရွာများဖြစ်သော မအူ၊ နွယ်ငြိမ်း၊ ရွှေဂွန်၊ ရွှေထိုက်၊ မလားရွာတို့၌ လုပ်ကိုင်လာကြရာ ယနေ့အထိပင်ဖြစ်ကြောင်း သိရသည်။ မြေထည်၊ စဉ့်ထည်ပစ္စည်းများကို ရေ၊ ဝိုင်၊ အရက် စသည်တို့တွင် အသုံးပြုရန် လုပ်ငန်းသုံးပစ္စည်းများအနေဖြင့်လည်းကောင်း၊ အလှဆင်ပန်းစိုက်အိုးများအနေ ဖြင့်လည်းကောင်း၊ ဘုရားပန်းအိုး၊ အင်တုံ၊ ရေနွေးခွက်၊ ဆေးလိပ်ခွက်စသည်ဖြင့် လူသုံးကုန်ပစ္စည်းများအနေဖြင့်လည်းကောင်း အဓိက သုံးမျိုး သုံးစားခွဲခြား ထုတ်လုပ်လျက်ရှိနေကြောင်း သိရသည်။

မြေထည်စဉ့်ထည်ပစ္စည်းများ ထုတ်လုပ်ရာတွင် အနီးပတ်ဝန်းကျင်တွင်ရှိသော မြေဝါ၊ မြေနီတို့အား ၂ အချိုး ၃ ရောစပ်ပြီး ရိုက်စက်များဖြင့် ပထမဦးစွာ အမှုန့်ထုတ်လုပ်ရပြီး ရရှိလာသော မြေမှုန့်များကို မြေနယ်စက်တွင် ရေဖြင့်သမအောင် နယ်ပြီးမှသာ လုပ်ငန်းလုပ်ကိုင်ရန် အဆင်သင့်ဖြစ်နေသော မြေကိုရရှိသည်ဟု ဆိုသည်။ ထို့နောက် ပြုလုပ်လိုသည့် ပစ္စည်းအမျိုးမျိုးကို ပုံဖော်ပြုလုပ်၍ တဲကြီးများအတွင်းတွင် ခုနစ်ရက်ခန့် လေအခြောက်ခံ၍ နေရောင်တွင် နှစ်ရက်ထပ်မံ၍ အခြောက်ခံရသည်။

တဲကြီးများအတွင်း လေအခြောက်ခံနေစဉ် နှစ်သက်ရာ ပန်း၊ ကနုတ်၊ ပန်းချီ၊ စာတန်း စသည်တို့ကို ရေးဆွဲပြီး လုံးဝခြောက်သွေ့သွားပါက စဉ့်ရေသုတ်ကာ ဖိုအတွင်းထည့်၍ ဖုတ်ရသည်။ ဖိုအတွင်း အဝင်အထွက် ခုနစ်ရက်ကြာသောအခါ အသင့်အသုံးပြုနိုင်သော မြေထည်၊ စဉ့်ထည်ပစ္စည်းများကို ရရှိကြောင်း သိရသည်။ လုပ်ငန်းလုပ်ကိုင်သောလုပ်သားများအနေဖြင့် ပန်းအိုးကဲ့သို့သော ပစ္စည်းများ ထုတ်လုပ်ရာတွင် အိုးနွယ်ဟုခေါ်သော အကြမ်းထည်ပြုလုပ်သည်မှ အချောကိုင်ပြီးသည်အထိ တစ်ရက်လျှင် ပန်းအိုးအသေး၊ အလတ် ၂၅ လုံးမှ အလုံး ၃၀ အထိပြီးစီး၍ ပန်းအိုးအကြီး ရှစ်လုံးမှ ၁၀ လုံးအထိ ပြီးစီးသည်ဟု သိရသည်။

လုပ်ငန်းလုပ်ကိုင်နေသူ တစ်ဦးသည် ကျွမ်းကျင်မှုအပေါ်မူတည်၍ တစ်ရက်လျှင် အနိမ့်ဆုံးလုပ်ခလစာ ငွေကျပ် ၂၅၀၀ မှ ၅၀၀၀ ကျော်အထိရရှိနိုင်ပြီး ပန်းရေးလုပ်သား (ပန်းချီ)များသည် တစ်ပတ်ခုနစ်ရက်လျှင် ငွေကျပ်နှစ်သောင်းခွဲ၊ သုံးသောင်းအထိ ရရှိကာ အမျိုးသမီးလုပ်သားအများစုဖြစ်သည်ဟု သိရသည်။

လုပ်ငန်းတွင်လိုအပ်သော ကုန်ကြမ်းပစ္စည်းများဖြစ်သည့် မြေနီမြေဝါများကို ဒေသတွင်းမှရရှိ၍ မြေဖြူတို့ကို ရမည်းသင်းမြို့နယ်မှ ရရှိကာ ခဲကာဗွန်နိတ်ခေါ် စဉ့်ရေကို ရှမ်းပြည်နယ်(တောင်ပိုင်း) ဘော်ဆိုင်းသတ္တုတွင်းမှဝယ်ယူရရှိသည်ဟု သိရသည်။ အိုးဖုတ်ရန်အတွက် လိုအပ်သော လောင်စာထင်းများကို အထက်ရွာများဖြစ်ကြသော ငပျင်းအင်း၊ ပြွန်ရွာ၊ ညောင်ပင်သာ၊ အင်းကထီး၊ မအူဆိပ်သာရွာများမှ ဧရာဝတီမြစ်အတွင်း မျောပါလာသော ထင်းများကို ဆယ်ယူ၍ လာရောက်ရောင်းချကြပြီး ၎င်းရွာတို့သည်လည်း ထင်းဆယ်ယူသောလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြသည်ဟု သိရသည်။

မြေထည်၊ စဉ့်ထည်ပစ္စည်းများ ထုတ်လုပ်ရာတွင် သုံးစွဲသူတို့လိုအပ်သော လိုအပ်ချက်နှင့်ဝယ်လိုအားအပေါ်မူတည်၍ အမျိုးမျိုးထုတ်လုပ်ရပြီး ထွက်ရှိလာသော ကုန်ချောများကို ဧရာဝတီမြစ်ကြောင်းလမ်းအတိုင်း မအူပင်မြို့သို့ တင်ပို့၍ ရန်ကုန်မြို့နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်မြို့များသို့ ဖြန့်ချိခြင်းဖြင့်လည်းကောင်း၊ ကျန်ရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ကားလမ်း၊ ရထားလမ်းများမှ တစ်ဆင့် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသော လုပ်ငန်းရှင်များအနေဖြင့် ယခင်က ၇၂ ခုအထိရခဲ့ရာမှ မြစ်ဝကျွန်းပေါ်ဒေသတွင် နာဂစ်မုန်တိုင်းတိုက်ခတ်သောအခါ ဝယ်ယူသူအလွန်နည်းသွားသဖြင့် လုပ်ငန်းများရပ်နားရကာ ၄၂ ခုသာ ကျန်ရှိတော့ပြီး ၂၀၁၂ ခု ငလျင်ဘေးဒဏ်ကြောင့် ထပ်မံ၍လုပ်ငန်းများကို ရပ်ဆိုင်းရ၍ ယခုအခါ လုပ်ငန်းရှင် ၃၁ ဦးသာ ကျန်တော့ကြောင်း သိရသည်။

မြေထည်၊ စဉ့်ထည်များ အဓိကထုတ်လုပ်ရာ နွယ်ငြိမ်းရွာတွင် အိမ်ခြေ ၇၀၀ ကျော်ရှိလေရာ အိုးလုပ်ငန်းများသည် ရှေးအစဉ်အဆက်ကတည်းက မိရိုးဖလာလုပ်ငန်းတစ်ခုဖြစ်နေပြီး ရာသီမရွေး တစ်နှစ်ပတ်လုံးလုပ်ကိုင်နေရသောကြောင့် ဒေသခံပြည်သူပြည်သားတို့အတွက် စား၊ ဝတ်၊ နေရေးအဆင်ပြေလျက်ရှိနေကြောင်း သိရသည်။ ယခုအခါ ခေတ်မီဆန်းသစ်သော လူသုံးကုန်ပစ္စည်းမျိုးစုံတို့ အဆက်မပြတ်ပေါ်ထွက်နေသော်လည်း "အသစ်တွေ ဘယ်လောက်ကောင်းကောင်း အဟောင်းကိုဖြင့် မမေ့သာ"ဆိုသည့် စကားအတိုင်း အသွင်သစ်၊ အမြင်သစ်၊ အသွင်ဆန်း၊ အမြင်ဆန်းများနှင့်ပြုလုပ်ဖန်တီးလာသော မြန်မာ့ရိုးရာအိုးလုပ်ငန်းများမှာ လုံးဝပျောက်ကွယ်တိမ်ကောသွားခြင်းမရှိဘဲ အံ့သြချီးကျူးရသော မြန်မာ့အနုပညာလက်ရာများဖြင့် အောင်မြင်ကျော်ကြားလျက် နှစ်သက်မက်မောစွာ ဝယ်ယူသုံးစွဲလျက်ရှိနေကြကြောင်း သိရသည်။

→ သက်နိုင်(ပြင်ဦးလွင်)

ရခိုင်ပြည်နယ်

## ရခိုင်ပြည်နယ် မြို့နယ်ရှစ်မြို့နယ်တွင် ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေးထိုးပေးမည်

ရခိုင်ပြည်နယ်ရှိ မြို့နယ်ရှစ်မြို့နယ်တွင် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးပေးမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးအစီအစဉ်သည် ယခင်နှစ် ၂၀၁၄ ခုနှစ်က ဂျပန်ဦးနှောက်ရောင်ရောဂါ Gapanese Encephalitis ဖြစ်ပွားခဲ့သော စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ပေါက်တော၊ မင်းပြား၊ ကျောက်တော်၊ မြောက်ဦးနှင့် မြေပုံမြို့နယ်များရှိ အသက်တစ်နှစ်မှ ၁၄ နှစ်အထိ ကလေး ၆၀၈၀၀ ခန့်အား မေလအတွင်း ထိုးနှံပေးသွားမည်ဖြစ်သည်။ ဤသို့ ကာကွယ်ဆေးထိုးနှံပေးခြင်းသည် ကျန်းမာရေးဝန်ကြီးဌာန၏ အထူးရောဂါနှိမ်နင်းရေးအစီအစဉ်အရ ထိုးနှံပေးခြင်းဖြစ်ပြီး ရောဂါဖြစ်ပွားခဲ့သော နေရာဒေသများ၏ နှစ်မိုင်ပတ်လည်အတွင်း ထိုးနှံပေးသွားမည်ဖြစ်သည်။

ရခိုင်ပြည်နယ်တွင် ၂၀၁၄ ခုနှစ်က စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ပေါက်တော၊ မင်းပြား၊ ကျောက်တော်၊ မြောက်ဦးနှင့် မြေပုံ မြို့နယ်များတွင် ဦးနှောက်ရောင်ရောဂါစုနှင့် ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားသူ ၅၀ ရှိခဲ့ပြီး ၁၀ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဂျပန်ဦးနှောက်ရောင်ရောဂါ (Japanese Encephalitis) JE သည် ဝက်မွေးမြူသော ဒေသများတွင် အဖြစ်များပြီး ဝက်များကို စနစ်တကျသီးခြားမွေးမြူရန်လိုအပ်ကြောင်း၊ ကျွဲ၊ နွားများကိုလည်း စနစ်တကျမွေးမြူရန်လိုအပ်ကြောင်း ခြင်ကိုက်မခံရရေးနှင့် ခြင်များ မပေါက်ပွားနိုင်အောင် ကာကွယ်ကြရန်လည်းလိုအပ်ကြောင်း သိရသည်။

ကိုကြီးစော

# ချယ်လ်ဆီးအားလှောင်ပြောင်ခဲ့သည့် အာဆင်နယ်ပရိသတ်များကို မန်နေဂျာမော်ရင်ညို တုံ့ပြန်ပြောဆို

ပြီးခဲ့သည့် ဧပြီ ၂၆ ရက်တွင် အာဆင်နယ်အသင်း၏ အမ်းမရိတ်ကွင်း၌ အာဆင်နယ်နှင့် ချယ်လ်ဆီးတို့ ယှဉ်ပြိုင်ကစားခဲ့သော ပရီမီယာလိဂ်ပွဲစဉ်တွင် ချယ်လ်ဆီးအသင်းကို အော်ဟစ်လှောင်ပြောင်ခဲ့ကြသည့် အာဆင်နယ်ပရိသတ်များအား ချယ်လ်ဆီးမန်နေဂျာ မော်ရင်ညိုက တုံ့ပြန်ပြောဆိုလိုက်သည်။

အဆိုပါပွဲအပြီးတွင် အာဆင်နယ်ပရိသတ်များက ချယ်လ်ဆီး၏ကစားပုံသည် ပျင်းရိဖွယ်ကောင်းသည်ဟု အော်ဟစ်လှောင်ပြောင်ခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် လန်ဒန်မြို့ခံပြိုင်ဘက် အာဆင်နယ်နှင့်ပွဲမတိုင်မီ အမှတ်ကွာဟမှု ၁၀ မှတ်အသာရရှိထားပြီး အာဆင်နယ်နှင့်ပွဲအပြီးတွင်လည်း အဆိုပါ အမှတ်ကွာဟမှုကို ဆက်ထိန်းထားနိုင်ရန်အတွက် သရေရလဒ်ရရှိရန် အဓိကအာရုံစိုက်ကစားခဲ့ကြောင်း သတင်းများတွင်ဆက်လက်ရေးသားထားသည်။

အာဆင်နယ်ပရိသတ်များ၏ လှောင်ပြောင်မှုကို ချယ်လ်ဆီးမန်နေဂျာ မော်ရင်ညိုက "ကျွန်တော်ထင်တာကတော့ ပျင်းရိညည်းငွေ့စရာဆိုတာ ပရီမီယာလိဂ်ဆုဖလားမရရှိဘဲ ဘောလုံးရာသီ ၁၀ ရာသီဖြတ်သန်းခဲ့ရတာကိုပဲ ဆိုလိုတယ်လို့ ထင်ပါတယ်။ ချန်ပီယံဆုဖလားရရှိဖို့ ဒီလောက်အကြာကြီး စောင့်ဆိုင်းနေရတာဟာ အလွန်ပျင်းရိစရာပါပဲ။ အာဆင်နယ်ပရိသတ်တွေရဲ့အော်ဟစ်မှုဟာ ချယ်လ်ဆီးအသင်းကို ရည်ရွယ်တာမဖြစ်နိုင်ပါဘူး။

အာဆင်နယ်ပရိသတ်တွေအနေနဲ့ ချယ်လ်ဆီးနဲ့ပွဲကို အိမ်ကွင်းမှာကစားရပြီး ချယ်လ်ဆီးအသင်းရဲ့ အဓိကတိုက်စစ်မှူးတွေ ပွဲထွက်စာရင်းမှာ မပါဝင်တဲ့အခါ အာဆင်နယ်တိုက်စစ်မှူးတွေရဲ့ စွမ်းဆောင်မှုကို မြင်ချင်ခဲ့ကြမှာပါ။ သူတို့အော်ဟစ်လှောင်ပြောင်တဲ့အသင်းဟာ အခုနှစ် ပရီမီယာလိဂ်ရာသီမှာ ဒုတိယမြောက် ဂိုးသွင်းအများဆုံးအသင်းအဖြစ် ရပ်တည်နေသလို ဂိုးကွာခြားချက်မှာလည်း အကောင်းဆုံးအခြေအနေမှာရှိနေတဲ့ အသင်းဖြစ်ပါတယ်" ဟု ပြောသွားသည်။

အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်ချန်ပီယံဆုဖလားအား ၂၀၀၃-၀၄ ခုနှစ်ဘောလုံးရာသီတွင် ရရှိခဲ့ပြီးနောက်ပိုင်း အဆိုပါဆုဖလားကို ထပ်မံရရှိခဲ့ခြင်းမရှိခဲ့ပေ။





# ဂွာဒီယိုလာရဲ့ရှင်ငွေ့အောက်မှာ အစွမ်းကုန်ခြေစွမ်းပြနေတဲ့ အယ်ကန်တာရာ

*မန်ယူအသင်းကို ဒေးဗစ်မိုယေးစ် ပြောင်းရွှေ့လာခဲ့ပြီးနောက် အပြောင်းအလဲတွေနဲ့အတူ အဓိကအာရုံစိုက်မိလိုက်တာက ကွင်းလယ်ပိုင်း။ ဒါကြောင့်လည်း ဘာစီလိုနာအသင်းရဲ့ ကွင်းလယ်ကစားသမား အယ်ကန်တာရာကိုခေါ်ယူဖို့ စိတ်ဝင်စားခဲ့တယ်။ ဒါပေမယ့် ဘိုင်ယန်မြူးနစ်အသင်းရဲ့ နည်းပြသစ်ဖြစ်လာတဲ့ ဂွာဒီယိုလာက အယ်ကန်တာရာကိုခေါ်ယူချင်တယ်လို့ အတိအလင်းထုတ်ပြောလိုက်တော့ မန်ယူအသင်းမန်နေဂျာ မိုယေးစ်ဟာ အယ်ကန်တာရာခေါ်ယူရေးရည်မှန်းချက်တွေကို လက်လျှော့ခဲ့ရတယ်။*

ဒါပေမယ့် မန်ယူအသင်းမန်နေဂျာ မိုယေးစ်ဟာ သူ့အနေနဲ့ အယ်ကန်တာရာကို ခေါ်ယူဖို့လုံးဝ ပြုလုပ်မှာမဟုတ်တဲ့ အကြောင်းနဲ့ အသင်းနဲ့အံဝင်ခွင်ကျရှိမယ့် ကစားသမားသမားမဟုတ်ဘူးလို့ ထုတ်ဖော်ပြောခဲ့ပါတယ်။ အဲဒါဟာ မိုယေးစ်အနေနဲ့ ခေါ်ယူမရရှိနိုင်လို့ အခုလို ပြောဆိုတာလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် မိုယေးစ်ဟာ မန်ယူအသင်းကို ကိုင်တွယ်ခဲ့တဲ့ ကာလတိုအတွင်းမှာ အသင်းရဲ့ ကွင်းလယ်ပြဿနာကိုတော့ အကောင်းဆုံးဖြေရှင်းနိုင်ခြင်း မရှိခဲ့ပါဘူး။ ဒီနှစ်ရာသီမှာ မန်ယူအသင်းဟာ ကွင်းလယ်အင်အားကို ဖြည့်တင်းမှုတွေ ရှိနေခဲ့ပါတယ်။ မန်ယူအသင်းဟာ ကွင်းလယ် ပိုင်းကို ကြည့်မယ်ဆိုရင် ကာရစ်ဟာ ဒဏ်ရာက ပြန်လည်သက်သာလာပြီး ဟာရီယာကလည်း အသင်းနဲ့ အံဝင်မှုရှိလာခဲ့ပေမယ့် မန်ယူအသင်းရဲ့ ကွင်းလယ်ပြဿနာကတော့ ဆက်လက်ရှိနေဆဲဖြစ်ပါတယ်။

မန်ယူ အသင်းအနေနဲ့ အခုလို အခြေအနေ မျိုးတွေ တွေ့ကြုံနေရစဉ်မှာတော့ မန်ယူအသင်းရဲ့ တစ်ချိန်က လိုချင်တောင့်တခဲ့တဲ့ ကွင်းလယ်ကစားသမား အယ်ကန်တာရာဟာ ဘိုင်ယန်မြူးနစ်အသင်းမှာ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်နေတာကို တွေ့ရပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့မှာ ပေါ်တိုအသင်းကို ၃-၁နဲ့ ရှုံးနိမ့်ခဲ့ပေမယ့် ဒုတိယအကျော့မှာတော့ ၆-၁ နဲ့ အနိုင်ရရှိအောင် ကစားနိုင်ခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းနိုင်ခဲ့တဲ့ ဒုတိယကျော့မှာ အယ်ကန်တာရာရဲ့ခြေစွမ်းကတော့ လူတိုင်းအတွက် အံ့အားသင့်သွားစေခဲ့ပါတယ်။ ချန်ပီယံလိဂ်လိုအဆင့်မျိုးမှာ ကန်နိုင်ဖို့ဆိုတာဟာ ကစားသမားတိုင်းအတွက်တော့ လွယ်ကူတဲ့အလုပ်မဟုတ်ပါဘူး။ ဒီလိုအဆင့်မျိုးမှာ ကစားနိုင်တဲ့ ကွင်းလယ်သမားတစ်ဦးဆိုရင် အမြင့်ဘောတွေကို အကောင်းဆုံးထိန်းချုပ်နိုင်မှု၊ အင်တိုက်အားတိုက်ကစားနိုင်မှုအပြင် ဘောလုံးလုယူနိုင်မှုတွေမှာလည်း ထိပ်တန်းရှိနေရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဘောလုံးဖြန့်ဝေပေးနိုင်မှုနဲ့ ဘောလုံးပေးပို့ရာမှာ တိကျမှုတွေက မရှိမဖြစ်လိုအပ်တဲ့အရာတွေလို့ ပြောရမှာပါ။

ဒေးဗစ်မိုယေးစ်ပြောခဲ့တဲ့ မန်ယူအသင်းနဲ့ အံဝင်မှုမရှိနိုင်ဘူးလို့ဆိုတဲ့ အယ်ကန်တာရာဟာ အခုအခါမှာတော့ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ဆုဖလားတွေကို ရရှိနိုင်နေပြီလည်းဖြစ်ပါတယ်။ ဒါပေမယ့် အယ်ကန်တာရာရဲ့ ကစားသမားဘဝကို အဓိကအကျိုးယုတ်စေတဲ့ အကြောင်းကတော့ ဒူးအရွတ်ဒဏ်ရာပဲဖြစ်ပါတယ်။ အယ်ကန်တာရာဟာ အဲဒီဒဏ်ရာကြောင့် ဒီနှစ် ရာသီအစောပိုင်းမှာ အသင်းမှာ နားနေခဲ့ရပြီး ပြီးခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားတုန်းကလည်း စပိန်အသင်းနဲ့အတူ ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။

လက်ရှိအချိန်မှာ အယ်ကန်တာရာရဲ့ ဘောလုံးပေးပို့နိုင်မှုတွေဟာ အမြင့်ဆုံးရှိနေတာကြောင့် တစ်ချိန်က ကွင်းလယ်ပိုင်းမှာ နာမည်ကြီးခဲ့တဲ့ မန်ယူကွင်းလယ်ကစားသမား ပေါလ်စခိုးလ်နဲ့တောင် နှိုင်းယှဉ်လို့ရပါတယ်။ ပေါလ်စခိုးလ်ရဲ့ခြေရာကို ဇာဗီနဲ့ပီယာလိုတို့က လိုက်နိုင်ခဲ့ပြီး အခုအခါမှာတော့ အယ်ကန်တာရာကပါ အမီလိုက်တဲ့မျိုးဆက်သစ်ကစားသမားတစ်ဦး ဖြစ်လာပြီဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းရဲ့ ပွဲတွေကို ၃၅ နှစ်ကြာ အစဉ်တစိုက်အမြဲတမ်း စောင့်ကြည့်နေခဲ့တဲ့ ဂျာနယ်လစ်တစ်ဦးကတော့ ပေါ်တိုအသင်းနဲ့ပွဲမှာ အယ်ကန်တာရာရဲ့ ခြေစွမ်းပြကစားမှုတွေဟာ သူကြည့်ရသမျှ ဘိုင်ယန်မြူးနစ်ကွင်းလယ်ကစားသမားများထဲမှာ အကောင်းဆုံးဖြစ်တယ်လို့လည်း မှတ်ချက်ချပြောဆိုခဲ့ပါသေးတယ်။

အခုလို အယ်ကန်တာရာအနေနဲ့ ခြေစွမ်းပြ ကစားနိုင်တာကလည်း နည်းပြဂွာဒီယိုလာနဲ့လည်း သက်ဆိုင်တယ်လို့ ပြောနိုင်ပါတယ်။ ဂွာဒီယိုလာဟာ ဘာစီလိုနာအသင်းကို ကိုင်တွယ်ခဲ့စဉ်က အယ်ကန်တာရာကို အသင်းကြီးမှာ ကစားဖို့အတွက် အရန်အသင်းကနေ ခေါ်ယူခဲ့တာဖြစ်ပြီး အသင်းရဲ့ အဓိကကစားသမားအဖြစ် ထည့်သုံးခဲ့တာလည်းဖြစ်ပါတယ်။ ဒါကြောင့် အယ်ကန်တာရာရဲ့ လိုအပ်ချက်၊ အားသာချက်၊ အားနည်းချက်တွေကို ဂွာဒီယိုလာထက် ဘယ်သူကမှပိုမသိနိုင်ဘူးလို့ဆိုရမှာပါ။ ဒါတွေကြောင့်လည်း မန်ယူအသင်းဟာ ဂွာဒီယိုလာနဲ့ယှဉ်ပြီး အယ်ကန်တာရာကို မခေါ်ယူနိုင်တာလည်းဖြစ်ပါတယ်။

အယ်ကန်တာရာအနေနဲ့ ဘာစီလိုနာအသင်းကနေ ထွက်ခွာခဲ့ရတဲ့ အကြောင်းတရားတွေကို ကြည့်မယ်ဆိုရင် နည်းပြဂွာဒီယိုလာ အသင်းကနေ ထွက်ခွာသွားတာတွေကြောင့်လည်း ပါပါတယ်။ ဘာစီလိုနာအသင်းကနေ ဂွာဒီယိုလာထွက်ခွာသွားခဲ့ပြီး နောက်ပိုင်း နည်းပြသစ် ဗီလာနိုဗာဟာ အယ်ကန်တာရာရဲ့ နေရာကို ဖာဘရီဂက်စ်နဲ့ အစားထိုးခဲ့တာကြောင့် အယ်ကန်တာရာနေရာပျောက်ပြီး သူ့ဆရာဟောင်းရှိရာ ဘိုင်ယန်မြူးနစ်အသင်းကို ပြောင်းရွှေ့လာခဲ့တာလည်းဖြစ်ပါတယ်။

အခုအခါမှာတော့ အယ်ကန်တာရာဟာ သူ့ရဲ့ဆရာဟောင်းဖြစ်တဲ့ ဂွာဒီယိုလာရဲ့ လက်အောက်မှာ ပုံမှန်ခြေစွမ်းတွေနဲ့အတူ ကစားနိုင်နေပြီဖြစ်တာကြောင့် လာမယ့်လမှာ ကစားရမယ့် ဘာစီလိုနာအသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းရဲ့ ချန်ပီယံလိဂ် ဆီးမီးဖိုင်နယ်ပွဲစဉ်မှာတော့ အယ်ကန်တာရာဟာ အသင်းရဲ့ အဓိက ကစားသမားတစ်ဦးအဖြစ် ရှိနေမှာတော့ မလွဲပါဘူး။

အောင်က

မြန်မာ့အလင်း

၁-၅-၂၀၁၅ (သောကြာနေ့)

# TOTTENHAM VS MAN CITY

မေ ၃ ရက်၊ တနင်္ဂနွေနေ့၊ ည ၉ း ၃၀

ပရီမီယာလိဂ်ပွဲစဉ် (၃၅)မှာ စပါးနဲ့မန်စီးတီးဆုံတဲ့ပွဲပါတယ်။ အဲဒီပွဲက မန်စီးတီးအတွက် ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရရှိရေးအတွက် အရေးပါသလို စပါးအတွက်လည်း ဥရောပဝင်ခွင့်ရဖို့ အရေးပါတဲ့ပွဲဖြစ်တာကြောင့် နှစ်သင်းစလုံးခြေကုန်ထုတ်ကြမှာဖြစ်ပြီး အကြိတ်အနယ်ရှိမှာသေချာတယ်။

## KEY PLAYER



လက်ရှိစပါးမှာတော့ ဟယ်ရီကိန်းက အဓိကကစားသမားပဲ။ သူဟာ စပါးရဲ့တိုက်စစ်ကို အကောင်းဆုံးဦးဆောင်နိုင်နေပြီး အရေးပါတဲ့ဂိုးတွေလည်း သွင်းယူပေးနိုင်ခဲ့တယ်။ ဒီရာသီ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း စုစုပေါင်း ဂိုး ၂၀ သွင်းယူထားသလို ဟယ်ရီကိန်းကို အားလုံးက အလားအလာ အကောင်းဆုံး အဖြစ်လည်း ယူဆထားကြပါတယ်။ ဒါပေမယ့် ပရီမီယာလိဂ်ရဲ့ နောက်ဆုံးလေးပွဲမှာတော့ ဟယ်ရီကိန်းဟာ နယူးကာဆယ်နဲ့တစ်ပွဲတည်းသာ ဂိုးသွင်းနိုင်ခဲ့တာ သတိပြုရပါလိမ့်မယ်။

## KEY PLAYER



လက်ရှိအချိန်မှာ မန်စီးတီးကစားသမားတွေအနက် အကောင်းဆုံးခြေစွမ်းကို ထုတ်ပြနေနိုင်သူက ရှားတယ်။ ယာယာတိုရေးကအစ ခြေစွမ်းကျဆင်းနေသလို ဖာနန်ဒို၊ ဖာနန်ဒင်ညို၊ မန်ဂါလာ၊ ဆေးလ်ဗားတို့ဟာ လည်းပုံမှန်ခြေစွမ်းအောက် ကိုရောက်နေတယ်။ ဒါပေမယ့် အဲဒီအထဲမှာ အဂူရိုကတော့ အသင်းတွက် အားတစ်ခုဖြစ်နေပြီး အရေးပါတဲ့ဂိုးတွေကို သွင်းယူပေးနိုင်ကာ ပရီမီယာလိဂ်ဂိုးသွင်း ဘုရင်ဇယားကို ၂၁ ဂိုးနဲ့ ဦးဆောင်နိုင်နေတယ်။

## PREDICTED TEAM

အဆောက်သမ်တန်နဲ့ ကစားသွားတဲ့ပွဲစဉ်မှာ စပါးကစားပုံကထင်သလောက်မကောင်းဘူး။ အထူးသဖြင့် ခံစစ်ပိုင်းက အမှားအယွင်းအတော်များပြီး တည်ငြိမ်မှုမရှိတာ တွေ့ရတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ဆိုရင် စပါးဟာနှစ်ပွဲသာနိုင်ပြီး တစ်ပွဲရှုံးတယ်။ အဲဒီ ငါးပွဲမှာ ဆိုရင် ခံစစ်ပိုင်းက ဂိုးမပေးရတဲ့ပွဲဆိုလို့ တစ်ပွဲသာရှိခဲ့တဲ့အထိ မတည်ငြိမ်ခဲ့ဘူး။

## PREDICTED TEAM

မန်စီးတီးဟာ နောက်ဆုံးကစားခဲ့တဲ့ ဗီလာနဲ့ပွဲမှာ အနိုင်ရခဲ့တယ်ဆိုပေမယ့် ကစားပုံမကောင်းခဲ့ဘူး။ အထူးသဖြင့် မန်ဂါလာ၊ ဒီမစ်ချယ်လီတို့ရဲ့ခံစစ်က လုံခြုံမှုမရှိသလို ယာယာတိုရေး ခြေစွမ်းကျဆင်းနေပြီး ဖာနန်ဒို၊ ဖာနန်ဒင်ညိုတို့ ခြေစွမ်းမပြနိုင်မှုကြောင့်လည်း မန်စီးတီးရဲ့ ကွင်းလယ်လှုပ်အားနှုန်းက မတည်ငြိမ်ခဲ့တာတွေ့ရတယ်။

## OTHER MATCHES

### လက်စတာ - ကာဆယ်

လက်ရှိကောင်းမွန်နေတဲ့ လက်စတာရဲ့ အသင်းလိုက်ရုန်းအားကို ခြေကျနေတဲ့ ကာဆယ်တို့ အသာရဖို့မလွယ်ဘူး။ အဝေးကွင်းလည်းဖြစ်လို့ ကာဆယ်သရေထက် မပိုနိုင်ဘူး။

### ဗီလာ - အဲဗာတန်

ဗီလာရဲ့တန်းမဆင်းရရေး ရုန်းအားကောင်းမွန်နေတဲ့အတွက် အဲဗာတန်အခက်တွေ့နိုင်တယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် ဗီလာတို့ အမှတ်ခွဲယူသွားနိုင်ခြေရှိတယ်။

### လီဗာပူး - ကျူပီအာ

ဝက်စ်ဘရွန်းနဲ့ သရေကျခဲ့တဲ့လီဗာပူးတို့ ဟားလ်စီးတီးကိုလည်း ရှုံးခဲ့သောကြောင့် ထပ်အမှားခံမှာ မဟုတ်ဘူး။ ကျူပီအာကိုတော့ လီဗာပူးတို့အိမ်ကွင်းမှာ အနိုင်ရယူသွားမှာပါ။

### ဆန်းဒါးလန်း - ဆောက်သမ်တန်

တန်းဆင်းဇုန်ထဲရောက်သွားတဲ့အတွက် ဆန်းဒါးလန်း ခြေကုန်ထုတ်မှာဖြစ်ပေမယ့် ဒီပွဲမှာ ဆောက်သမ်တန်ကိုတော့ အသာရဖို့ခက်ပြီး သရေရဖို့တောင်မလွယ်ဘူး။

### ဆွမ်ဆီး - စတုတ်

ကစားပုံကောင်းနေတဲ့ဆွမ်ဆီးရဲ့ အိမ်ကွင်းအားကို စတုတ်တို့ကျော်ဖြတ်ဖို့ခက်မယ်။ စတုတ်အနေနဲ့ ဒီပွဲမှာ သရေပဲရယူနိုင်မှာပါ။

### ဝက်စ်ဟမ်း - ဘန်လေ

အခုနောက်ပိုင်းမှာ ဝက်စ်ဟမ်းရဲ့ခြေစွမ်းက အတော်အားနည်းနေပေမယ့် ဘန်လေကလည်း အားလျော့လို့ ဝက်စ်ဟမ်းနိုင်ပွဲပြန်ရသွားနိုင်တယ်။

### မန်ယူ - ဝက်စ်ဘရွန်း

မန်ယူကချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရဖို့ အားစိုက်လာမှာဖြစ်ပြီး ဝက်စ်ဘရွန်းတို့ တောင့်ခံနိုင်ဖို့ခက်မယ်။ မန်ယူပဲ နိုင်ပွဲရမယ်။

### ချယ်လ်ဆီး - ပဲလေ့စ်


ကြားပွဲကစားခဲ့ရမှာဖြစ်ပေမယ့် ချယ်လ်ဆီးဟာ ဒီလိုပွဲမျိုးမှာ အမှားခံမှာမဟုတ်ပါဘူး။ အိမ်ကွင်းဖြစ်နေတာကြောင့်လည်း ချယ်လ်ဆီးပဲနိုင်ပွဲရမှာပါ။

### ဟားလ် - အာဆင်နယ်

ကြားရက်မှာ လီဗာပူးနဲ့ ပွဲကျန်ကစားခဲ့ရပြီး ပွဲပန်းလာမယ့် ဟားလ်အနေနဲ့ အာဆင်နယ်ကို ထိန်းချုပ်ဖို့ခက်မယ်။ အာဆင်နယ်ပဲ အနိုင်ရသွားမှာပါ။

■ လင်းဆက်

# ပရီမီယာလိဂ်ချန်ပီယံ မျှော်လင့်ချက်အတွက် အာဆင်နယ်အသင်း ကစားသမားလေးဦး အားဖြည့်ရန်လိုဟု အွန်နရီ မှတ်ချက်ပြု



ပရီမီယာလိဂ် အာဆင်နယ်အသင်း တိုက်စစ်မှူးဟောင်း သီယာရီ အွန်နရီက အာဆင်နယ်အသင်းအနေဖြင့် တိုက်စစ်မှူး ဂီရောက်ဒ်အား အဓိက တိုက်စစ်မှူးအဖြစ် ဆက်လက်အသုံးပြုနေပါက ပရီမီယာလိဂ်အမှတ်ပေးချန်ပီယံဆုဖလားရရှိရေး ရုန်းကန်ရလိမ့်မည်ဖြစ်ကြောင်း ဝေဖန်ပြောဆိုလိုက်သည်။

ဆက်လက်၍ ပြင်သစ်ကစားသမားဟောင်း အွန်နရီက အာဆင်နယ် အသင်းအနေဖြင့် လာမည့်နွေရာသီ ကစားသမားဈေးကွက်ကာလအတွင်း ဂိုးသမားတစ်ဦး၊ ဗဟိုခံစစ်မှူး တစ်ဦး၊ ကွင်းလယ်ခံစစ်ကစားသမားတစ်ဦးနှင့် တိုက်စစ်မှူးတစ်ဦး ခေါ်ယူအားဖြည့်နိုင်ခဲ့ပါက လာမည့် ပရီမီယာလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဆုဖလားရရှိရန် အခွင့်အရေးရှိလာမည်ဖြစ်ကြောင်း ဆက်လက်ပြောဆိုခဲ့သည်။

Sky Sports ရုပ်သံ၌ ဘောလုံးရေးရာကျွမ်းကျင်သူအဖြစ် လုပ်ကိုင်နေသူ အွန်နရီက အာဆင်နယ်နှင့် ချယ်လ်ဆီးအသင်းတို့ ဂိုးမရှိသရေကျခဲ့သည့် ပရီမီယာလိဂ်ပွဲအပြီးတွင် "အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ်ချန်ပီယံဆုဖလားကို တစ်ကျော့ပြန်ရရှိဖို့အတွက် ထိပ်တန်းတိုက်စစ်မှူးတစ်ဦး အပါအဝင် ကစားသမားသစ်လေးဦး ခေါ်ယူအားဖြည့်ဖို့ လိုအပ်နေတယ်လို့ ကျွန်တော်ထင်ပါတယ်။ ချယ်လ်ဆီးအသင်းက အာဆင်နယ်အတွက် အကောင်းဆုံးဥပမာပါပဲ။ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ ချယ်လ်ဆီးအသင်းဟာ အမှတ်ပေးချန်ပီယံဖြစ်ဖို့ ရုန်းကန်ခဲ့ရတယ်။ ဒါပေမယ့် ချယ်လ်ဆီးကို ဂိုးသမား ကော့တွိုက်စ်၊ နီမန်ဂျာမာတစ်၊ ဖာဘရီဂတ်စ်၊ ဒီယေဂိုကော်စတာတို့လို ကစားသမားတွေ ရောက်ရှိလာပြီးတဲ့နောက် ချယ်လ်ဆီးဟာ ပရီမီယာလိဂ်ဆုဖလားကို ပြန်လည်ရရှိဖို့ နီးစပ်နေပြီဖြစ်ပါတယ်"ဟု ပြောသွားသည်။

ဆက်လက်၍ အွန်နရီက "ဂီရောက်ဒ်ဟာ သူ့တာဝန်ကို အကောင်းဆုံး ထမ်းဆောင်နိုင်ခဲ့ပေမယ့် အာဆင်နယ်ဟာ ဂီရောက်ဒ်ကို အဓိကတိုက်စစ်မှူးအဖြစ် အသုံးပြုပြီး ပရီမီယာလိဂ်ချန်ပီယံဖြစ်နိုင်မလားလို့ မေးလာရင် ကျွန်တော့်အနေနဲ့ မထင်ဘူးလို့ဘဲ ဖြေရမှာပါ။ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ အာဆင်နယ်ဟာ အမှတ်ပေးဇယားရဲ့ထိပ်ပိုင်းမှာ ရပ်တည်နိုင်ခဲ့တယ်။ ဒါပေမယ့် လူတိုင်းက အာဆင်နယ်ဟာချန်ပီယံမဖြစ်နိုင်ဘူးလို့သာ ပြောခဲ့ကြပါတယ်" ဟု ပြောသွားသည်။

**ဂီရောက်ဒ်၏ ပရီမီယာလိဂ် စွမ်းဆောင်မှုမှတ်တမ်း**

| ရာသီ | ကစားသည့်ပွဲ | သွင်းဂိုး |
|---|---|---|
| ၂၀၁၂-၁၃ | ၃၄ ပွဲ | ၁၁ ဂိုး |
| ၂၀၁၃-၁၄ | ၃၆ ပွဲ | ၁၆ ဂိုး |
| ၂၀၁၄-၁၅ | ၂၀ ပွဲ | ၁၄ ဂိုး |